# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်    ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊    အတွဲ [၅၅]၊ အမှတ် [၀၆၄]


**အေးစေ မြဲစေ မေတ္တာရေ**

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွှန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှိမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

# အေးချမ်းတည်ငြိမ်ချောမွေ့စွာ တာဝန်လွှဲပြောင်းနိုင်ရေးနှင့် နိုင်ငံတော်အကြီးအကဲတာဝန်များ စနစ်တကျတာဝန်လွှဲပြောင်းပေးသည့် အစဉ်အလာကောင်းတစ်ခုထူထောင်နိုင်ရေး ဆွေးနွေး



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် တို့ တွေ့ဆုံ

**နေပြည်တော်    ဒီဇင်ဘာ    ၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ၂၀၁၅ ရွေးကောက်ပွဲအောင်မြင်မှုအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း ၂၀၁၂ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လွှတ်တော်နိုင်ငံရေးတွင် ပြန်လည်ပါဝင်လာနိုင်စေရန် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ပေးခဲ့ချိန်မှစတင်၍ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဆောင်ရွက်ခဲ့မှု၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတစွာ ကျင်းပပေးခဲ့မှုများအတွက် *စာမျက်နှာ ၃ ကော်လံ ၁* ✱

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## အဋ္ဌမတန်းနှင့် စတုတ္ထတန်းအတွက် စာတတ်မြောက်မှုစစ်ဆေးသည့်စာမေးပွဲများကို ပုံမှန်အတိုင်းသာပြုလုပ်မည်ဖြစ်ပြီး အကြိုစာမေးပွဲများ ပြုလုပ်မည်မဟုတ်

စာမျက်နှာ-၈

## မြန်မာ့ရေပိုင်နက်ထဲသို့ ဝင်ရောက်လာသည့် ထိုင်းငါးဖမ်းစက်လှေတစ်စင်း ဖမ်းဆီးရမိ

စာမျက်နှာ-၁၁




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မသန်စွမ်းအားလုံး စွမ်းအားမြှင့်တင်စို့

ကမ္ဘာပေါ်တွင် တစ်စုံတစ်ခုသော အခြေခံအကြောင်းတရားကြောင့် မသန်စွမ်းဖြစ်ကြရသူ အများအပြား ရှိပါသည်။ ကိုယ်လက်အင်္ဂါ မသန်စွမ်းဖြစ်သူ၊ အမြင်အာရုံ မသန်စွမ်းဖြစ်သူ၊ အကြားအာရုံမသန်စွမ်းဖြစ်သူ စသည်ဖြင့် အမျိုးမျိုးကွဲပြားလျက်ရှိပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ မသန်စွမ်းသူများမှာ နိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းရှိနေပါသည်။ မသန်စွမ်းမှုများတွင် မွေးရာပါကြောင့်ဖြစ်သလို အကြောင်းတစ်ခုခုကြောင့် ထိခိုက်ဒဏ်ရာရပြီး မသန်စွမ်းဖြစ်ရသည်လည်း ရှိပါသည်။ လူဦးရေသန်းခေါင်စာရင်းအရ မသန်စွမ်းရာခိုင်နှုန်းသည် အသက် ၄၀ အရွယ်တွင် စတင်မြင့်တက်လာပြီး အသက် ၆၅ နှစ်အထက်တွင် သိသိသာသာမြင့်တက်လာပါသည်။

ဤသို့ အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်ရသူများအား ကျွန်ုပ်တို့လူမှုကမ္ဘာမှ ဘေးဖယ်ထုတ်ထား၍မရပါ။ ၎င်းတို့ကို အားပေးရန်လိုပါသည်။ မြှင့်တင်ပေးရန်လိုပါသည်။ ကျွန်ုပ်တို့လူမှုအသိုက်အဝန်းအတွင်း မသန်စွမ်းဖြစ်လင့်ကစား အနည်းဆုံးစွမ်းနိုင်သည့်နည်းဖြင့် အားပေးပြီး လက်တွဲခေါ်ဆောင်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း မသန်စွမ်းသူများကို တစ်နည်းနည်းဖြင့် အားပေးကူညီရန် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ထားပါသည်။ ထိုနေ့ရောက်တိုင်း ဆောင်ပုဒ်တစ်ခုခုထုတ်ပြန်ပြီး မသန်စွမ်းသူများအား အားပေးကူညီရန် တိုက်တွန်းဆော်ဩလေ့ရှိပါသည်။ ယခုနှစ်ဆောင်ပုဒ်သည်ကား ''လူတိုင်းအကျုံးဝင်ဖွံ့ဖြိုးဖို့၊ မသန်စွမ်းအားလုံး စွမ်းအားမြှင့်တင်စို့'' ဟူ၍ ဖြစ်ပါသည်။ လူသည် သန်စွမ်းသည်ဖြစ်စေ၊ မသန်စွမ်းသည်ဖြစ်စေ ရည်မှန်းချက်၊ မျှော်လင့်ချက်တို့ဖြင့် ရှင်သန်ဖွံ့ဖြိုးနေရမည်ဖြစ်ပါသည်။ တိုးတက်မှုအခွင့်အလမ်းများ ရှိနေရမည်ဖြစ်ပါသည်။ မသန်စွမ်းဖြစ်၍ ဘဝမျှော်လင့်ချက်ပျောက်ဆုံးမသွားအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့အသေအချာစဉ်းစားကြည့်လျှင် မသန်မစွမ်းဟူ၍ မရှိပါ။ မသန်သော်လည်း စွမ်းကြသူများသာ ဖြစ်ပါသည်။ ကိုယ်အင်္ဂါချို့ယွင်း၍ မသန်စွမ်းနေလျှင် အမြင်အာရုံ၊ အကြားအာရုံများ သန်စွမ်းလျက်ရှိပါသည်။ မည်မျှပင် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ချို့ယွင်းနေလင့်ကစား လူတို့၏ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော ဦးနှောက်ရှိသူ လူသားများအဖြစ်ရှိနေဆဲဖြစ်ပါသည်။ မသန်စွမ်းသူများအားလုံးသည် တစ်ခုမဟုတ်တစ်ခုအစွမ်းရှိနေပါသည်။ ထိုစွမ်းသည့်ဘက်တွင် အားပေးကူညီပြီး လူ့အသိုက်အဝန်းအတွင်း ဝင်ဆံ့မှုပေးကာ မသန်စွမ်းသူများ၏ စွမ်းအားကို မြှင့်တင်ပေးသွားရမည်ဖြစ်ပါသည်။ အကြားအာရုံ ချို့တဲ့နေသူများကို အမြင်အာရုံနှင့်ဆိုင်သော လုပ်ငန်းနယ်ပယ် အသီးသီးတို့တွင်လည်းကောင်း၊ အမြင်အာရုံချို့တဲ့နေသူများကို အကြားအာရုံနှင့်လုပ်ရသော လုပ်ငန်းနယ်ပယ်တို့တွင် ပါဝင်ခွင့်ပေးခြင်းဖြင့် မသန်စွမ်းသူများ၏ ဘဝကိုမြှင့်တင်ပေးရာရောက်ပြီး မသန်စွမ်းအားလုံး၏ စွမ်းရည်ကို မြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

# တောင်တက်လမ်းအန္တရာယ်ကင်းစွာသွားလာနိုင်ရေး လမ်းချဲ့ထွင်

**နေပြည်တော် ဒီဇင်ဘာ ၂**

လားရှိုးမြို့မှ မန္တလေး-လားရှိုး-မူဆယ်လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၂၈ ရက်က ကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ်(၁၄၃/၃)နှင့် (၁၄၃/၄)အကြား တွင် ယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး တောင်နံရံများချဲ့ထွင်၍ လမ်းဖြောင့်စေရေး ဆောင်ရွက်ရန်အတွက် ယခုနှစ် ပွင့်လင်းရာသီတွင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ အမြန်ဆုံးဆောင်ရွက်ရန် မှာကြားခဲ့သည်။

ယင်းနောက် မိုင်တိုင်အမှတ်(၁၃၈/၅)နှင့် (၁၃၉/ ၀)အထိ ကုန်းသာရွာအဝင် အတက်အဆင်း မတ်စောက်သည့်လမ်းပိုင်းကို ယာဉ်များဘေး အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းသားနှိမ့်ချ၍ လမ်းပြင်ဆင်ခြင်း ဆောင်ရွက်ရန် အသေးစိတ်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေး-လားရှိုး-မူဆယ်လမ်းကို ဆက်လက်စစ်ဆေးရာ သီပေါ မြို့အဝင် မိုင်တိုင်အမှတ်(၁၂၉/၀)နှင့် (၁၂၉/၁)အကြား သီပေါမြို့ အထက(၁)ကျောင်းရှေ့၌ လမ်းအကွေ့အကောက်ဖြစ်ပြီး ယာဉ်များဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းဘေးဝဲ/ယာ လမ်းချဲ့ထွင်၍ လမ်းကြောင်း ဖြောင့်ဖြူးစေရန် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ကျောက်မဲခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ကျောက်မဲခရိုင်အတွင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ယင်းနောက် ကျောက်မဲမှ လားရှိုးမြို့ရှောင်လမ်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တိမ်ကောလာသောချောင်း ပြန်လည်တူးဖော်ပေးစေလို

**ထင်သာမြင်သာပြုပြင်စရာ**



မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်နှင့် ကျိုက္ကော်ရပ်ကွက်တို့ကို ဖြတ်သန်းစီးဆင်းနေသောချောင်းတွင် ပြည်သူတချို့ မဆင်မခြင် အမှိုက်များစွန့်ပစ်ခြင်းဖြင့် ချောင်းအတွင်း မြေနေရာကျူးကျော်တိုးချဲ့လာသည်ကိုလည်းတွေ့ရှိရသည်။

ယခုအခါ ချောင်းသည် တဖြည်းဖြည်း ကျဉ်းမြောင်းတိမ်ကောလာပြီး မိုးရာသီ မိုးများသည့်အချိန် ရေစီးရေလာမကောင်းတော့သဖြင့် သုဝဏ္ဏဝတီမြို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည်။

ထို့ကြောင့် အဆိုပါချောင်းကို ပြန်လည်တူးဖော်မည်ဖြစ်ကြောင်း ကြားသိရသော်လည်း ယခုအထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါချောင်းသည် သုဝဏ္ဏဝတီ မြို့မဈေးဘေးမှ ဖြတ်သန်းစီးဆင်းနေသဖြင့် မြို့ပြအင်္ဂါရပ်နှင့်အညီ သာယာလှပပြီး စည်းကမ်းရှိသော မြို့တစ်မြို့ ဖြစ်လာစေရန် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစလိုကြောင်း၊ ယခု ပွင့်လင်းရာသီအတွင်း ချောင်းတူးဖော် ဆယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါက နောင်လာမည့်နှစ်များတွင် ရေလွှမ်းမှုကို ကာကွယ်နိုင်မည်ဖြစ်၍ ဒေသခံပြည်သူများက တူးဖော်ပေးရန် ဆန္ဒရှိနေကြကြောင်း သိရသည် ။

**ခွန်(ဝင်းပ)**




# သွားဘက်ဆိုင်ရာဆေးပညာ တိုးတက်ပြန့်ပွားရေး ဂျပန်နိုင်ငံမှ ပါမောက္ခ ဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၂**

သွားဘက်ဆိုင်ရာ ဆေးပညာစဉ်ဆက်မပြတ် တိုးတက်ပြန့်ပွားရေးအစီအစဉ်အဖြစ် ဂျပန်နိုင်ငံ ဟီရိုရှီးမားတက္ကသိုလ်မှ ပါမောက္ခ မိုတိုယူကီဆူဂိုင်းသည် ယနေ့နံနက် ၉ နာရီက သွားဘက်ဆိုင်ရာဆေး တက္ကသိုလ်(ရန်ကုန်)၌ လာရောက်ဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ပါမောက္ခ မိုတိုယူကီဆူဂိုင်းက "The global spread of healthcare-associated antibiotic resistant bacteria" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ ဆရာဆရာမများ၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများနှင့် အလုပ်သင်ဆရာဝန်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် | ၇၂၀/၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၈၀ ကျပ် | ၈၄၀/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၈၀ ကျပ် | ၇၃၀/၇၅၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၅၇၀ ကျပ် |
| အောက်တိန်း၉၂ | ၅၇၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၅.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄.၂၅ |
| ထိုင်း | တစ်ဘတ် | ၃၆.၂၉၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၈ |
| တရုတ် | တစ်ယွမ် | ၂၀၃.၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉.၄၅ |

ခင်ရတနာ-စုစည်းသည်။



*** ရှေ့ဖုံးမှ**

နိုင်ငံတော်သမ္မတကြီးအား ကျေးဇူးတင်ရှိသည်ဟု ပြန်လည်ပြောကြားခဲ့သည်။

ထို့အပြင် နောင်ပေါ်ပေါက်လာမည့်အစိုးရကို အေးချမ်းတည်ငြိမ်ချောမွေ့စွာ တာဝန်လွှဲပြောင်းနိုင်ရေး၊ ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများ မရှိစေရေး နှစ်ဖက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရာတွင် ယခင်က အစဉ်အလာမရှိခဲ့သေးသည့် နိုင်ငံတော်အကြီးအကဲတာဝန်များ စနစ်တကျလွှဲပြောင်းပေးသည့် အစဉ်အလာကောင်းတစ်ခုထူထောင်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ■ နောင်ပေါ်ပေါက်လာမည့် အစိုးရကို အေးချမ်းတည်ငြိမ်ချောမွေ့စွာ တာဝန်လွှဲပြောင်းနိုင်ရေး ဆွေးနွေး



## တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့အား တွေ့ရစဉ်။

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**





**ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ၌ မီဒီယာများ၏မေးမြန်းမှုကို ရှင်းလင်းဖြေကြားစဉ်။**

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲမိုးလေဝသတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းမှ ရွေ့လျားလာသောလေနွေးများနှင့် တရုတ်နိုင်ငံပေါ်မှ ရွေ့လျားလာသောလေအေးများစုဆုံမှုကြောင့် ဒီဇင်ဘာ ၃ ရက်မှ ၅ ရက်အထိ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**(မိုး/ဇလ)**

# တရုတ်သမ္မတ ဇင်ဘာဘွေသို့ ပထမဆုံးအကြိမ်သွားရောက်၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်မည်ဟုဆို

**ဟာရာရေး ဒီဇင်ဘာ ၂**

နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုခိုင်မာအောင် တည်ဆောက်ရေးနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများ တိုးမြှင့်လုပ်ဆောင်ရန်အတွက် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဒီဇင်ဘာ ၁ ရက်က ဇင်ဘာဘွေနိုင်ငံသို့ တရားဝင်ခရီးအဖြစ် ရောက်ရှိလာသည်။

တရုတ်-ဇင်ဘာဘွေ သံတမန်ဆက်ဆံမှုထူထောင်သည့် ၃၅ နှစ်ပြည့် အခမ်းအနား ကျင်းပချိန် အဆိုပါအာဖရိကနိုင်ငံသို့ သမ္မတရှီအနေဖြင့် ပထမဆုံး အကြိမ်လာရောက်သည့် ခရီးစဉ်ဖြစ်သကဲ့သို့ ၁၉၉၆ ခုနှစ် နောက်ပိုင်း တရုတ်သမ္မတတစ်ဦးအနေဖြင့် ပထမဆုံးအကြိမ်လာရောက်လည်ပတ်မှုခရီးစဉ်လည်းဖြစ်သည်။

သမ္မတရှီနှင့်ဇနီးဖြစ်သူ ပန်လီယွမ်တို့အား ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီနှင့် ဇနီး ဂရေ့စ်မူဂါဘီတို့က နွေးထွေးစွာကြိုဆိုခဲ့ပြီး ဟာရာရေးလေဆိပ်၌ သေနတ် ၂၁ ချက်ပစ်ဖောက်၍ ဂုဏ်ပြုကြိုဆိုခဲ့သည်။

သမ္မတရှီအနေဖြင့် ဟာရာရေးသို့ ရောက်ရှိနေစဉ်အတွင်း သမ္မတရောဘတ်မူဂါဘီနှင့် တွေ့ဆုံဆွေးနွေးပြီး နှစ်နိုင်ငံအနေဖြင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ ငွေရေးကြေးရေး၊ ယဉ်ကျေးမှုနှင့် တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေး အစရှိသော ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးဖွယ်ရှိသည်။

မိမိတို့အနေဖြင့် တရုတ်-ဇင်ဘာဘွေဆက်ဆံရေးအပေါ် သမ္မတမူဂါဘီနှင့်အတူ နက်ရှိုင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြမည်ဖြစ်သကဲ့သို့ ဘုံစိုးရိမ်နေရသည့် ကမ္ဘာ့အရေး၊ ဒေသအရေးတို့ကိုလည်း ဆွေးနွေးကြမည်ဟု သမ္မတရှီ၏ရောက်ရှိကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။ **(ဆင်ဟွာ)**



# အိုင်အက်စ်တို့အား ချေမှုန်းရန် အီရတ်သို့ အမေရိကန်အထူးတပ်ဖွဲ့များ စေလွှတ်မည်

**ဝါရှင်တန် ဒီဇင်ဘာ ၂**

ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ရန်အတွက် အီရတ်သို့ အထူးတပ်ဖွဲ့ဝင်သစ်များ ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

အဆိုပါ အထူးတပ်ဖွဲ့အနေဖြင့် အီရတ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက် ခြင်းဖြစ်ပြီး အီရတ်အစိုးရလုံခြုံရေးတပ်များနှင့် ကာဒစ်အက်ရှ်မာဂါတပ်များကို အကူအညီပေးသွားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ပြောသည်။



"ဒီအထူးတပ်ဖွဲ့ဝင်တွေက ဝင်ရောက်စီးနင်းမှုတွေ၊ ဓားစာခံတွေ လွတ်မြောက်ဖို့၊ သတင်းအချက်အလက် စုဆောင်းဖို့နဲ့ အိုင်အက်စ်ခေါင်းဆောင်တွေဖမ်းမိဖို့ အချိန်ယူလုပ်ဆောင် သွားမှာဖြစ်ပါတယ်" ဟု ကာတာက အောက်လွှတ်တော်ဆိုင်ရာ လက်နက် ဝန်ဆောင်မှုကော်မတီသို့ ပြောကြားလိုက်သည်။

အီရတ်နိုင်ငံအနေဖြင့် ပြည်ပအကူအညီကို ကြိုဆိုကြောင်း၊ သို့သော် အီရတ်နိုင်ငံအတွင်း မည်သည့်တပ်ဖြန့်မှုကိုမဆို အီရတ်အစိုးရ၏ သဘောတူညီချက်ရယူရန် လိုကြောင်း အီရတ်ဝန်ကြီးချုပ် ဟိုက်ဒါအယ်လ်အဘာဒီ၏ ရုံးကြေညာချက်တွင် ဖော်ပြသည်။

နိုင်ငံခြားမြေပြင်တပ်များ အီရတ်နိုင်ငံ၌ မလိုအပ်ကြောင်း၊ သို့သော် အထူးတပ်များ ဖြန့်ကြက်ရေးနှင့် ပတ်သက်ပြီး ပြန်လည်သုံးသပ်ခဲ့ကြောင်း အဘာဒီက ထပ်လောင်းပြောကြားသည်။

သို့သော် အီရတ်၌ အင်အားတောင့်တင်းနေသော ရှီးယိုက်မွတ်စလင် လက်နက်ကိုင်အုပ်စုများက အီရတ်နိုင်ငံအတွင်း တပ်ဖြန့်မည့် အမေရိကန်တပ်များကို တိုက်ခိုက်သွားရန် သန္နိဋ္ဌာန်ချထားသည်ဟု ဆိုသည်။

**(ရိုက်တာ)**

# ယီမင်တောင်ပိုင်း မြို့နှစ်မြို့ အယ်လ်ခိုင်ဒါတို့ သိမ်းပိုက်

**အေဒင် ဒီဇင်ဘာ ၂**

လွန်ခဲ့သော လေးနှစ်က စစ်သွေးကြွများလက်သို့ ကျရောက်ခဲ့သော ယီမင်တောင်ပိုင်း အဓိကမြို့နှစ်မြို့ဖြစ်သည့် ဇင်ဂျီဘာနှင့် ဂျာအာမြို့များကို အယ်လ်ခိုင်ဒါအဖွဲ့က သိမ်းယူလိုက်ပြီဖြစ်ကြောင်း ဒေသခံတိုက်ခိုက်ရေးသမားများက ဒီဇင်ဘာ ၂ ရက်တွင် ပြောသည်။

အယ်လ်ခိုင်ဒါစစ်သွေးကြွများက ဒေသခံတပ်များနှင့် အပြင်းအထန် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း ဒေသခံများက ပြောသည်။ စစ်သွေးကြွများက အဆိုပါ မြို့အဝင်ဝများတွင် စစ်ဆေးရေးဂိတ်များ ထူထောင်ထားပြီး ယင်းမြို့ နှစ်မြို့စလုံးကို အယ်လ်ခိုင်ဒါက သိမ်းပိုက်ထားပြီဖြစ်ကြောင်း နံနက်အရုဏ် မတက်မီ လော်စပီကာများဖြင့် ကြေညာသည်။

အဆိုပါ မြို့များသည် အေဒင်ဆိပ်ကမ်းမြို့အရှေ့ဘက် မိုင် ၃၀ အကွာတွင် တည်ရှိသည်။ **(ရိုက်တာ)**

# အကြမ်းဖက်သမားလေးဦးကို ကြိုးပေးကွပ်မျက်

**အစ္စလမ္မာဘတ် ဒီဇင်ဘာ ၂**

ပါကစ္စတန်က လွန်ခဲ့သည့်နှစ်က ပက်ရှ်ဝါမြို့ အနောက်မြောက်ပိုင်း တပ်မတော်ကျောင်းတစ်ကျောင်း၌ ကလေး ၁၃၄ ဦးအား အစုအပြုံလိုက် သတ်ဖြတ်မှုတွင် ပါဝင်သော အမျိုးသားလေးဦးကို ဒီဇင်ဘာ ၂ ရက်တွင် ကွပ်မျက်လိုက်ပြီဖြစ်ကြောင်း မီဒီယာနှင့်လုံခြုံရေးသတင်းရပ်ကွက်က ပြောသည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုတွင်ပါဝင်သော အမျိုးသားလေးဦးကို ပါကစ္စတန်စစ်ခုံရုံးက ကြိုးပေးကွပ်မျက်ခဲ့ခြင်းဖြစ်သည်။ ယင်းအမျိုးသားများကို ခိုဟတ်မြို့ အကျဉ်းထောင်၌ ကွပ်မျက်ခံရကြောင်း လုံခြုံရေးသတင်းရပ်ကွက်က အတည်ပြုပြီးနောက် ယင်းသတင်း ထွက်ပေါ်လာခဲ့သည်။ **(ရိုက်တာ)**

# တူရကီသွင်းကုန် ရုရှားပိတ်ပင်

**မော်စကို ဒီဇင်ဘာ ၂**

ဆီးရီးယား တူရကီနယ်ပယ်အနီး ရုရှားစစ်လေယာဉ်တစ်စင်း လွန်ခဲ့သည့်အပတ်က ပစ်ချခံခဲ့ရခြင်းအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် တူရကီအား ပိတ်ဆို့ဒဏ်ခတ် အရေးယူမှုများပြုလုပ်မည့် ဆုံးဖြတ်ချက်အသေးစိတ်ကို ရုရှားအစိုးရက ဒီဇင်ဘာ ၁ ရက်က သဘောတူလိုက်သည်။

ဝန်ကြီးချုပ် မက်ဗီဒက်လက်မှတ်ရေးထိုးထားသော အဆိုပါ ဆုံးဖြတ်ချက်အရ ဇန်နဝါရီ ၁ ရက်မှစတင်ကာ တူရကီနိုင်ငံမှတင်သွင်းသည့် စားသောက်ကုန်များ၊ အသားငါးနှင့် ဟင်းသီးဟင်းရွက်များကို ပိတ်ပင်သွားမည်ဟုဆိုသည်။ **(ဆင်ဟွာ)**

# နေတိုးတပ် ၁၂၀၀ အာဖဂန်၌ ဆက်လက်ထားရှိမည်

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၂**

အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၁၆ ခုနှစ်တွင် လက်ရှိနေတိုးတပ်ဖွဲ့ဝင် ၁၂၀၀၀ ကို ဆက်လက်ထားရှိရန် နေတိုးနိုင်ငံခြားရေးဝန်ကြီးများက ဒီဇင်ဘာ ၁ ရက်က သဘောတူညီလိုက်သည်။

"ကျွန်တော်တို့အနေနဲ့ ၂၀၁၆ ခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံမှာ လက်ရှိတပ်ဖွဲ့ဝင် ၁၂၀၀၀ ကို ထပ်မံထားရှိဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်" ဟု နေတိုးအတွင်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးဂျင်စ်စတိုတန်ဘတ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ကြေညာသည်။

နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့သည် ၁၃ နှစ်ကြာ အာဖဂန်၌ စစ်ရေးဆောင်ရွက်ခဲ့ပြီး နောက် ၂၀၁၄ ခုနှစ်တွင် ယင်းတို့၏ တိုက်ခိုက်ရေးမစ်ရှင်အဆုံးသတ်ခဲ့သည်။ သို့သော်လည်း ဇန်နဝါရီ ၁ ရက်က စတင်ခဲ့သည့် နေတိုးမစ်ရှင်အသစ်သည် တပ်ဖွဲ့ဝင်များ သင်တန်းပေးရေး၊ အာဖဂန်လုံခြုံရေးတပ်များအား အကူအညီပေးရေးတို့အတွက် တပ်ဖွဲ့ဝင် ၁၂၀၀၀ ဆက်လက်ထားရှိခဲ့သည်။

နေတိုးနိုင်ငံခြားရေးဝန်ကြီးများက နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အာဖဂန်တပ်များ ရန်ပုံငွေထောက်ပံ့ပေးနိုင်ရေးအတွက်လည်း ဆွေးနွေးခဲ့ကြသည်။

**(ဆင်ဟွာ)**

# ယှဉ်ပြိုင်မှုဥပဒေအာဏာ တည်သည့်နေ့ရက်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၆၉/၂၀၁၅**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်
(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

**ယှဉ်ပြိုင်မှုဥပဒေအာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း**

၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ ဖြင့် ပြဋ္ဌာန်းခဲ့သော ယှဉ်ပြိုင်မှုဥပဒေသည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ) အရသတ်မှတ်လိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# (၆၅)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

❖ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
❖ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
❖ အမျိုးသားပညာရည်မြင့်မားရေး၊
❖ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး။



## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေးဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၃/၂၀၁၅) တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံးခန်းမ၌ ဆက်လက်ကျင်းပရာ **(အပေါ်ပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၀၆ ဦး တက်ရောက်သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်သို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြထားသော မေးခွန်း ရှစ်ခုကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခဲ့သည်။

ယင်းနောက် လွှတ်တော်ပထမနေ့တွင် တင်သွင်းခဲ့သော အဆိုနှစ်ရပ်အား ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအဖွဲ့အစည်းဝင်များက ရှင်းလင်းခြင်း၊ အဆိုတစ်ရပ်ကို မှတ်တမ်းတင်ခြင်း၊ အဆိုတစ်ရပ်ကို လွှတ်တော်၏ သဘောဆန္ဒရယူ၍ အဆိုအတည်မဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

နောက်ထပ်လာချင်ပါသေးတယ်။ အနည်းဆုံး တစ်ပတ် လောက်နေချင်တာ။ မြန်မာတွေက အလွန်ပဲယဉ်ကျေးကြတယ်၊ ရိုးသားကြတယ်၊ ဖော်လည်းဖော်ရွေကြတယ်။ ယူနီဖောင်းလေးတွေကအစ မြန်မာဝတ်စုံလေးဝတ်နေကြတာတွေ့ရတယ်။ အားကျမိတယ်။ ကျွန်မတို့နိုင်ငံကိုလည်း အခုလိုဖြစ်စေချင်ပါတယ်”ဟု ငုရင်ထရန်ဟုရန်မေက ပြောသည်။

ငုရင်ထရန်ဟုရန်မေသည် မြန်မာမီဒီယာဆဲဗင်းက ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာ-ဗီယက်နမ် ပေါင်းစပ်ရိုက်ကူးမည့်ဇာတ်ကား၌ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီနေတိုးနှင့် လာရောက်တွဲဖက်ရိုက်ကူးမည်ဖြစ်ပြီး မင်းသမီးငုရင်ထရန်ဟုရန်မေသည် Miss Universe Vietnam 2014 ၏ 1st Runner Up ဆုရှင်တစ်ဦးဖြစ်ကာ Miss Universe Myanmar 2014 သျှားထွဋ်အိန္ဒြာ၏ သူငယ်ချင်းဖြစ်ခဲ့ကာ မြန်မာနိုင်ငံကို စိတ်ဝင်စား၍ ပြီးခဲ့သည့် နှစ်နှစ်ကျော်ကာလက လာရောက်လည်ပတ်ခဲ့ဖူးကြောင်း သိရသည်။

“ကျွန်မကို မြန်မာနိုင်ငံမှာ ရုပ်ရှင်ရိုက်ကူးခွင့်ပေးဖို့ ကမ်းလှမ်းတဲ့ မြန်မာမီဒီယာဆဲဗင်းကို အလွန်ပဲ ကျေးဇူးတင်ပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားကြီးက ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးဇာတ်ကားကြီးလည်း ဖြစ်ပါတယ်။ အခုလို မြန်မာနိုင်ငံရဲ့ နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ကိုနေတိုးနဲ့လည်း တွဲဖက်ရိုက်ကူးခွင့်ရလို့ အလွန်ပဲဝမ်းသာပါတယ်”ဟု ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲတွင် ပြောကြားသည်။

“အခုလာမယ့် ၂၀၁၆ ခုနှစ်ထဲမှာ တစ်မူကွဲထွက်တဲ့ ရုပ်ရှင်ဇာတ်ကားကြီးတစ်ကားကို ဖန်တီးချင်တယ်။ အခုရိုက်မယ့်ဇာတ်ကားက တစ်မူကွဲထွက်ပြီး အချစ်ဒရမ်မာဇာတ်ကားဖြစ်မလား၊ ပရဟိတအချစ်ဇာတ်လမ်းလေးဖြစ်မလားဆိုတာတော့ အခု ကိုနေတိုးနဲ့ မင်းသမီးတို့ ညှိနေကြတယ်။ ဒီဇာတ်ကားကို ဖေဖော်ဝါရီလထဲ စရိုက်ဖြစ်မယ်။ တစ်လအတွင်းပဲ အပြီးရိုက်မှာပါ။ ဒါရိုက်တာကတော့ ထိုင်းကဒါရိုက်တာနဲ့ မြန်မာက ဒါရိုက်တာ တစ်ဦးနဲ့ တွဲဖက်ရိုက်ကူးသွားဖို့ စီစဉ်ထားပါတယ်”ဟု မြန်မာမီဒီယာဆဲဗင်းမှ ဥက္ကဋ္ဌ ကိုဝေမင်းမောင်က ပြောသည်။

ယခုရိုက်ကူးမည့် မြန်မာ-ဗီယက်နမ် ရုပ်ရှင်ဇာတ်ကားကြီးကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရိုက်ကူးသွားမည်ဖြစ်ပြီး ဗီယက်နမ်ရုပ်သံလိုင်းများတွင်လည်း ပြသသွားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ဗီယက်နမ်မင်းသမီး ငုရင်ထရန်ဟုရန်မေသည် မြန်မာနိုင်ငံသို့ ဒီဇင်ဘာ ၁ ရက် ညနေပိုင်းက ဗီယက်နမ်လေကြောင်းဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ယနေ့နံနက်ပိုင်းတွင် မြန်မာတို့၏ အထွတ်အမြတ်ထားရာ ရွှေတိဂုံစေတီသို့ သွားရောက်ဖူးမြော်ခဲ့ပြီး နေ့ခင်းပိုင်းတွင် မီဒီယာများနှင့်တွေ့ဆုံကာ ညပိုင်းတွင် ဗီယက်နမ်လေကြောင်းလိုင်းဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မယ်စကြဝဠာ ၂၀၁၅ ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံအလှမယ် မေဘရဏီသော် ကယန်းဝတ်စုံဖြင့်ယှဉ်ပြိုင်မည်

**တင်မောင်လွင်(မြန်မာ့အလင်း)**

နေပြည်တော် ဒီဇင်ဘာ ၂

**အမေရိကန်နိုင်ငံ၌ ကျင်းပမည့် Miss Universe 2015 ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် Miss Universe Myanmar 2015 အလှမယ် မေဘရဏီသော်က မြန်မာတိုင်းရင်းသား လူမျိုးစုတစ်ခုဖြစ်သော ကယန်းတိုင်းရင်းသားရိုးရာဝတ်စုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။**

မြန်မာအလှမယ် မေဘရဏီသော်သည် Miss Universe 2015 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ဒီဇင်ဘာ ၁ ရက်က အမေရိကန်နိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည်။

အဆိုပါ Miss Universe 2015 ပြိုင်ပွဲတွင် ကယန်းလူမျိုးများ၏ ရိုးရာဝတ်စုံနှင့် ယှဉ်ပြိုင်သွားမည့် အလှမယ် မေဘရဏီသော်က ဒီဇိုင်နာအနေဖြင့် ရှေးနှစ်ပေါင်းများစွာတွင် ကယန်းလူမျိုးများ၏ ဝတ်စားဆင်ယင်မှုကို စိတ်ကူးအိပ်မက်ကလေးအဖြစ် ပုံဖော်ဖန်တီးထားခြင်းဖြစ်သော်လည်း အဆိုပါဝတ်စုံလေးသည် ကယန်းလူမျိုးများ၏ ရိုးရာဝတ်စုံကိုလည်း လုံးဝသွေဖည်သွားခြင်းမျိုးမဟုတ်ကြောင်း၊ မိမိအနေဖြင့် အလွန်သဘောကျနှစ်သက်ကြောင်း၊ သူ၏လူမှုကွန်ရက်စာမျက်နှာပေါ်တွင်လည်း ကယန်းလူမျိုးများက သဘောကျသည့်အကြောင်းကို စာတွေရေးပို့ပေးထားကြောင်း၊ ကယန်းလူမျိုးများက ၎င်းတို့ဝတ်စုံကို ကမ္ဘာ့အလယ်တွင် ချပြပေးသည့်အတွက် ၎င်းတို့အနေဖြင့် အလွန်ဝမ်းသာသည်ဟု ရေးသားဖော်ပြထားကြောင်း၊ အားပေးတဲ့ပရိသတ်ကြီးကို အလွန်ကျေးဇူးတင်သကဲ့သို့ နိုင်ငံကိုယ်စားပြုအနေဖြင့် အကောင်းဆုံးကြိုးစားသွားမည်ဟုပြောကြားထားကြောင်း လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် မီဒီယာများအား ဖြေကြားသည်။

အဆိုပါ ကယန်းတိုင်းရင်းသားရိုးရာဝတ်စုံ ပြင်ဆင်ခဲ့မှုအပေါ် ကျေနပ်အားရမှုနှင့် ယုံကြည်မှုအပြည့်အဝရှိကြောင်းကို မေဘရဏီသော်က ဒီနှစ်ပြိုင်ပွဲက အများကြီးပြင်ဆင်ချိန်ရကြောင်း၊ ယခင်နှစ်က အချိန်နီးကပ်နေသည့်အတွက် အဝတ်အစားတွေကိုလည်း အဆင်ပြေသလို ယူသွားရကြောင်း၊ ဒီဇိုင်နာတွေအနေဖြင့် ကူညီချင်သော်လည်း မကူညီနိုင်ခဲ့ကြောင်း၊ ယခုအခါတွင် ဒီဇိုင်နာများကလည်း တကယ့်ကို အားထည့်ကူညီပေးခဲ့ကြောင်း၊ Organization ကလည်း ကြိုးကြိုးစားစား လုပ်ပေးကြောင်း၊ မိသားစုရဲ့ပံ့ပိုးမှုလည်း ပါဝင်သဖြင့် ယုံကြည်မှုအပြည့်ရှိလာကြောင်း အမေရိကန်သို့မထွက်ခွာမီ မီဒီယာများသို့ ပြောကြားခဲ့သည်။

ကယန်းတိုင်းရင်းသားများ၏ဝတ်စုံကို ရိုးရာမပျက်ဘဲ ပိုမိုခမ်းနားအောင် တီထွင်ဖန်တီးထားကြောင်း၊ ဝတ်စုံတွင် ပါဝင်သည့်ပစ္စည်းများမှာ ကြေးထည်၊ ကျောက်စိမ်း၊ ရွှေစစ်ချထားသောဘင်ဂျို၊ ရွှေစီးကွင်းလေးများနှင့် တီထွင်ထုံးဖွဲ့ထားသောဆံထုံးနှင့် ဆံပင်အားလုံးကိုလည်း အနုစိတ်မြန်မာလက်မှုပညာများဖြင့်သာ တီထွင်ဖန်တီးထားကြောင်း သိရသည်။

ထို့အပြင် ဦးခေါင်းတွင်ပန်ဆင်မည့် ဆံထိုးနှင့် ပန်းကိုလည်း ကျောက်စိမ်းနှင့်မဟူရာတွဲဖက်လျက် ရိုးရာမပျက် တီထွင်ဖန်တီးပေးထားခြင်းဖြစ်ပြီး ကြေးအစစ်နှင့် တီထွင်ထားသည့်အတွက် အနည်းငယ်လေးသော်လည်း အားတင်းပြီး ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်ကို ဝင့်ကြွားစွာ ဖော်ဆောင်နိုင်အောင် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားနိုင်လိမ့်မည်ဟု ချစ်သည့်ပရိသတ်များက မျှော်လင့်လျက်ရှိကြောင်း သိရသည်။


ဓာတ်ပုံ-စိုးယုဝေ (FB)

အဆိုပါပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် Preliminary Competition ပြုလုပ်မည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် Dress Rehearsal ပြုလုပ်မည်ဖြစ်ကြောင်း၊ ညနေ ၄ နာရီတွင် Miss Universe 2015 အလှမယ် နောက်ဆုံးရွေးချယ်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Miss Universe 2015 ပြိုင်ပွဲကြီးကို အမေရိကန်နိုင်ငံ Las Vegas မြို့ရှိ Planet Hollywood Resort & Casino ၌ ဒီဇင်ဘာ ၂၀ ရက်တွင် ခမ်းနားစွာ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲသို့ နိုင်ငံပေါင်း ၈၁ နိုင်ငံမှ အလှမယ် ၈၁ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

# မသန်စွမ်းသူတို့ဘဝလှပဖို့ ဝိုင်းဝန်းကူညီစို့

တက္ကသိုလ်ပွင့်သူအောင်




ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) သည် မသန်စွမ်းသူများကို ကူညီစောင့်ရှောက်ပေးနိုင်ရန် ၁၉၈၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနှစ်အဖြစ် လည်းကောင်း၊ ၁၉၈၂ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ ဆယ်စုနှစ်အဖြစ် လည်းကောင်း သတ်မှတ်ခဲ့သည်။ မသန်စွမ်းသူများကို စာနာထောက်ထားရေး၊ စိတ်ဓာတ်မြှင့်တင်ရေးနှင့်ဂုဏ်သိက္ခာမြှင့်တင်ရေးတို့အတွက် ရည်ရွယ်၍သတ်မှတ်ခဲ့ခြင်း ပင်ဖြစ်သည်။ ထို့အပြင် ၁၉၉၃ ခုနှစ် (၄၈) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ နှစ်စဉ်ဒီဇင်ဘာလ ၃ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့" (INTERNATIONAL DAY OF PERSONS WITH DISABILITIES) နေ့အဖြစ် သတ်မှတ်ခဲ့ရာ ယခုနှစ်တွင် ၂၃ နှစ်မြောက်ခဲ့ပြီဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် သန်စွမ်းသူများနည်းတူ တန်းတူအခွင့်အရေးရရှိစေရန်၊ ဂုဏ်သိက္ခာနှင့် စိတ်ဓာတ်အင်အားများ မြင့်မားလာရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့မှစ၍ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် ၂၂ နှစ်ရှိပြီဖြစ်သည်။

ကမ္ဘာနှင့်အဝန်းဖြစ်ပေါ်နေဆဲဖြစ်သည့် ပဋိပက္ခများ၊ ကမ္ဘာကြီးပူနွေးမှုနှင့် ဆက်စပ်သော ရာသီဥတုပြောင်းလဲနေမှုကြောင့်ဖြစ်ပွားလာသည့် သဘာဝ ဘေးအန္တရာယ်များ၊ မတော်တဆမှုများစသည်တို့မှာ ယနေ့ကမ္ဘာပေါ်တွင် မသန်စွမ်းဖြစ်မှုနှုန်းထားကို မြင့်တက်စေလျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) ၏ စာရင်းများအရ လည်းကောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) ၏ ထုတ်ပြန်ချက်များအရလည်းကောင်း၊ ကမ္ဘာ့လူဦးရေသန်းပေါင်း ၇၀၀၀ ကျော်၏ ၁၅ ရာခိုင်နှုန်းမှာ မသန်စွမ်းသူများဖြစ်သည်။ ထို့အပြင် မသန်စွမ်းမှုသည် ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်လျက်ရှိသည်။ မသန်စွမ်းသူများထဲမှ ၈၀ ရာခိုင်နှုန်းခန့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ နေထိုင်လျက်ရှိပြီး အိမ်ထောင်စုများ၏ ၃၀ ရာခိုင်နှုန်းခန့်သာ မသန်စွမ်းသူတို့ကို ပြုစုစောင့်ရှောက်ကြသည့် မိသားစုဝင်များဖြစ်ကာ မသန်စွမ်းသူများနှင့်တိုက်ရိုက်ထိတွေ့ပတ်သက်ကြသော သူများဖြစ်ကြသည်။ မသန်စွမ်းသူများ၏ ဘဝတွင်ခံစားတွေ့ကြုံနေရသည့် အခက်အခဲ၊ အတားအဆီးများသည် ၎င်းတို့၏ "မပြည့်စုံမှု" ကြောင့် မဟုတ်ဘဲ ၎င်းတို့ရင်ဆိုင်ကြုံတွေ့နေရသည့် "ပတ်ဝန်းကျင်မှ အတားအဆီး" များကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးခြင်း၊ မသန်စွမ်းမှုနှင့် သဟဇာတဖြစ်မည့် အတားအဆီးကင်းသည့် (Barrier Free) ပတ်ဝန်းကျင်အခြေအနေများကို ဖန်တီးဖော်ဆောင်ပေးခြင်း စသည်တို့ကိုဆောင်ရွက်ပေးခြင်းအားဖြင့် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်ပိုမို မြင့်မားလာ၍ လူနေမှုဘဝများတိုးတက်မြင့်မားလာသဖြင့် ၎င်းတို့၏ဘဝမှာ ပျော်ရွှင်ချမ်းမြေ့စွာရပ်တည်နေထိုင်နိုင်မည်ဖြစ်သည်။ ယခင်က မသန်စွမ်းသူများသည် သနားစရာကောင်းပြီး အမြဲတမ်းကူညီဖေးမရန် လိုအပ်နေသူများဟု ထင်မှတ်ခဲ့ကြသော်လည်း ယနေ့မျက်မှောက်ခေတ်တွင် မသန်စွမ်းမှုနှင့် မသန်စွမ်းသူများ၏ အရေးကိစ္စများကို ရှုထောင့်အသစ်၊ အမြင်သစ်များနှင့် သိရှိနားလည်သဘောပေါက်ရန် ကြိုးစားဆောင်ရွက်လာကြပြီဖြစ်သည်။ အထူးသဖြင့် ပြည်သူအများစုသည် မသန်စွမ်းသူများအပေါ် မသိနားမလည်ခြင်း၊ လျစ်လျူရှုခြင်း၊ အယူသီးခြင်းနှင့်ကြောက်ရွံ့စိုးရိမ်ခြင်းများကြောင့် အထီးကျန်ဘဝကိုရောက်ခဲ့ရသည့် မသန်စွမ်းသူများ၏ အရေးကိစ္စမှသည် ယခုအချိန်တွင် ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင်နိုင်ငံတကာက အထူးအာရုံစိုက်လာသော ကိစ္စတစ်ခုဖြစ်လာခဲ့သည်။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၈၂ ခုနှစ်တွင် "မသန်စွမ်းသူများဆိုင်ရာ ကမ္ဘာ့လုပ်ငန်းစဉ်" ကို လည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် "မသန်စွမ်းသူများအတွက် အခွင့်အရေးညီမျှခြင်းဆိုင်ရာ စံပြုအပ်သောစည်းမျဉ်းများ" ကိုလည်းကောင်း အသီးသီးချမှတ်ပေးခဲ့သည်။ သို့ရာတွင် လက်တွေ့နယ်ပယ်၌ မသန်စွမ်းသူများ၏အခွင့်အရေးကိုမျှော်မှန်းထားသည့်အတိုင်း ကာကွယ်မြှင့်တင်ပေးနိုင်မှုအားနည်းခဲ့သည်။ ထို့ကြောင့် စစ်မှန်သော မသန်စွမ်းအခွင့်အရေးများကို စွမ်းဆောင်ပေးနိုင်ရန်အတွက် (၆၁) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက "ကုလသမဂ္ဂမသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးများသဘောတူစာချုပ်" (United Nations Convention on the Rights of Persons with Disabilities-UNCRPD) ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့သည်။ ယင်းစာချုပ်၌ စာပိုဒ်ပေါင်း ၅၀ ပါဝင်ပြီး မသန်စွမ်းသူများ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအားလုံး ပါဝင်ကာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံရှိသည့်အနက် ဤသဘောတူစာချုပ်ကို လက်မှတ်ထိုးပြီးသော နိုင်ငံပေါင်း ၁၅၄ နိုင်ငံရှိပြီး အတည်ပြုပြီးသည့် နိုင်ငံ ၁၂၆ နိုင်ငံရှိပြီဖြစ်သည်။ ထို့အပြင် အာရှနှင့်ပစိဖိတ်ဒေသ၌ လူဦးရေသန်းပေါင်း ၆၅၀ ခန့်ရှိသည့်အနက် မသန်စွမ်းသူအများစုသည် ဆင်းရဲနွမ်းပါးနေကြသည်။ ထို့ကြောင့် "UN-ESCAP" ၏ဦးဆောင်မှုဖြင့် မသန်စွမ်းသူများအတွက် ဆယ်စုနှစ်ရည်မှန်းချက်များ (၁၉၉၃-၂၀၀၂) ကို ရည်မှန်းချက်များချမှတ်ပြီး မူဝါဒလမ်းစဉ်များချမှတ်ရေးနှင့်ဆေးပညာရှုထောင့်မှ အမြင်ဟောင်းများ တွန်းလှန်ပယ်ဖျက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ထို့နောက် ဒုတိယဆယ်စုနှစ်(၂၀၀၂-၂၀၁၂) တွင် မသန်စွမ်းသူများနှင့်ပတ်သက်သော ဥပဒေများပြဋ္ဌာန်းခြင်းကို နိုင်ငံတိုင်း၌ ဆောင်ရွက်ရန် အခန်းကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်ခဲ့သည်။ ထို့အပြင် ၂၀၁၂ ခုနှစ် နိုဝင်ဘာလက အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) က ဦးစီးပြီး မသန်စွမ်းသူများဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၌ ကျင်းပခဲ့သည်။ ထို့နောက် ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် တတိယ အာရှ-ပစိဖိတ်ဆယ်စုနှစ်မဟာဗျူဟာရည်မှန်းချက် (၁၀) ရပ် (Incheon Strategy 2013-2022) ကို ဆွေးနွေးချမှတ်ခဲ့သည်။ ယင်းရည်မှန်းချက်များကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ၌ ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်ပြအတည်ပြုချက်ရယူခဲ့သည်။

အင်ချွန်းမဟာဗျူဟာရည်မှန်းချက် (၁၀) ရပ်မှာ မသန်စွမ်းသူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့်အလုပ်အကိုင်ရရှိရေး၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ရရှိရေး၊ အများပြည်သူအသုံးပြုနိုင်သည့်နေရာများတွင် အလွယ်တကူ ဝင်ရောက် အသုံးပြုနိုင်ရေး၊ လူမှုရေးအကာအကွယ်ပိုမိုရရှိရေး၊ မသန်စွမ်းကလေးများ ပညာသင်ကြားခွင့်ပိုမိုရရှိရေး၊ အမျိုးသား အမျိုးသမီး တန်းတူမှုရရှိရေး၊ သဘာဝဘေးအန္တရာယ်လျှော့ချရေးတွင် ပါဝင်ဆောင်ရွက်ရေး၊ မသန်စွမ်းမှုဆိုင်ရာ သတင်းအချက်အလက်များပိုမိုရရှိရေး၊ မသန်စွမ်းသူ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (UNCRPD)အကောင်အထည်ဖော်မှု မြှင့်တင်ရေးနှင့် ဥပဒေများပြဋ္ဌာန်းရေးဒေသအဆင့်၊ ဒေသခွဲအဆင့်နှင့် နိုင်ငံတကာအဆင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ပင်ဖြစ်သည်။ ယင်းရည်မှန်းချက်(၁၀)ရပ်အောင်မြင်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများက အစိုးရကိုယ်စားလှယ် ၅၀ ရာခိုင်နှုန်းနှင့်မသန်စွမ်းသူများအရေး ဆောင်ရွက်နေသော အဖွဲ့များမှ ၅၀ ရာခိုင်နှုန်းပါဝင်သည့် လုပ်ငန်းအဖွဲ့ (Working Group)ကို ဖွဲ့စည်းခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ မသန်စွမ်းမှုစစ်တမ်းကို ၂၀၀၈ခုနှစ်တွင် ကောက်ယူခဲ့ရာ နိုင်ငံလူဦးရေ၏ ၂ ဒသမ ၃၂ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြောင်းတွေ့ရသည်။ နိုင်ငံတော်အစိုးရသည် မသန်စွမ်းသူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူ့အသိုက်အဝန်းအတွင်း တန်းတူ ရည်တူပါဝင်ခွင့်ရရှိရန် မသန်စွမ်းသူများအတွက် လုပ်ငန်းစီမံချက် (၂၀၁၀-၂၀၂၀) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂(က) တွင်"နိုင်ငံတော်သည်မသန်စွမ်းသူများကိုကြည့်ရှုစောင့်ရှောက်ရမည်"ဟု အတိအလင်းပြဋ္ဌာန်းပေးခဲ့ပြီး မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ရန်မသန်စွမ်းမှု စာရင်းဇယားကောက်ယူမှုလုပ်ငန်းကို လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်၍ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးပူးပေါင်းဆောင်ရွက်နေသော" The Leprosy Mission International-TLMI "အဖွဲ့နှင့် ပူးပေါင်း၍ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းသင့်ဒေသများအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အိမ်ထောင်စုပေါင်း ၁၈၀၀၀၀ တွင် ကောက်ယူပြီး စစ်တမ်း (၂၀၀၈-၂၀၀၉)ကိုပြုစုခဲ့သည်။ ယင်းမသန်စွမ်းမှု (၂၀၀၈-၂၀၀၉)အခြေခံစစ်တမ်းအရနိုင်ငံလူဦးရေ၏ ၂ ဒသမ ၃၂ ရာခိုင်နှုန်းဖြစ်သော ၁ ဒသမ ၃ သန်း ခန့်သည် မသန်စွမ်းသူများဖြစ်ကြောင်းတွေ့ရသည်။ ယင်းအထဲမှ ၇၀ ရာခိုင်နှုန်းခန့်သည် လှုပ်ရှားသွားလာမှုခက်ခဲသူများဖြစ်ကြပြီး ကျန် ၃၀ ရာခိုင်နှုန်းသည် အသိဉာဏ်ခံစားမှုမသန်စွမ်းသူများဖြစ်ကြသည်။

တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုသည့် လောကပါလတရားများ ထွန်းကားရှင်သန်နေသော မြန်မာနိုင်ငံတွင် မသန်စွမ်းသူများအား နိုင်ငံတော်က ကြည့်ရှုစောင့်ရှောက်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း မသန်စွမ်းသူများ၏ လူနေမှုဘဝတစ်ဆင့်ပြီး တစ်ဆင့်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်နေကြသည်။ မိသားစုတစ်စုတွင် မသန်စွမ်းသော သားသမီးတစ်ဦးပါရှိလာပါကအခြားသားသမီးများထက်ပို၍ ဂရုစိုက်ပြုစုရလေ့ရှိသည်။ အခြားသားသမီးများကို ပြုစုပျိုးထောင်ပေးသကဲ့သို့ မသန်စွမ်းသူ သားသမီးကိုလည်း ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ ပညာသင်ကြားချိန် ပညာသင်ကြားနိုင်ရန်၊ အလုပ်ခွင်ဝင်ရောက်ချိန်တွင် အလုပ်လုပ်ကိုင်နိုင်ရန် အတွက် ပြုစုပျိုးထောင်သင်ကြားပေးရမည်ဖြစ်သည်။

လူ့အသိုင်းအဝိုင်းအတွင်း မသန်စွမ်းသူများကို အများနည်းတူလှုပ်ရှားသွားလာနိုင်ရန်နှင့် နေ့စဉ်လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ဦးစားပေးဆောင်ရွက်ရမည်မှာ လူသားတိုင်းထားရှိသင့်သည့် တာဝန်ပင်ဖြစ်သည်။ လူတိုင်း လူတိုင်းနှင့် အကျုံးဝင်ဖွံ့ဖြိုးစေရန် မသန်စွမ်းအားလုံး၏စွမ်းအားကို မြှင့်တင်ပေးရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၌ မသန်စွမ်းသူများအတွက် အထူးကျောင်းခြောက်ကျောင်းဖွင့်လှစ်ထားရှိပြီးဖြစ်သည့်အပြင် ပိုမိုပြည့်စုံအောင် ဆောင်ရွက်နိုင်ရေးအတွက် မန္တလေးမြို့၌ မသန်စွမ်း သက်ငယ်သင်တန်းကျောင်း တစ်ကျောင်းနှင့် ရန်ကုန်မြို့၌ နားမကြားသောကလေးများအတွက် တစ်ကျောင်း ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံ၌ ၁၉၅၈ ခုနှစ် မသန်မစွမ်းဖြစ်လာသူများ အလုပ်ရရှိရေးအက်ဥပဒေ ပြဋ္ဌာန်းပေးခဲ့ပြီး ယင်းဥပဒေသည် မြန်မာနိုင်ငံ၏ ပထမဆုံး မသန်စွမ်းသူများဆိုင်ရာ ဥပဒေဖြစ်သည်။ ယင်းဥပဒေကို ၁၉၅၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့၌ ပြဋ္ဌာန်းခဲ့သည်။ မသန်စွမ်းသူများအတွက် ဆေးဝါးကုသခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ယူခွင့်၊ အလုပ်အကိုင်ရရှိရေးအတွက် မှတ်ပုံတင်ခြင်း၊ အလုပ်အကိုင်ရရှိခွင့်တို့အတွက် ပြဋ္ဌာန်းပါရှိသည်။ ထိုနည်းတူ ၁၉၉၃ ခုနှစ် ကလေးသူငယ်အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေပုဒ်မ ၁၈ ၌ မသန်စွမ်းကလေးများသည် နိုင်ငံတော်၏အထူးစောင့်ရှောက်မှုနှင့် ကူညီပံ့ပိုးမှုများကို ရပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းပေးထားသည်။

ထို့အပြင် မသန်စွမ်းသူများအရေးကို ဆောင်ရွက်ရာတွင် ရပ်ရွာအခြေအနေ ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် မသန်စွမ်းသူများ၏ ဘဝခရီးလမ်းသာယာလှပစေသည်။ ယင်းလုပ်ငန်းများရေရှည်ရှင်သန်ဖွံ့ဖြိုးရေးသည် အရေးပါလှသဖြင့် မြန်မာနိုင်ငံ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် "Latter Day Saint Charities (Myanmar) " လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် မြန်မာနိုင်ငံကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းအစရှိသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများကလည်း တစ်ဖက်တစ်လမ်းမှ မသန်စွမ်းသူများ၏ အရေးကိစ္စကို ကူညီဆောင်ရွက်ပေးကြသည်။

မြန်မာနိုင်ငံ၌ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မသန်စွမ်းသူများ အတားအဆီးကင်းစွာ (Barrier-Free) လှုပ်ရှားသွားလာမှုရရှိခံစားခွင့်၊ မသန်စွမ်းသူများ လူ့အသိုင်းအဝိုင်းအတွင်း အပြည့်အဝပါဝင်ခွင့်အစရှိသည်တို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများသည် အထောက်အကူပြုသူများဖြစ်လာစေခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်က ကျင်းပခဲ့သော (၇)ကြိမ်မြောက် အာဆီယံပါရာဂိမ်းပြိုင်ပွဲကြီး၌ မြန်မာနိုင်ငံ၌ မသန်စွမ်းအားကစားမောင်မယ်များသည် ရွှေတံဆိပ် ၃၄ ခု၊ ငွေတံဆိပ် ၂၆ ခုနှင့် ကြေးတံဆိပ် ၃၆ ခုရရှိကာ နိုင်ငံအလိုက် ပဥ္စမရရှိခဲ့သည်။ ထို့ကြောင့် မသန်စွမ်းအားကစားမောင်မယ်များ၏ အားကစားထူးချွန်မှုစွမ်းရည်ဖြင့် ကမ္ဘာကြီးကို စိတ်ဓာတ်ခွန်အားနှင့် စိတ်လှုပ်ရှားမှုများ ပေးနိုင်ခဲ့ပြီဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ရောက်တိုင်း အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်များကို သတ်မှတ်ပေးခဲ့သည်။ ၂၀၁၀ ပြည့်နှစ်ဆောင်ပုဒ်အဖြစ် "ထောင်စုနှစ်ရည်မှန်းချက်များမှာ မသန်စွမ်းသူများအရေးထည့်သွင်းဖို့ရာ၊ ပြုထားကတိတည်ကြပါ" (Keeping the Promise, Mainstreaming Disability in the Millennium Development Goals to wards 2015 and beyond) ဟူ၍လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဆောင်ပုဒ်အဖြစ် "လူတိုင်းအကျုံးဝင် ပါဝင်ဖို့ အတားအဆီးရပ်လို့ တခါးဖွင့်စို့" (Break barries,open doors,for an inclusive society for all) ဟူ၍လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဆောင်ပုဒ်အဖြစ်" စဉ်ဆက်မပြတ်ဖွံ့ဖြိုး အောင် နည်းပညာစွမ်းအား ရလဒ်ဆောင်" (Sustainable Development; The Promise of Technology) ဟူ၍လည်းကောင်း သတ်မှတ်ပေးခဲ့သည်။

ယခုနှစ် ၂၀၁၅ ခုနှစ်အတွက် ကုလသမဂ္ဂက ချမှတ်ပေးသော ဦးတည် ချက် ဆောင်ပုဒ်မှာ "လူတိုင်းအကျုံးဝင်ဖွံ့ဖြိုးဖို့၊ မသန်စွမ်းအားလုံး စွမ်းအားမြှင့်တင်စို့" (Inclusion Matters; Access and Empowerment of People of All Abilities) ဖြစ်ရာ မသန်စွမ်းသူများ လူ့အသိုင်းအဝိုင်းအတွင်း အပြည့်အဝပါဝင်ခွင့်ရရှိခြင်းဖြင့် မသန်စွမ်းဖြစ်မှုကို အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်း လျော့နည်းပပျောက်စေမည်ဖြစ်ပြီး မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့်စွမ်းဆောင်နိုင်မှုများကို အလေးထားအသိအမှတ်ပြု၍ မသန်စွမ်းသူတို့ဘဝလှပဖို့ ဝိုင်းဝန်းကူညီစို့ဟု ဂုဏ်ပြုရေးသားလိုက်ပါသည်။ ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပေကျင်းကနဦးစာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရန် သဘောတူကြောင်း လွှတ်တော်ကဆုံးဖြတ်

**နေပြည်တော် ဒီဇင်ဘာ ၂**

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ **(ယာပုံ)**နိုင်ငံတော်သမ္မတထံမှပေးပို့သော လက်မှတ်ရေးထိုးရန်ကိစ္စနှစ်ခု ရှင်းလင်းဆွေးနွေးခြင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော **ရေယာဉ်များကြောင့်ဖြစ်ပွားသောပတ်ဝန်းကျင်ညစ်ညမ်းမှုကြိုတင်ကာကွယ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲများတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စ**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က အဆိုပါနောက်ဆက်တွဲကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် အန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းများထုပ်ပိုးခြင်းဆိုင်ရာ စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ ရေယာဉ်များမှစွန့်ထုတ်သည့် ရေဆိုး၊ အညစ်အကြေးနှင့် အမှိုက်များပင်လယ်ပြင်သို့ မရောက်ရှိအောင် ကာကွယ်တားဆီးထားခြင်း ရှိ၊ မရှိ ရေယာဉ်များအားစစ်ဆေးပြီး အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခြင်း၊ မိမိနိုင်ငံမှထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်များကိုလည်း အခြားသောနိုင်ငံများက အသိအမှတ်ပြုခြင်း၊ အညစ်အကြေး၊ အမှိုက်သရိုက်များ စွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းများသတ်မှတ်ခြင်း၊ အဆိုပါစည်းမျဉ်းသတ်မှတ်ချက်များအား လိုက်နာမှုမရှိပါက အရေးယူနိုင်ခြင်း၊ မိမိပိုင်ရေပြင်နှင့် ဆိပ်ကမ်းများသို့ ဝင်ရောက်လာသော နိုင်ငံခြားသင်္ဘောများအား ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာမှုမရှိကြောင်း တွေ့ရှိရပါက အရေးယူပိုင်ခွင့်ရှိခြင်း၊ အထူးဧရိယာအတွင်းရှိ ဆိပ်ကမ်းများတွင် သင်္ဘောများအား ကူညီထောက်ပံ့နိုင်ရန်စီမံထားရှိခြင်း၊ သိပ္ပံနှင့်နည်းပညာများ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ သုတေသနလုပ်ငန်းများနှင့်စပ်လျဉ်း၍ အခြားသောအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ လိုအပ်သောအကြံဉာဏ်နှင့် အထောက်အပံ့များ ရယူနိုင်ခြင်း၊ မြန်မာပိုင်နက်ပင်လယ်ပြင်တွင် ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်စေခြင်းတို့မှ ကာကွယ်ထိန်းသိမ်းနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ လွှတ်တော်နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော **ပေကျင်းကနဦးစာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စ**ကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညွန့်တင်က ထောက်ခံဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ လေးနိုင်ငံ ဒေသတွင်းအစိုးရများ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်တွင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ၊ ကုန်သွယ်ရေးဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ၊ ဒေသတွင်းဆက်နွယ်မှုနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာခေါင်းစဉ်များ၊ မြို့များ၊ မြို့တော်များ ဆက်သွယ်ရေးဆိုင်ရာခေါင်းစဉ်များကို ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။




ယင်းကိစ္စအား လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ပေကျင်းကနဦးစာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်တို့က ရှင်းလင်းဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို ဒီဇင်ဘာ ၃ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရာဇသတ်ကြီးကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုများ ပြည်ထောင်စုလွှတ်တော်တွင်ဆွေးနွေးရန် အဆိုတင်သွင်း

**နေပြည်တော် ဒီဇင်ဘာ ၂**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ အစီရင်ခံစာနှစ်ခု တင်သွင်းခြင်း၊ အစီရင်ခံစာတစ်ခု လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ဥပဒေကြမ်းတစ်ခု လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်သည်။



ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရာ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ တက်ရောက်စဉ်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီနှင့် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြသည်။

ဆက်လက်ပြီး အစီရင်ခံစာများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ ယင်းနောက် အစည်းအဝေး သတ္တမနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှု ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်း”**နှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်၏ သဘောထားကွဲလွဲမှုများကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းသည်။ **(သတင်းစဉ်)**

## တစ်ပြည်လုံးဆိုင်ရာ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၂**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်း ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုနိုင်ရန် အဆိုတင်သွင်းရာ လွှတ်တော်ကအတည်ပြု

နေပြည်တော် ဒီဇင်ဘာ ၂

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာဖတ်ကြားတင်သွင်းခြင်းနှင့် နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်း အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။**

အစည်းအဝေးတွင် **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဗိုလ်မှူးချုပ် ကျော်ကျော်စိုးက ဖတ်ကြားတင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။


ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်။


ဒေါက်တာမြတ်ဉာဏစိုး။

ယင်းနောက် **နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုးက ပြန်လည်ဖတ်ကြားတင်သွင်းပြီး ယင်းဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် **နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်း**ကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုနိုင်ရန် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၉ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေး ဒသမနေ့ကို ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# အရန်သားဖွားများလေ့ကျင့်မွေးထုတ်ပေးခြင်းသည် ကျေးလက်ပြည်သူများ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုကူညီပေးနိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်၌ တည်ဆောက်ထားသည့် သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်းဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်သည်။

ရှေးဦးစွာ သူနာပြုသင်တန်းကျောင်းဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံဝင်းအတွင်းရှိ အဆိုပါသင်တန်းကျောင်းပရိဝုဏ်၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ကျန်းမာရေးတာဝန်ခံ ပါမောက္ခဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးနှင့် ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဒေါ်နွဲ့နွဲ့ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက သူနာပြုသင်တန်းကျောင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်တို့က ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဧည့်သည်တော်များသည် သူနာပြုသင်တန်းကျောင်း၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ သရုပ်ပြခန်းများကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အဆိုပါ ဆေးရုံဝင်းအတွင်းရှိ သားဖွား သင်တန်းကျောင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ကျန်းမာရေးတာဝန်ခံ ပါမောက္ခ ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးနှင့် ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဒေါ်နွဲ့နွဲ့ဦးတို့က သားဖွားသင်တန်းကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက သားဖွားသင်တန်းကျောင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်တို့က ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဧည့်သည်တော်များသည် သားဖွားသင်တန်းကျောင်း၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်းနှင့် သရုပ်ပြခန်းများကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အမှတ်တရဓာတ်ပုံရိုက်သည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံခန်းမအတွင်း၌ ဆရာဝန်၊ သူနာပြုများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်လိုက်သည့် သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်းတို့သည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၏ ကြိုးပမ်းအားထုတ်မှုနှင့် ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ သူနာပြုသားဖွားနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများ၊ စိတ်ရော ကိုယ်ပါ ကျန်းမာရေး ပြည့်စုံရန်အတွက် မရှိမဖြစ် လိုအပ်နေသူများ ဖြစ်ကြပါကြောင်း။

သူနာပြုများအနေဖြင့် ဆေးဘက်ဆိုင်ရာပညာရှင်များနှင့် လက်တွဲပြီး ကုသရေးတွင်ပို၍ ပါဝင်စောင့်ရှောက်ကြရသကဲ့သို့ ကာကွယ်ရေးတွင်လည်း ပါဝင်ရပါကြောင်း၊ ထို့အတူသားဖွားများသည် ပင်မတာဝန်ဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်ကို ပြုစုစောင့်ရှောက်ရင်း ကျန်းမာသန်စွမ်းသည့်ကလေးများ ဘေးအန္တရာယ်ကင်းရှင်းစွာ မွေးဖွားနိုင်ရေးအတွက် တာဝန်ယူရသကဲ့သို့ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းတွင်လည်း အထူးလိုအပ်သူများ ဖြစ်ပါကြောင်း။

လူဦးရေသန်း ၅၀ ကျော်ရှိသည့် မြန်မာနိုင်ငံတွင် သူနာပြုသင်တန်းကျောင်း အသီးသီးက မွေးထုတ်ပေးခဲ့သည့် သူနာပြုစုစုပေါင်းမှာ ၃၃၇၀၉ ဦးရှိသည့်အနက် လက်ရှိ အစိုးရဌာနများ၌ တာဝန်ထမ်းဆောင်သူ ၁၈၄၅၁ ဦးရှိသဖြင့် လူဦးရေအချိုးနှင့်တွက်လျှင် သူနာပြုတစ်ဦးသည် လူပေါင်း ၂၇၂၁ ဦးကို ပြုစုစောင့်ရှောက်ရမည် ဖြစ်ပါကြောင်း၊ ထို့အတူ သားဖွားသင်တန်းကျောင်းမှ မွေးထုတ်ပေးခဲ့သည့် သားဖွား စုစုပေါင်းမှာ ၂၂၉၉၉ ဦးဖြစ်ပြီး အစိုးရဌာနများ၌ တာဝန်ထမ်းဆောင်သူ ၁၁၄၀၂ ဦး ရှိသဖြင့် သားဖွားတစ်ဦးသည် လူပေါင်း ၄၄၀၄ ဦးကို စောင့်ရှောက်ရမည်ကို ယေဘုယျအားဖြင့် တွေ့ရှိရပါကြောင်း။

ASEAN နိုင်ငံများအတွင်း လူဦးရေနှင့် သူနာပြု၊ သားဖွား အချိုးကို နှိုင်းယှဉ်ကြည့်ပါက မြန်မာနိုင်ငံသည် သူနာပြုသားဖွား နည်းသည့် နိုင်ငံအုပ်စုထဲ၌ ပါဝင်နေပါကြောင်း၊ ASEAN နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်စေရန် နှစ်မျိုးစလုံး၏ အရေအတွက်၊ အရည်အသွေးများ မြှင့်တင်ပေးရန် အရေးတကြီး လိုအပ်နေလျက်ရှိသည့် သူနာပြု၊ သားဖွား သင်တန်းကျောင်းများနှင့် တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်ရမည်ဖြစ်ပါကြောင်း။

ကျန်းမာရေး စောင့်ရှောက်မှုအတွက် မြို့ကြီးပြကြီးများတွင် သူနာပြုများ လိုအပ်ချက်ကြီးမားသကဲ့သို့ လူဦးရေအများဆုံးနေထိုင်ကြသည့် ကျေးလက်ဒေသများတွင်လည်း သားဖွားများ လိုအပ်ချက်ကြီးမားပါကြောင်း၊ လက်ရှိမွေးထုတ်ပေးသည့် အခြေအနေနှင့် နောင်အနာဂတ်တွင် လိုအပ်သည့် သားဖွားများ အရေအတွက်အရ မည်သို့မျှ မလုံလောက်နိုင်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အစီအစဉ်ဖြင့် အရန်သားဖွားများ လေ့ကျင့် မွေးထုတ်ပေးခြင်းသည်လည်း ကျေးလက်ပြည်သူများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို တစ်ဖက်တစ်လမ်းမှ ပိုမိုကူညီပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှုပြည့်စုံအောင် တစ်နှစ်အောက်မှ ငါးနှစ်အောက် သားသည်မိခင်သေဆုံးမှု ကျဆင်းလာစေရန် ကျေးလက်နေပြည်သူများ အခြေခံကျန်းမာရေးရရှိနိုင်စေရန် အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာ၏ကျန်းမာရေး စံချိန်စံညွှန်းများနှင့်ပြည့်မီစေရန် လိုအပ်လျက်ရှိသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို ဘက်ပေါင်းစုံမှ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ကြရာတွင်လည်း မိမိ၏ စေတနာ၊ နွေးထွေးကြင်နာမှုများနှင့်အတူ စောင့်ထိန်းရမည့် ကျင့်ဝတ်များနှင့် ဆင်းရဲချမ်းသာမရွေး ပြုစုစောင့်ရှောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်မှုဖြင့် နိုင်ငံတကာမှ ချီးမြှင့်သည့် ဆုဖြစ်သည့် Florence Nightingale ကဲ့သို့ဆုမျိုး ရရှိသည်အထိ စွမ်းဆောင်နိုင်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် သားဖွားသင်တန်းကျောင်းနှင့် သူနာပြုသင်တန်းကျောင်းများမှ တာဝန်ရှိသူများက ဒုတိယသမ္မတအား သင်တန်းကျောင်းဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များ ပေးအပ်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားရှိသည့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအရေအတွက်စုစုပေါင်းသည် ယခင် ၄၆ ကျောင်းရှိခဲ့ပြီး ယနေ့ဖွင့်လှစ်သည့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအပါအဝင် ယခုအခါ ကျောင်းပေါင်း ၅၀ အထိ ရှိလာပြီဖြစ်သည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်းဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

# အငြိမ်တန်းနှင့် စတုတ္ထတန်းအတွက် တတ်မြောက်မှုစစ်ဆေးသည့်စာမေးပွဲများကို ပုံမှန်အတိုင်းသာပြုလုပ်မည်ဖြစ်ပြီး အကြိုစာမေးပွဲများပြုလုပ်မည်မဟုတ်

**ရန်ကုန် ဒီဇင်ဘာ ၂**

ယခင်ပညာသင်နှစ်များက ကျောင်းသား ကျောင်းသူများ အလေ့အကျင့်ရှိစေရန်ရည်ရွယ်၍ စတုတ္ထတန်းနှင့် အငြိမ်တန်းတို့တွင် တတ်မြောက်မှုစစ်ဆေးခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်အဆင့်တွင် ဒီဇင်ဘာလရောက်တိုင်း အကြိုစာမေးပွဲများကျင်းပခဲ့သော်လည်း ယခုပညာသင်နှစ်တွင်မူ ပညာရေးဝန်ကြီးဌာနအနေဖြင့် စစ်ဆေးသွားရန် အစီအစဉ်မရှိကြောင်း သိရသည်။

"ပြင်ပစစ်စာမေးပွဲဖြစ်တာကြောင့် အစမ်းသဘောမျိုးနဲ့ ကလေးတွေ အတွေ့အကြုံရအောင် အရင်နှစ်တွေက ဒီဇင်ဘာလမှာစာမေးပွဲလုပ်ဖြစ်တာ၊ ဒီနှစ်ကတော့ ပြီးခဲ့တဲ့နှစ်အတွေ့အကြုံအရ ဒီဇင်ဘာလမှာထပ်လုပ်စရာမလိုတော့ဘူး။ အရင်ကလုပ်တယ် ဆိုတာ အတွေ့အကြုံရအောင် အကြိုသဘောမျိုးလုပ်တာ၊ ဒီနှစ်တော့ အကြိုစာမေးပွဲလုပ်ဖို့မရှိပါဘူး၊ မြို့နယ်အလိုက်ကတော့ သူတို့အစီအစဉ်တွေနဲ့ သူတို့ဘာသာလုပ်ကြမှာပါ။ ကျရှုံးတဲ့ကျောင်းသားတွေအတွက် မေလမှာပြန်လည်ဖြေဆိုရတဲ့ ကုစားစာမေးပွဲက မနှစ်ကအထိတော့ရှိပါတယ်။ ဒီနှစ်မှာတော့ အစည်းအဝေးမလုပ်ရသေးလို့ မပြောနိုင်သေးဘူး"ဟု မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် စတုတ္ထတန်း၊ အငြိမ်တန်း၊ ဒသမတန်းတို့၌ ပညာသင်ယူလျက်ရှိသော ကျောင်းသားများ အလေ့အကျင့်ရရန်အတွက် ဩဂုတ်လတွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်သုံးလအတွက် ကလေးများ၏ အရည်အချင်းအား စစ်ဆေးခြင်း၊ အောက်တိုဘာလတွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ ငါးလအတွင်းသင်ယူပြီးသင်ခန်းစာများကို ပထမနှစ်ဝက်အနေဖြင့် စစ်ဆေးခြင်းနှင့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ ခုနစ်လအတွင်း သင်ကြားထားသော သင်ခန်းစာများအတွက် တတ်မြောက်မှုစစ်ဆေးခြင်းများကိုသာ ယခုဒီဇင်ဘာလတွင် ပုံမှန်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ (D) အဆင့်ရဘာသာရပ်များအတွက် မေလတွင် ပြန်လည်ကုစားဖြေဆိုသည့်စနစ်များရှိခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင်မူ (D) အဆင့်ရဘာသာရပ်များအတွက် မေလတွင်ပြန်လည်ကုစား ဖြေဆိုရန်အတွက် လက်ရှိအချိန်အထိ ညွှန်ကြားထားခြင်းများ မရှိသေးကြောင်းလည်းသိရသည်။ ယခင်နှစ်များတွင် စတုတ္ထတန်းကို ခရိုင်အလိုက်၊ အငြိမ်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာမေးပွဲစစ်ဆေးခြင်းများပြုလုပ်ခဲ့သည်။ **ဝင်းဝင်းမော်**

# အချုပ်အခြာအာဏာနှင့် သဘာဝဘေးဆိုင်ရာများအကြောင်း ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံခြားရေးဝန်ထမ်းများ စွမ်းဆောင်ရည်တိုးမြှင့်ရေး အထောက်အကူဖြစ်စေရန် နေပြည်တော်နိုင်ငံခြားရေးဝန်ကြီးဌာနတွင်လစဉ်စီစဉ် ကျင်းပလျက်ရှိသည့် စွမ်းဆောင်ရည် တိုးမြှင့်ရေးအစီအစဉ်ဖြင့် နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေး ဒေါက်တာဒေါ်ရင်ရင်နွယ်က နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဒီဇင်ဘာ ၁ ရက်ကလာရောက်ဆွေးနွေးသည်။

အဆိုပါဟောပြောဆွေးနွေးပွဲတွင် ပါမောက္ခဆရာမကြီး ဒေါက်တာရင်ရင်နွယ်သည် အချုပ်အခြာအာဏာဆိုင်ရာကိစ္စများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စများ အကြောင်း နှစ်ပိုင်းခွဲ၍ ဆွေးနွေးဟောပြောခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းနှင့် တာဝန်ရှိသူများက အပြန်အလှန်ဆွေးနွေးမေးမြန်းကြသည်။ **(သတင်းစဉ်)**

# နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ကလေးရောဂါအထူးကုဆေးရုံကြီး ဖွင့်ပွဲကျင်းပ အဆင့်မြင့်စက်ကိရိယာများထားရှိပြီး ကုသမှုအရည်အသွေးမြင့်မားရေးဆောင်ရွက်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ဖွင့်လှစ်သည့် ကလေးရောဂါအထူးကုဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကလေးရောဂါအထူးကုဆေးရုံကြီးအတွင်း ဆေးကုသမှုခံယူနေသည့် ကလေးငယ်များအား ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ကျန်းမာရေးတာဝန်ခံ ပါမောက္ခ ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဒေါ်နွဲ့နွဲ့ဦးတို့က ကလေးရောဂါအထူးကုဆေးရုံကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ကလေးရောဂါအထူးကုဆေးရုံကြီး ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ နေပြည်တော်ကောင်စီဝင် ကျန်းမာရေးတာဝန်ခံ ပါမောက္ခဒေါက်တာပိုင်စိုးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်တို့က ဆေးရုံကြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံခန်းမအတွင်း၌ ဆရာဝန်၊ သူနာပြုများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားရာတွင် နေပြည်တော်၌ ယခုကဲ့သို့ ကလေးအထူးကုဆေးရုံကြီး ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်အတွက်၊ ကလေးကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်ဆက်နွှယ်သူများအတွက် မင်္ဂလာရှိသည့်နေ့ဟုဆိုရမည်ဖြစ်ပါကြောင်း၊ ယခင်က နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံအတွင်း ကလေးကုသရေးဌာနအနေဖြင့်သာ ဖွင့်လှစ်နိုင်ခဲ့ရာမှ ယခုကဲ့သို့ ကလေးရောဂါအထူးကုဆေးရုံ ဖွင့်လှစ်နိုင်ပြီး ကလေးရောဂါကို သီးသီးသန့်သန့် ကုသပေးနိုင်မည်ဖြစ်သည့်အတွက် ငါးနှစ်အောက်နှင့် အရွယ်မရောက်သေးသော ကလေးများတွင် အဖြစ်များလေ့ရှိသည့် အသက်ရှုလမ်းကြောင်းရောဂါ၊ နှလုံးရောဂါ၊ သွေးရောဂါနှင့် အသည်းရောဂါအစရှိသည်များကို ပိုပြီးထိထိရောက်ရောက် ကုသမှုပေးနိုင်မည်ဖြစ်သည့်အပြင် နောက်ဆက်တွဲဖြစ်သည့် နာတာရှည်၊ မသန်စွမ်းမှုနှင့် သေဆုံးမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ မြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံတော်မှ နှစ်စဉ်ဘဏ္ဍာငွေများကို တိုးမြှင့်သုံးစွဲခဲ့ပါကြောင်း၊ ယခုအစိုးရ စတင်တာဝန်ယူစဉ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးအသုံးစရိတ်မှာ ငွေကျပ် ၈၆ ဒသမ ၅၈၂ ဘီလီယံ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၇၅၃ ဘီလီယံကျော်ဖြစ်၍ ၈ ဒသမ ၇ ဆ တိုးမြှင့်သုံးစွဲလာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ တိုးမြှင့်သုံးစွဲသည့် ရန်ပုံငွေထဲတွင် လိုအပ်သည့် ဆေးရုံဆေးခန်းအဆောက်အအုံများ၊ ဆရာဝန်၊ သူနာပြုကျွမ်းကျင်ဝန်ထမ်းများ၊ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းကိရိယာများ၊ ကျန်းမာရေးဝန်ထမ်းအိမ်ရာနှင့် လူမှုစီးပွားဘဝ လိုအပ်ချက်များကို တတ်အားသရွေ့ ထောက်ပံ့ကူညီနိုင်ပြီဖြစ်၍ တိုးတက်သည့် အခြေအနေတစ်ခုဖြစ်ပါကြောင်း။

ယခုဖွင့်လှစ်သည့် ကလေးအထူးကုဆေးရုံကိုလည်း အခြားဆေးရုံများနည်းတူ လိုအပ်သည့် အဆင့်မြင့်စက်ကိရိယာများထားရှိပြီး ကုသမှုအရည်အသွေးမြင့်မားလာစေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တာဝန်ထမ်းဆောင်ကြမည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ဆေးရုံကြီး ရေရှည်တိုးတက်ပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းပေးကြရန်လိုအပ်ပါကြောင်း။

ယနေ့ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကလေးရောဂါအထူးကုဆေးရုံတစ်ရုံ ထပ်မံဖွင့်လှစ်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍအတွက် မင်္ဂလာရှိသည့်နေ့တစ်နေ့ဖြစ်ပြီး ယခုဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ကြမည့် အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအားလုံးကလည်း ပြည်သူလူထုကို မိသားစုသဖွယ်ခံယူပြီး အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကလေးရောဂါအထူးကု ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

မြန်မာနိုင်ငံတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၌ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး တစ်ရုံ၊ ဒဂုံမြို့နယ်၌ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး တစ်ရုံ၊ မန္တလေးမြို့၌ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီးနှင့် ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီးတစ်ရုံတို့ ဖွင့်လှစ်ထားပြီး ယခုဖွင့်လှစ်သည့် နေပြည်တော် ကလေးဆေးရုံကြီးအပါအဝင် စုစုပေါင်း ကလေးရောဂါအထူးကုဆေးရုံကြီး ငါးရုံ ရှိလာပြီဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**ဒီဇင်ဘာ ၂ ရက်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အကြိမ်(၄၀)မြောက် အမျိုးသားနေ့နှင့် မြန်မာ-လာအို နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ်ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Lyying SAYAXANG ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)



## အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဂျာမနီနိုင်ငံ GIZ မှ Head of TVET Program, Mr. Konrad De Bortoli ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် စက်မှုဝန်ကြီးဌာနနှင့် GIZ တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသောTVET Program အား အရှိန်အဟုန်မြှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ Semi-skilled Labour များ တိုးမြှင့်မွေးထုတ်ပေးနိုင်ရေး၊ စက်မှုဆိုင်ရာနည်းပညာများ သင်ကြားပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကမ္ဘာ့ AIDS နေ့အထိမ်းအမှတ် လူထုလှုပ်ရှားဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၂**

World AIDS Day အထိမ်းအမှတ်လူထုလှုပ်ရှားမှုအဖြစ် စုပေါင်းစက်ဘီးစီးလှုပ်ရှားမှုကို ဒီဇင်ဘာ ၁ ရက် နံနက် ၆ နာရီက မန္တလေးမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။

ရှေ့ဦးစွာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဝင်းနိုင်၊ အထက်မြန်မာပြည် ခုခံအားကျနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီးဒေါက်တာ သန်းဝင်းတို့က ဖဲကြိုးဖြတ်၍ စတင်ပေးသည်။

ထို့နောက်လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းများ၊ စိတ်ပါဝင်စားသူများက စုစုပေါင်းစက်ဘီး အစီး ၃၅၀ တို့ မန္တလေးမြို့ရိုး ကျုံးတစ်ပတ်ပတ် စက်ဘီးစီးနင်းကြသည်။ ထို့အတူ စက်ဘီးစီးလှုပ်ရှားကြသူများကို ဆိုင်ကယ်အစီး ၁၀၀ ကျော်က ဝန်းရံကူညီပေးကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဒီဇင်ဘာ ၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **(မိုး/ဇလ)**

◆ *ကျောဖုံးမှ*

မြန်မာနိုင်ငံအနေဖြင့် ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက်မှ အတည်ပြုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၇၇၇ ဦးကို ၎င်းတို့၏ မူရင်းနေရပ်ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ခုနစ်ကြိမ်ခွဲ၍ ပြန်လည်ပို့ဆောင်ပြီးဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရန် ကျန်ရှိသူများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှစိစစ်မှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်းနှင့် စိစစ်အတည်ပြုပြီးပါက မူရင်းနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**





လှေစီးရွှေ့ပြောင်းသွားလာသူများ လွှဲပြောင်းလက်ခံရန် မောင်တောခရိုင်(လဝက)မှူးနှင့် အမှတ်(၁၇) BGB တပ်ရင်းမှူးတို့ လက်မှတ်ရေးထိုးနေစဉ်။ (အပေါ်ပုံ)

လှေစီးရွှေ့ပြောင်းသွားလာသူများအား ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် BGB မှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခေါ်ဆောင်သွားသည်ကို တွေ့ရစဉ်။ (ဝဲပုံ)

# အလုပ်ရှင်၊ အလုပ်သမားများ အငြင်းပွားမှုအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဒုတိယဝန်ကြီး ညှိနှိုင်းပေး

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံ၏ အကြီးဆုံးစက်မှုဇုန်ဖြစ်သော လှိုင်သာယာစက်မှုဇုန်၌ အလုပ်ရှင်၊ အလုပ်သမား ပြဿနာများဖြစ်ပွားလျက်ရှိရာ တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးသည့်အတွက် စက်ရုံအချို့လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်လုပ်ကိုင်နေသကဲ့သို့ ဆက်လက်ဖြေရှင်းဆောင်ရွက်ရန်ရှိသောစက်ရုံများလည်းရှိနေရာ အဆိုပါစက်ရုံတို့တွင် လုပ်သားအင်အား ၁၆၀၀ ခန့်ရှိသော တိုင်ရီဖိနပ်စက်ရုံလည်းပါဝင်သည်။

ထို့ကြောင့် ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် စက်ရုံမန်နေဂျာ၊ အလုပ်သမားကိုယ်စားလှယ် ခုနစ်ဦးတို့တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အောက်ဝဲပုံ)**



မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ ပြုလုပ်သော အဆိုပါညှိနှိုင်းဆွေးနွေးပွဲတွင် အလုပ်သမားရေးရာညှိနှိုင်းဆွေးနွေးရေးအဖွဲ့ ၁၆ ဦးတက်ရောက်ခဲ့ပြီး အပြုသဘောဖြင့် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

"တိုးတက်မှုရပါတယ်။ နှစ်ဦးနှစ်ဖက်ဆွေးနွေးကြတာဖြစ်ပါတယ်။ စက်ရုံအလုပ်သမားအဖွဲ့အစည်းဥက္ကဋ္ဌနဲ့ ဘဏ္ဍာရေးမှူးကို ခုံသမာဓိကောင်စီကအလုပ်ထုတ်ထားတာ ရှိပါတယ်။ အလုပ်သမားဥပဒေအရအခွင့်အရေးရအောင် အားလုံးဆောင်ရွက်ပေးထားတယ်။ ခုံသမာဓိကထုတ်ထားတဲ့အလုပ်သမားနှစ်ယောက်ကို စက်ရုံထဲ အဝင်မခံဘူး။ အဲ့ဒီအပိုင်းကို ညှိနှိုင်းနေပါတယ်။ ပြေလည်သွားမှာပါ။ ဒီဇင်ဘာ ၄ ရက်နေ့မနက် ၁၀ နာရီမှာ ဆက်ဆွေးနွေးဖို့ ချိန်းဆိုထားတယ်။ အပြုသဘောဆောင်တဲ့အတွက် ကောင်းမွန်တဲ့ရလဒ်ကိုရလာမှာပါ" ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ပြောသည်။

တိုင်ရီစက်ရုံတွင်း၌ အလုပ်သမား ၇၀၀ ခန့် လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိပြီး စက်ရုံပြင်ပ၌ အလုပ်သမား ၉၀၀ ခန့် ဆန္ဒထုတ်ဖော်လျက်ရှိရာ မှတ်ပုံတင်ထားသော လုပ်ငန်းခွင်စည်းကမ်းဖောက်ဖျက်သည့် အလုပ်သမားနှစ်ဦးအား ခုံသမာဓိကောင်စီမှ အလုပ်ထုတ်နစ်နာကြေးဖြင့် ရပ်စဲခိုင်းခဲ့သည့်အတွက် စက်ရုံမှ မြို့နယ်အခွန်အရာရှိထံတွင် အလုပ်ထုတ်နစ်နာကြေးကိုသွင်းခဲ့ကြောင်း သိရသည်။

"နိုဝင်ဘာ ၂၀ ရက် စက်ရုံထဲက ပန်းခြံမှာဆန္ဒပြခဲ့ကြပါတယ်။ EC စာချုပ်ချုပ်ဖို့ နှစ်ကြိမ်အသိပေးတော့ အလုပ်ထုတ်ထားတဲ့အလုပ်သမား ကိုယ်စားလှယ်ဥက္ကဋ္ဌနဲ့ ဘဏ္ဍာရေးမှူးကို ထည့်သွင်းဆွေး နွေးဖို့ တောင်းဆိုတယ်။ အလုပ်ထုတ်ထားတဲ့အတွက် စက်ရုံက ငြင်းဆိုတာပါ။ ခွင့်မဲ့ဆက်တိုက် သုံးရက်ပျက်တဲ့ အလုပ်သမားနှစ်ယောက်ကို ခုံသမာဓိဆုံးဖြတ်ချက်အတိုင်း နစ်နာကြေးပေးပါတယ်။ တစ်ယောက်က ထုတ်ယူတယ်။ စက်ရုံမှာ အိုတီမရှိဘူး။ တစ်နေ့အလုပ်ချိန် ၈ နာရီဆင်းရ ပါတယ်။ လစာကိစ္စဆိုရင် တစ်မျိုးပေါ့။ ဥပဒေအရ အလုပ်လုပ်မှ ပိုက်ဆံရမှာဖြစ်တဲ့အတွက် ၂၀ ရက်နေ့ကတည်းက နားလိုက်တာဟာ သူတို့အတွက် ထိခိုက်စေပါတယ်။ သောကြာနေ့မှာ ပြန်လည်ညှိနှိုင်းဖို့ ချိန်းဆိုထားပါတယ်"ဟု တိုင်ရီစက်ရုံမန်နေဂျာ ဒေါ်အေးမိခိုင်က ပြောသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ရမည်းသင်း၌ မီးလောင်သည်ဟု လိမ်ညာဆက်သွယ်ပြောသဖြင့် မီးငြိမ်းရန်သွားသော မီးသတ်ယာဉ်တိမ်းမှောက်

**ရမည်းသင်း ဒီဇင်ဘာ ၂**

ရမည်းသင်းမြို့နယ် ဝကုန်းကျေးရွာ၌ ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မီးလောင်နေကြောင်း ဖုန်းဖြင့် မမှန်မကန်ဆက်သွယ်ကာ ခရိုင်မီးသတ်ဦးစီးတပ်ဖွဲ့သို့ အကြောင်းကြားသဖြင့် မီးငြိမ်းသတ်ရန်သွားသော မီးသတ်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၁ နာရီခန့်က ရမည်းသင်းခရိုင် မီးသတ်တပ်ဖွဲ့စခန်းသို့ ဖုန်းဖြင့် ငမုန်းဆိုသူက ဝကုန်းကျေးရွာ၌ မီးလောင်နေကြောင်းဆက်သွယ်အကြောင်းကြားခဲ့၍ သန္နေတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ အောင်မျိုးက တပ်ကြပ်ကြီး ထွန်းလင်းထံသတင်းပို့ခဲ့ပြီးနောက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် အဆိုပါဖုန်းဖြင့်ပင် ထပ်မံ၍ ဓတ်ကြီးဆိုသူက ဆက်သွယ်အကြောင်းကြားလာသဖြင့် တပ်ကြပ်ကြီး ထွန်းလင်းက မီးသတ်ဦးစီးအရာရှိ ဦးစိန်ခိုင်ထံသို့ ဆက်လက်သတင်းပို့ခဲ့ရာ ဦးစိန်ခိုင် ဦးစီးသောသန္နေတပ်ဖွဲ့ဝင်များ ယာဉ်ခြောက်စီးဖြင့် အခင်းဖြစ်ရာသို့ သွားရောက်ခဲ့ကြသည်။

နောက်ဆုံးမီးသတ်ယာဉ် ယာဉ်မောင်းဇော်ဇော်ထွန်း မောင်းနှင်သည့်ယာဉ်မှာ ရွာတန်းလမ်းဆုံ မီးပွိုင့်အနီးရန်ကြီးအောင် ဘုန်းတော်ကြီးကျောင်းမုခ်ဦးရှေ့၌ မျက်နှာချင်းဆိုင်မှလာသော ယာဉ်တစ်စီးကိုတိမ်းရှောင်စဉ် လမ်း၏ယာဘက်သို့ တိမ်းမှောက်သွားခဲ့သည်။ မီးသတ်ယာဉ်တိမ်းမှောက်ကြောင်း သတင်းအရ သက်ဆိုင်ရာတာဝန်ရှိသူတို့ သွားရောက်စုံစမ်းရာ ဝကုန်းကျေးရွာ၌ မီးလောင်မှုတစ်စုံတစ်ရာ မတွေ့ရှိသည့်အပြင် မီးလောင်မှုဖြစ်ကြောင်း သတင်းပေးသူ ငမုန်းနှင့် ဓတ်ကြီးတို့ကလည်း ကျေးရွာအတွင်း နေထိုင်ခြင်း မရှိကြောင်းနှင့် မီးသတ်တပ်ဖွဲ့စခန်းသို့ ဆက်သွယ်သတင်းပို့သည့် ဖုန်းကို ဆက်သွယ်ခဲ့ရာ ယင်းဖုန်းမှာ စက်ပိတ်ထားကြောင်း စုံစမ်းသိရှိရပြီး မမှန်မကန်သတင်းပေးမှုကြောင့် ပြည်သူတို့အထိတ်တလန့်ဖြစ်ပွားပြီး တာဝန်ရှိသူများ အလုပ်များသွားကာ မီးသတ်ယာဉ်ပါ ပျက်စီးတိမ်းမှောက်ခဲ့ကြောင်း သိရသည်။ **(ဝ၁၁)**

# ကင်တာယာဉ် လမ်းဘေးမြောင်းထဲထိုးကျတိမ်းမှောက်သဖြင့် ၃၃ ဦး ဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ် ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအနီး တောင်ကြီး-မိတ္ထီလာကားလမ်းမိုင်တိုင်အမှတ်(၆၁/၃-၄)ကြားတွင် ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီကယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ကြီးဘက်မှ မိတ္ထီလာဘက်သို့ ဇော်လင်းအောင်(၂၈ နှစ်) မောင်းနှင်လာသော ကင်တာအဖြူရောင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက် အနက်ရှစ်ပေခန့်ရှိ မြောင်းထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်း ဇော်လင်းအောင်နှင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ဦးတင်ရွှေ(၅၈ နှစ်) ပါ ၃၂ ဦး စုစုပေါင်း ၃၃ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကလောပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်း ဇော်လင်းအောင်အား ကလောမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရေကန်အတွင်းရေဆင်းချိုးရာမှ ကလေးငယ်နှစ်ဦးရေနစ်သေဆုံး

**တောင်တွင်းကြီး ဒီဇင်ဘာ ၂**

တောင်တွင်းကြီးမြို့ မောင်းတိုင်(၁)ရပ်ကွက်ရှိ အောင်မင်္ဂလာကန်တော်ကြီး ရေကန်အတွင်း ကလေးငယ်နှစ်ဦး ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁ ရက် ညနေ ၄ နာရီက တောင်တွင်းကြီးမြို့ မောင်းတိုင်(၁)ရပ်ကွက်ရှိ အောင်မင်္ဂလာကန်တော်ကြီး၌ ဖိုးလပြည့်(၁) ရာဇာမင်းထက် (၉ နှစ်)၊ ဖိုးချစ်(၉ နှစ်)နှင့် သူရိန်ဟိန်း(၃ နှစ်)တို့သည် ယင်းနေ့နံနက် ၁၁ နာရီခွဲက ကန်တော်ကြီးအတွင်း ရေကူးဆော့ကစားနေရာမှ ဖိုးချစ်နှင့်ဖိုးလပြည့်တို့ ရေနစ်သွားခဲ့ပြီး သူရိန်ဟိန်းက မိဘများထံ သွားရောက်အကြောင်းကြားခဲ့ရာ ဖိုးချစ်၏ဖခင်ဖြစ်သူ ဦးထွန်းထွန်းနှင့် အစ်ကိုဖြစ်သူ မင်းခန့်ကျော်၊ ဝေယံအောင်တို့က လိုက်လံရှာဖွေဆယ်ယူခဲ့ရာ ယင်းနေ့ ညနေ ၄ နာရီတွင် ဆယ်ယူရရှိခဲ့ခြင်းဖြစ်ကြောင်း အမှုစစ်ရဲအရာရှိ၏ စစ်ဆေးချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တောင်တွင်းကြီးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# မြန်မာ့ရေပိုင်နက်ထဲသို့ ဝင်ရောက်လာသည့် ထိုင်းငါးဖမ်းစက်လှေတစ်စင်း ဖမ်းဆီးရမိ

**မြိတ် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံတောင်ဘက်(အစွန်း) မြိတ်-ကျွန်းစုအတွင်းရှိ အရှေ့စူလာကျွန်းအနီး၌ နိုဝင်ဘာ ၂၆ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်တွင် မြန်မာရေပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် အလျား ၇၃ ပေ သုံးလက်မ၊ အနံ ကိုးပေ ကိုးလက်မ၊ ရေဆူး ငါးပေခန့် သစ်သားကိုယ်ထည်၊ စက်မကြီး NISSAN DIESEL V SHAPE ၁၀ လုံးထိုး HP-350 ခန့်၊ S/No. 110029977 (GEARBOX) တစ်လုံး၊ တစ်လက်မ ရေစုပ်ပန့် တစ်လုံး၊ 1.2 KW ဒိုင်နမို တစ်လုံးတို့နှင့် တွဲလျက် တစ်လုံး၊ 3K 200 AHi 12V နှစ်လုံးပါ ထိုင်းနိုင်ငံမှ အမည်မသိ ငါးမိုင်းခွဲလှေတစ်စင်းကို တနင်္သာရီ ရေတပ်စခန်းဌာနချုပ်မှ စစ်ရေယာဉ်အမှတ်(၅၆၉)က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ထိုင်းနိုင်ငံ ရနောင်းမြို့မှ နိုဝင်ဘာ ၂၀ ရက်က စတင်ထွက်ခွာလာပြီး တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အရှေ့စူလာကျွန်းအနီး၌ ငါးမိုင်းခွဲဆောင်ရွက်ခဲ့ရာ ငါးအရနည်းသောကြောင့် အခြားနေရာသို့ ပြောင်းရွှေ့ထွက်ခွာလာစဉ် နိုဝင်ဘာ ၂၆ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်တွင် တနင်္သာရီ ရေတပ်စခန်းဌာနချုပ်မှ စစ်ရေယာဉ်အမှတ်(၅၆၉)မှ တပ်ဖွဲ့ဝင်များက အမည်မရှိ တရားမဝင် ထိုင်းငါးမိုင်းခွဲ လှေတစ်စင်းကို မီးအချက်ပြခေါ်ယူမှုပြုလုပ်စဉ် စစ်ရေယာဉ်(၅၆၉)တည့်တည့်သို့ စက်အရှိန်မြှင့်တင် မောင်းနှင်လာသဖြင့် ရှောင်တိမ်း၍ လက်နက်ငယ်များဖြင့် ခြောက်လှန့်ပစ်ခဲ့ရာ အဆိုပါလှေပေါ်ရှိ ရေလုပ်သားများ ရေထဲသို့ ခုန်ချထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ငါးမိုင်းခွဲလှေပေါ်ပါသူများအား စစ်ရေယာဉ်အမှတ်(၅၆၉)မှ တပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေဆယ်တင်ခဲ့ရာ ကျော်မျိုးအောင် (၃၈ နှစ်)လှေသား ဒန်းရပ်ကွက် ရနောင်းမြို့နေသူနှင့် ကျော်မင်းထွန်း (၁၅ နှစ်) လှေသား ဒန်းရပ်ကွက် ရနောင်းမြို့နေသူတို့ နှစ်ဦးအား ဆယ်တင်ဖမ်းဆီးရမိခဲ့ပြီး ကျန်လူများအား ဆက်လက်ရှာဖွေနေစဉ် တရားမဝင် ငါးမိုင်းခွဲလှေမှာ မီးလောင်နေသောကြောင့် မီးငြိမ်းသတ်ခဲ့ရကြောင်းနှင့် မီးငြိမ်းသတ်နေစဉ် ငါးမိုင်းခွဲရာတွင် အသုံးပြုသည့် စနက်တံတပ်ဆင်ပြီး အသင့်မိုင်းခွဲနိုင်သည့် ယမ်းအိုး ၁၀ လုံးတို့ကို တွေ့ရှိ၍ ပင်လယ်ထဲသို့ ပစ်ချခဲ့ပြီး မီးကြွင်းမီးကျန်များအား ဆက်လက်ငြိမ်းသတ်ခဲ့သည်။

ထို့နောက် ဖမ်းဆီးရမိရှာဖွေကယ်တင်ခဲ့သော လှေသား ကျော်မျိုးအောင်နှင့် ကျော်မင်းတို့အား စစ်ဆေးခဲ့ရာ လှေပိုင်ရှင်မှာ ကိုနော့ ဒန်းရပ်ကွက်၊ ရနောင်းမြို့နှင့် အဆင်း(ပဲ့နင်း) ဒန်းရပ်ကွက် ရနောင်းမြို့နေသူတို့ဖြစ်ကြောင်း သိရပြီး ထိုင်းနိုင်ငံ ရနောင်းမြို့ ဒန်းရပ်ကွက်တွင်နေထိုင်သည့် ဆလုံလူမျိုး သုံးဦး၊ ထားဝယ်မြို့တွင်နေထိုင်သော မြန်မာလူမျိုး သုံးဦး၊ ဧရာဝတီတိုင်းမှ တစ်ဦးတို့အား ဖမ်းဆီးရမိခြင်းမရှိကြောင်း သိရသည်။

အထက်ပါလှေနှင့် ဆက်စပ်ပစ္စည်းများကို တနင်္သာရီရေတပ်စခန်းဌာနမှ မြိတ်မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနသို့ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် လွှဲပြောင်းပေးအပ်ခဲ့ရာ လှေပိုင်ရှင်နှင့် လှေသားတို့အား ဥပဒေအရအရေးယူပေးပါရန် မြိတ်ခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှ ဦးထွန်းနောင်ဦးက တိုင်တန်းလာသောကြောင့် ဒီဇင်ဘာ ၁ ရက် ညနေ ၆ နာရီခွဲက မြိတ်မြို့မရဲစခန်းမှ (ပ) ၆၁၇/ ၂၀၁၅ နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ပြင်ဆင်သည့် ဥပဒေပုဒ်မ-၃၈(က)(ခ)/၃၉(ခ)အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ငါးမိုင်းခွဲလှေပေါ်မှ ၃ ဒသမ ၅ လက်မခန့်ရှိ ဖြတ်ပြီးသား ယမ်းကြိုး ၁၀ ခု၊ အရှည် ၁၆ ပေရှိ ယမ်းကြိုးခွေ တစ်ခွေ၊ စနက်တံ အခု ၃၀၊ ၃၅ မမ Explosive Dynamax ယမ်းစိမ်းနှစ်ထုပ်နှင့် ထိုင်းဘတ်ငွေ ၃၀၀ တို့ကို မြိတ်မြို့မရဲစခန်းမှ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ဒီဇင်ဘာ ၂ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက် (ဗုဒ္ဓဟူးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၅၀၀၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၈၀၀၀ | အသစ် |
| ၃။ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၀၀၀ | အသစ် |
| ၅။ | မြီးဒိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၆၅၀၀ | အဟောင်း |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ | အသစ်/ရှယ် |
| ၇။ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၂၀၀၀၀ | |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၈၃၀ မှ ၂၃၃၅ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၅၀ မှ ၃၄၅၀ | ရှယ်၊ လတ် |
| ၁၀။ | ကြက်သွန်နီ | တရုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၈၀၀ | ရှယ် |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၅၀ မှ ၂၈၅၀ | ရှယ်၊လတ် |
| ၁၂။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀၀ မှ ၃၅၅၀ | ထူး၂၊၃၊၄၊၅ |
| ၁၃။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၈၀ မှ ၉၀၀ | A1,OK,S1,S2 |
| ၁၄။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀ | |
| ၁၅။ | ဆီးသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ | အချဉ် |
| ၁၆။ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀၀ | |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

## (၁၂)ဘီးကုန်တင်ယာဉ် တာယာများအပူလွန်ကဲရာမှ မီးလောင်



(၁၂)ဘီးယာဉ် နောက်ဘီးတာယာများ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ခေါင်းတုံကျေးရွာအနီး မုံရွာ-ဂန့်ဂေါ-ကလေးကားလမ်း မိုင်တိုင်အမှတ်(၉၆/၀-၁) ကြား၌ ဒီဇင်ဘာ ၁ ရက် ညနေ ၅ နာရီခွဲက ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဂန့်ဂေါခရိုင် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးစီးသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်နှစ်စီး၊ ကျေးရွာနေပြည်သူများ ပူးပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါလမ်းအတိုင်း မန္တလေးမြို့ဘက်မှ ကလေးမြို့ဘက်သို့ မျိုးဇင်ဦး(၃၄ နှစ်) မောင်းနှင်ပြီး ကွမ်းသီးအိတ်များ တင်ဆောင်လာသော (၁၂)ဘီးယာဉ်မှာ နောက်ဘီးတာယာများ အပူလွန်ကဲရာက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရှိရပြီး မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်နောက်ပိုင်း ဝဲ/ယာ တာယာရှစ်လုံးနှင့် ယာဉ်၏ ကိုယ်ထည်ကြမ်းခင်းများ မီးလောင်ဆုံးရှုံးခဲ့သဖြင့် ယာဉ်မောင်း မျိုးဇင်ဦးအား ဂန့်ဂေါမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကိုရဲ**

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၂ တွင် ဖော်ပြပါရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင် ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သမဝါယမအမှတ်စဉ်(၁၂)ပါ ချေးငွေကျပ်ဘီလီယံ (၄၃၉ . ၈၈)တွင် သမဝါယမနှင့် ပြင်ပတစ်လအတိုးကျသင့်ငွေ ကွာခြားချက်ဇယား (ပြည်သူများအတွက်သက်သာမှု) ဇယားအောက်ရှင်းတမ်း၌ **တစ်လအတိုး ကျပ်(၅၀၅၈ . ၅၈၃)သာပေးရသဖြင့်** (အစား) **ကျပ်သန်း (၅၀၅၈ . ၅၈၃) သာပေးရသဖြင့်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သမဝါယမဝန်ကြီးဌာန**



# ထင်းအစားထိုးလောင်စာများသုံးစွဲခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု အားကောင်းစေမည်

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံအတွင်း မြို့ပြဒေသများတွင် အိမ်ထောင်စု ၅၀ ရာခိုင်နှုန်းကျော်ခန့်၊ ကျေးလက်ဒေသများတွင် ၈၀ ရာခိုင်နှုန်းခန့်သည် ထင်း၊ မီးသွေးကို အစားအစာချက်ပြုတ်ရာ၌ လောင်စာအဖြစ် အသုံးပြုလျက်ရှိသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ဒေသခံပြည်သူများ ထင်းလောင်စာအခက်အခဲဖြည့်ဆည်းပံ့ပိုးနိုင်ရန်အတွက် ကျေးရွာသုံးထင်းစိုက်ခင်းများ တည်ထောင်၍ နီးစပ်ရာကျေးရွာများအား ထင်းဝေငှမှုဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများ၊ ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ရန် ခွင့်ပြုဆောင်ရွက်ပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာတစ်ရွာလျှင် ဘက်စုံသုံး စိုက်ခင်းတစ်ဧက၊ တစ်အိမ်ထောင်သစ်မာအပင် ၂၀၊ တစ်အိမ်ထောင်လျှင်ကျွန်းသုံးပင်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ထင်းအစား အခြားလောင်စာ တိုးမြှင့်သုံးစွဲရေးအတွက် စွမ်းအားမြှင့်မီးဖို၊ လောင်စာတောင့်များ ဖြန့်ဝေခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးချဲ့သုံးစွဲရေး ပညာပေးဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်နှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင်ငွေတို့သည် နိုဝင်ဘာ ၂၉ ရက်က ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်ရှိ ပုဂ္ဂလိကပိုင် မြန်မာဘိုင်အိုမက်စ်ပါဝါ ကုမ္ပဏီ၏ စပါးခွံလောင်စာတောင့်ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ကြည့်ရှုကာ စပါးခွံလောင်စာတောင့် ထုတ်လုပ်ဖြန့်ဖြူးမှုအခြေအနေများကို လေ့လာခဲ့ကြသည်။ စပါးခွံလောင်စာတောင့်မှထုတ်လုပ်ပေးနိုင်သည့် စွမ်းအင်ပမာဏ၊ စပါးခွံလောင်စာတောင့်ဖြင့် ထင်းလောင်စာလိုအပ်ချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်နိုင်မှုနှင့် နိုင်ငံတကာတွင် လောင်စာတောင့်ထုတ်လုပ်မှု လေ့လာတွေ့ရှိချက်များကို စက်ရုံတာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စပါးခွံလောင်စာတောင့်ထုတ်လုပ်၍ စွမ်းအင်လောင်စာထောက်ပံ့နိုင်မှု၊ စွန့်ပစ်ပစ္စည်းများအား စနစ်တကျစီမံခန့်ခွဲ၍ လောင်စာအဖြစ် ပြောင်းလဲအသုံးချနိုင်မှု၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် လောင်စာဖြည့်ဆည်းပေးနိုင်မှု၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမှု၊ နိုင်ငံတကာကွန်ရက်နှင့် ဆက်သွယ်ဆောင်ရွက်ရန်လိုအပ်မှု စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



# ဆရာဝန်အသင်းမှ အမှုဆောင်အဖွဲ့များ ရွေးချယ်နိုင်ရန် သတ်မှတ်ထားသော ပုံစံများ ထုတ်ဝေ

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံဆရာဝန်အသင်း ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်မှ ရန်ကုန်တိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ဒီဇင်ဘာ ၂၆ ရက်တွင် လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် လည်းကောင်း ကျင်းပမည်ဖြစ်ရာ ရွေးချယ်ခံကိုယ်စားလှယ် ဆရာဝန်များအနေဖြင့် သတ်မှတ်ထားသော ပုံစံနှင့်အရည်အချင်းသတ်မှတ်ချက်များအား မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)သို့ ဆက်သွယ်မေးမြန်း၍ ပုံစံများ ထုတ်ယူနိုင်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ညောင်လေးပင်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ

**ညောင်လေးပင် ဒီဇင်ဘာ ၂**

ပွင့်လင်းရာသီသို့ရောက်ရှိလာသဖြင့် ညောင်လေးပင်မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်၍ သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာလ စတုတ္ထပတ်က ညောင်လေးပင် မြို့မဈေးကြီးရှေ့မျက်နှာစာ၌ ကျင်းပခဲ့သည်။

အဆိုပါ သရုပ်ပြပွဲတွင် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းထိုက်က မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးများကို အသုံးပြု၍ မီးငြိမ်းသတ်နည်းများကို လက်တွေ့ပြသသည်။

ထို့နောက် အပေါ့စားရေစုပ်စက်များ၊ မီးသတ်ယာဉ်များ အသုံးပြု၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေးကြီးအတွင်း၊ အပြင်တို့၌ လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# အလိုအလျောက်ပိုက်ရေတန်းစနစ်ဖြင့် ဥစားကြက်မွေးမြူရေး ဆောင်ရွက်

**နောင်ချို ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ကုန်ကြီးရွာမအုပ်စု ရေဝင်ကျေးရွာရှိ ဒေသခံ ကျေးလက်နေပြည်သူများသည် တောင်ယာသီးနှံများဖြစ်သော ဂျုံ၊ အာလူးစသည့်သီးနှံများကို အများဆုံးစိုက်ပျိုးကြသည့်အပြင် နေထိုင်သူ တိုင်းရင်းသားအများစုသည် ရွာအနီး ကော်ဖီခြံ၌ ဥစားကြက်များကို အလိုအလျောက်ပိုက်တန်း ရေတိုက်စနစ်ဖြင့် စီးပွားဖြစ်မွေးမြူထားသည့်အတွက် ပုံမှန်ဝင်ငွေရရှိလာကြောင်း သိရသည်။

“ဥစားကြက်ကောင်ရေ သုံးသောင်း မွေးမြူထားပါတယ်။ ဥစားကြက်ဖြစ်ဖို့ဆိုတာ အတော်လေး ဂရုစိုက်မွေးမြူရပါတယ်။ တစ်ရက်သားကနေ လေးလသားအထိ (ကြက်ပေါက်) လေးလသားမှ ၂၂ ပတ်သားအထိ (ဥစမ်း-မတမ်း) ၂၂ ပတ်သားမှ ၂၆ ပတ်သားအထိဆို ကောင်းမွန်စွာ ရောင်းတန်းဝင်ဥ ရရှိပါတယ်။ ဥထွက်နှုန်းအနေနဲ့ ရာသီဥတုနဲ့လိုက်ပြီး အတက်အကျရှိပါတယ်။ ဥစားကြက်တစ်ကောင်ရဲ့ ဥနိုင်တဲ့ သက်တမ်းက ၅၄ ပတ်သက်တမ်းရှိပါတယ်။ ဥစားကြက်တစ်ကောင်ရဲ့တန်ဖိုးအနေနဲ့ တစ်သားကနေ ဥရတဲ့အထိ တစ်သောင်းခန့်ရှိပါတယ်။ ကြက်စာကို သာမန်ကြက်စာကျွေးလို့ မရပါဘူး။ ပြောင်း၊ ပဲပုပ်၊ ပဲဖတ်တို့ ကိုဝယ်ယူကျွေးရပါတယ်။ အထူးသဖြင့် ဥစားကြက်တွေဟာ ရေအလွန်သောက်ပါတယ်။ ဒါကြောင့် အလုပ်သမားအင်အားနဲ့ မလုံလောက်ပါဘူး။ ဥစားကြက်တွေအတွက် သီးသန့်လူမပါဘဲ ရေတိုက်စနစ်ဖြစ်တဲ့ ပိုက်တန်းအလိုအလျောက် ရေတိုက်စနစ်ကိုပါ လုပ်ထားရပါတယ်။ နေ့စဉ်ကြက်ခြံအလုပ်သမားတစ်ဦးကို ငွေကျပ် သုံးထောင်ပေးရပါတယ်။ တင်ပို့ရောင်းချမှုအနေနဲ့ ပြင်ဦးလွင်၊ မန္တလေးအစရှိတဲ့ မြို့ကြီးတွေကို တင်ပို့ရောင်းချပါတယ်”ဟု အဆိုပါကျေးရွာ၏ ဥစားကြက်မွေးမြူရေး ခြံပိုင်ရှင်တစ်ဦးက ပြောသည်။



ထို့ကြောင့် အဆိုပါဒေသခံ ဥစားကြက် မွေးမြူရေးလုပ်ငန်းရှင်များသာမက နေ့စားအလုပ်သမားများပါ မိသားစုစားဝတ်နေရေး အဆင်ပြေကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**


၂၀၁၆-ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်
ကျောင်းသားကျောင်းသူများအတွက်
ထူးချွန်အောင်မှတ်ရ လမ်းညွှန်
ကျောင်းသားအများဆောင်
ရွှေလက်ဆောင်
ထွက်ပြီ
အခန်းလိုက်အနှစ်ချုပ်မှတ်စုများ
မေးခွန်း(၅)စုံနှင့်အဖြေများ
တစ်ဘာသာ တစ်အုပ်ချင်း


## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ဒီဇယ်ဆီအိတ်ဖွင့်တင်ဒါအမှတ်(၃)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ခရိုင်အဖွဲ့များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ဒီဇယ်ဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် ခရိုင် | ပစ္စည်းအမျိုးအစား | အရေအတွက် |
| --- | --- | --- |
| (က) တောင်ကြီးခရိုင် | ဒီဇယ် | ၃၀၀၀၀ဂါလန် |
| (ခ) လွိုင်လင်ခရိုင် | ဒီဇယ် | ၉၀၀၀၀ဂါလန် |
| | စုစုပေါင်း | ၁၂၀၀၀၀ဂါလန် |

(ဂ) **တင်ဒါရောင်းချမည့်ရက်** - ၄-၁၂-၂၀၁၅ရက်မှ ၉-၁၂-၂၀၁၅ရက်အထိ နံနက် ၉နာရီမှ ၁၆း၀၀နာရီ(ရုံးချိန်အတွင်း)

(ဃ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ကြီးမြို့။

(င) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၀-၁၂-၂၀၁၅ရက် မွန်းတည့် ၁၂နာရီ

(စ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်** - ၁၁-၁၂-၂၀၁၅ရက် ၁၃း၀၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၀၁၆၊ ၀၈၁-၂၁၂၁၆၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# ဘိုင်းဒါးကြိုးဝိုင်းအတွင်း၌ ဆင်သားရေခြောက်များ ဖမ်းဆီးရမိ

**ကျောက်တံခါး ဒီဇင်ဘာ ၂**

ကျောက်တံခါးမြို့နယ် ဘိုင်းဒါးကြိုးဝိုင်းအတွင်း၌ နိုဝင်ဘာ ၃၀ ရက်က တရားမဝင်ဆင်သားရေ(ကြပ်တိုက်)အခြောက်နှင့် ဆင်နှာမောင်းခြောက် စုစုပေါင်းအလေးချိန် ၁၀၄ ဒသမ ၈၆ ပိဿာကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၇ ရက်က ဘိုင်းဒါးဘိနယ်တာဝန်ခံ ဦးကံမင်းနိုင်၏ သတင်းပေးချက်အရ ပဲခူးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးဇင်မွန်နိုင် ဦးဆောင်၍ မြို့နယ်သစ်တောဦးစီးမှူးဦးစန်းယုနှင့် သစ်တောဝန်ထမ်းများ၊ ဖဒိုနယ်မြေရဲစခန်းမှ ဒုရဲအုပ်ဇေယျာလင်းနှင့် တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၃၀ ရက် နံနက် ၇ နာရီခွဲက ပဲခူးရိုးမအတွင်း တောနင်းရှာဖွေစဉ် ဆင်သားရေ(ကြပ်တိုက်)အခြောက်များ သယ်ယူနေသည်ကို သတင်းရ၍ အကွက်အမှတ်(၉၇)တွင် ရှာဖွေမှုများပြုလုပ်ရာ ဆင်သားရေခြောက် (ကြပ်တိုက်) ငါးခြင်းအလေးချိန် ၉၅ ဒသမ ၈၈ ပိဿာ၊ ဆင်နှာမောင်းခြောက် တစ်ခြင်း အလေးချိန် ၈ ဒသမ ၉၈ ပိဿာ စုစုပေါင်းခြောက်ခြင်း အလေးချိန်ပေါင်း ၁၀၄ ဒသမ ၈၆ ပိဿာကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီး ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနက သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေပုဒ်မအရ ဆင်မုဆိုးအဖွဲ့နှင့် ဆင်သားရေခြောက်များ သယ်ယူသည့်အဖွဲ့အား စုံစမ်းဖော်ထုတ် အရေးယူပေးပါရန်တိုင်ကြားချက်အရ ဖဒိုနယ်မြေရဲစခန်းက ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ- ခင်ကို(ကျောက်တံခါး)**



**တရားမဝင် ဆင်သားရေခြောက်များကို နိုင်လွန်ခြင်းများဖြင့် သယ်ဆောင်လာသည်ကို သိမ်းဆည်းရမိစဉ်။**

# ဆိုင်ကယ်တိမ်းမှောက်၊ တစ်ဦးသေဆုံး

**ပုသိမ် ဒီဇင်ဘာ ၂**

ပုသိမ်မြို့ မဟာဗန္ဓုလလမ်း ရွှေဝတ်မှုံ(၅)လမ်းထိပ်၌ ဒီဇင်ဘာ ၁ ရက် နံနက် ၂ နာရီခွဲက ဆိုင်ကယ်တိမ်းမှောက်မှုကြောင့် လူတစ်ဦးသေဆုံးခဲ့သည်။

ပုသိမ်တက္ကသိုလ် အဝေးသင်ကျောင်းသားများစာမေးပွဲဖြေဆိုပြီးချိန် ပုသိမ်တက္ကသိုလ်အဝေးသင်ဒုတိယနှစ်(သမိုင်း) ဘာသာရပ်ကျောင်းသား စမိုင်းကာ (၁၉ နှစ်)သည် ယာဉ်မောင်းလိုင်စင်မရှိ ဆိုင်ကယ်လိုင်စင်မရှိ ဘာသာရပ်တူ ကျောင်းသား ဝင်းဇော်ဦး(၂၃ နှစ်)အား ဆိုင်ကယ်နောက်မှတင်ဆောင်၍လမ်းလေးခွဆုံ ကျောက်ရုပ်အဝိုင်းကိုကွေ့ပတ်ကာ ပုသိမ်ဟိုတယ်ဘက်သို့ မောင်းနှင်လာစဉ် ဝဲဘက်လမ်းလယ်ကျွန်းအုတ်ခုံကို ဝင်တိုက်မိရာမှ ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်မောင်းသူ စမိုင်းကာတွင် ဒဏ်ရာများရရှိပြီး ဝင်းဇော်ဦးမှာ ဒဏ်ရာများရရှိ၍ သေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းစမိုင်းကာကို ပုသိမ်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ပုသိမ်-လှကြည်**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂**

မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃၀ ရက်က လဲချားမြို့ဘက်မှ ပင်လုံမြို့ဘက်သို့ စိုးလင်းထိုက်မောင်းနှင်ပြီး စည်သူအောင်နှင့်ကျော်ဝင်းထွန်းတို့ လိုက်ပါလာသည့် ယာဉ်အမှတ် 6D/----ကိုရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၂၂၇၀ နှင့် နိုဝင်ဘာ ၂၉ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်းနှင့် နောင်ရိုးလမ်းထိပ်တွင် လမ်းလျှောက်လာသူ ခင်မောင်တင့်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်စစ်ဆေးဖော်ထုတ်ချက်အရ ပန်းဘဲတန်းမြို့နယ် (၇)ရပ်ကွက် ၂၉ လမ်း မ/၉၉ မြေညီထပ်ရှိ ထိန်လင်း၏ "ရတနာကျွန်း" ရွှေရည်စိမ်ဆိုင်ခန်းကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၆ ပြား၊ မြန်မာငွေကျပ် ၇၀၀၀၀ ကျပ်နှင့် ၎င်းနေထိုင်ရာ ဒဂုံ(မြောက်ပိုင်း)မြို့နယ် (၃၁)ရပ်ကွက် ဘုရင့်နောင်လမ်း အမှတ် ၃၃၀ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၀ နှင့် မြန်မာငွေကျပ် ၅၀၀၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ) ကိုရဲ**



# ကျောက်မီးသွေးလုပ်သားတစ်ဦး မြေပြို၍သေဆုံး

**မင်းလှ ဒီဇင်ဘာ ၂**

မင်းဘူးခရိုင် မင်းလှမြို့နယ် ရေနံမနယ်မြေရှိ ကျောက်မီးသွေးတွင်း၌ လုပ်သားတစ်ဦး မြေပြို၍ နိုဝင်ဘာ ၃၀ ရက်က သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ကိုမင်း(၃၂နှစ်) ကျောက်မီးသွေးတူးဖော်ရေးကုမ္ပဏီ လုပ်သားကသစ်ကျေးရွာ မင်းဘူးမြို့နယ်နေသူသည် ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲက ကျောက်မီးသွေးတူးဖော်ရေး ကုမ္ပဏီလုပ်သားများဖြစ်သည့် မောင်တိုး(၂၃နှစ်)၊ ကိုမျိုး(၂၆နှစ်)၊ ကိုနေဖြိုး(၁၈နှစ်)တို့နှင့်အတူ အနက်ပေ ၁၀၀ ခန့် အကျယ်ရှစ်ပေခန့်ရှိသော ကျောက်မီးသွေးကျင်းအတွင်း ကျောက်မီးသွေးတူးဖော်နေကြစဉ် မြေပြိုကျခဲ့ရာ ကိုမင်းနှင့်ကိုတိုးတို့အား မြေကြီးများပိနေခဲ့သောကြောင့် ကိုမျိုးနှင့်နေဖြိုးတို့က အလုပ်သမားခေါင်း ဦးသောင်းမြင့်ထံသို့ အကြောင်းကြားသဖြင့် ကုမ္ပဏီဝန်ထမ်းအဖွဲ့က သွားရောက်ကယ်ထုတ်ခဲ့ရာ ကိုမင်းနှင့်မောင်တိုးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ပဒါန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်စဉ် ကိုမင်းမှာရရှိသောဒဏ်ရာဖြင့် လမ်း၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းလှမြို့နယ် ရေနံမနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

# ကျွဲကျောင်းနေသည့် မိန်းကလေးကို သားမယားအဖြစ် ပြုကျင့်

**တောင်ငူ ဒီဇင်ဘာ ၂**

တစ်ရွာတည်းနေသူ အမျိုးသားတစ်ဦးက ကျွဲကျောင်းနေသည့် မိန်းမပျိုလေးအား မျက်နှာကိုအဝတ်ဖြင့်အုပ်၍ ဓားဖြင့်ထောက်ကာ သားမယားအဖြစ်ပြုကျင့်ခဲ့သောအမှုတစ်ခု နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာအုပ်စု သပြေလှကျေးရွာအနောက်ဘက်ရှိ တောထဲ၌ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မ----(၂၁နှစ်)သည် ၎င်းနေထိုင်သောကျေးရွာ အနောက်ဘက် နှစ်ဖာလုံခန့်အကွာ တောထဲ၌ တစ်ယောက်တည်း ကျွဲကျောင်းနေစဉ် မွန်းလွဲ ၂ နာရီခန့်က မျက်နှာကိုအဝတ်ဖြင့်ဖုံးထားသည့် အမျိုးသားတစ်ဦး ရောက်ရှိလာကာ အရိုးအသွား ၈ လက်မခန့်ရှိ ဓားဖြင့်ထောက်၍ သားမယားအဖြစ် ပြုကျင့်ခဲ့ကြောင်း မ----က သားမယားအဖြစ်ပြုကျင့်သူ၏ မျက်နှာမှ အဝတ်အားဆွဲလှန်ကြည့်မှ တစ်ရွာတည်းနေ လှစိုး(၃၇ နှစ်)ဖြစ်ကြောင်း သိရှိခဲ့၍ တောင်ငူအမှတ်(၃)နယ်မြေရဲစခန်းသို့ သွားရောက်အမှုဖွင့်တိုင်တန်းခဲ့ရာ ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

ရွှေဆောင်(၁)
၀၁-၂၅၂၁၁၃
၀၁-၃၈၈၀၁၄

မင်္ဂလာ စံပြ
ဖုန်း - ၀၉၂၆၀၈၈၇၀၁၅
၀၁ ၂၃၀၃၁၆၅
၀၉ ၇၃၁၇၆၀၀၀

မင်္ဂလာနိုင်းမွန်း
နိုင်းမွန်းပလာဇာ(၅)လွှာ၊
မန္တလေး
ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊
၀၉၄၀၂၇၆၅၆၄၂

နေပြည်တော်(၁)
ဖုန်း - 251277
251288

မင်္ဂလာနိုင်းမွန်း
နိုင်းမွန်းပလာဇာ(၅)လွှာ၊
မန္တလေး
ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊
၀၉၄၀၂၇၆၅၆၄၂

မင်္ဂလာထွန်းသီရိ
(ပြည်)
၀၉၇၉၉၁၁၈၃၇၅၁
၀၉၇၉၉၁၁၈၃၇၅၂

နေပြည်တော်(၃)
ဖုန်း - 251277
251288

မင်္ဂလာ (၂)
ဒဂုံစင်တာ(၂) မြေနီကုန်း
ဖုန်း - ၀၉၇၃၂၅၄၀၉၁
၀၉၇၃၂၅၄၀၉၂

မင်္ဂလာ စံပြ
ဖုန်း - ၀၉၂၆၀၈၈၇၀၁၅
၀၁ ၂၃၀၃၁၆၅
၀၉ ၇၃၁၇၆၀၀၀









# အလုပ်ရှင်နှင့်အလုပ်သမား အငြင်းပွားမှုကြောင့် လပ်ကီးရှူးဖိနပ်စက်ရုံအလုပ်သမားများ အခက်အခဲရင်ဆိုင်နေရ



**ရန်ကုန် ဒီဇင်ဘာ ၂**

လှိုင်သာယာစက်မှုဇုန်(၄)၌ အလုပ်သမား ၈၀၀ ခန့် EC စာချုပ်ကိုလိုက်နာရန် ဆန္ဒထုတ်ဖော်ခဲ့ပြီး ၁၀ ရက်အတွင်းစက်ရုံနှင့် ပြေလည်မှုရရှိ၍ လုပ်ငန်းခွင်ဝင်နေခဲ့သော်လည်း နှစ်လနီးပါးကြာ အလုပ်ရှင်အလုပ်သမားပြဿနာဖြစ်ပွားနေသော LUCKY SHOE ဖိနပ်စက်ရုံ အလုပ်သမားများအနေဖြင့် ခုံသမာဓိ၏ဆုံးဖြတ်ချက်ကို လိုက်နာကာ ဒီဇင်ဘာ ၁ ရက် နံက် ၈ နာရီတွင် စက်ရုံအတွင်း ကျန်ရှိသော အလုပ်သမား ၆၅ ဦး လုပ်ငန်းခွင်ဝင်ရောက်စဉ် ပိုင်ရှင်က တစ်ရက်လျှင် ၁၅ ဦးစီသာ အလုပ်လုပ်ခွင့်ပြုမည်ဟု ပြောဆိုသောကြောင့် အခက်အခဲနှင့်ရင်ဆိုင်နေရသည့်အတွက် မြို့နယ်အလုပ်သမား၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးသို့ တိုင်ကြားခဲ့ကြောင်း သိရသည်။

"ဒီနေ့ခုံသမာဓိရဲ့ဆုံးဖြတ်ချက်ကို လိုက်နာတဲ့အနေနဲ့ အလုပ်ပြန်ဆင်းတော့ စက်ရုံပိုင်ရှင်က အားလုံးကိုခွင့်မပြုနိုင်ဘူး။ တစ်ရက်ကို ၁၅ ဦးစီပဲ ရွေးချယ်ပြီးခန့်မယ်လို့ ပြောပြီး အကျပ်ကိုင်တယ်။ အားလုံးစိတ်မကောင်းဖြစ်ရတယ်။ မလုပ်နိုင်မှန်းသိပေမယ့် တစ်နေ့ ဖိနပ်အရန်ရေ ၁၈၀၀ ကို စားဝတ်နေရေးအခက်အခဲကြောင့် အလုပ်ဝင်ခဲ့ပေမယ့် အဆင်မပြေဘူးဖြစ်နေတယ်။ အလုပ်သမားတွေပိုပြီးစိတ်ခံစားရတာက စက်ရုံပိုင်ရှင်က ထမင်းရောစားရရဲ့လား၊ ထမင်းရောပါရဲ့လား။ မင်းတို့အပြင်မှာ နှစ်လလောက်နေတာ ဘယ်ကစားစရိတ်ရလဲ။ မိဘမှာအဆင်ပြေရင် ပြန်တောင်းလိုက်ဦးဆိုတဲ့စကားတွေဟာ စက်ရုံအလုပ်သမားထုကို သရော်သလို နှိမ်ချပြီးဆက်ဆံတာပဲ ဖြစ်ပါတယ်။ ကျွန်မတို့ဘဝက တစ်ပူပေါ် နှစ်ပူဆင့်သလို ဖြစ်နေပြီ"ဟု စက်လိုင်းအခေါင်းဆောင်မတင်လေးခိုင်က ပြောသည်။

အဆိုပါစက်ရုံ၌ အလုပ်သမား ၃၂၀ ခန့်ရှိပြီး အလုပ်သမားအားလုံး ဆန္ဒထုတ်ဖော်ခဲ့သော်လည်း အလုပ်ထွက်သူ၊ အခြားစက်ရုံသို့ ပြောင်းရွှေ့သူနှင့် စားဝတ်နေရေးကြောင့် စက်ရုံအတွင်းပြန်လည်လုပ်ကိုင်သူတို့ဖြင့် စက်ရုံပြင်ပ၌ ၆၅ ဦးသာ ကျန်ရှိခဲ့ကာ လူဟောင်းဝန်ထမ်းများဖြစ်၍ မန်နေဂျာ၊ အလုပ်ရှင်တို့၏ ဝန်နှင့်အားမမျှတစွာခိုင်းစေခြင်း၊ ဖိအားပေးစေခိုင်းခြင်းတို့ကို ခံစားခဲ့ရကြောင်း၊ NORTH SHORE အထည်ချုပ်အလုပ်သမား ၈၀၀ ခန့်အား နှစ်ရက်အတွင်း လိုင်း ၁၉ လိုင်းဖြင့် EC စာချုပ်ကိုစက်ရုံပိုင်ရှင်က ချုပ်ဆိုခဲ့ပြီး လူ ၆၅ ဦးသာကျန်ရှိသော LUCKY SHOE အလုပ်သမားများကို တစ်ရက် ၁၅ ဦးနှုန်းဖြင့် ရွေးချယ်အလုပ် ပြန်လည်ခိုင်းစေခြင်းသည် အလုပ်ထွက်စေရန်သွယ်ဝိုက်၍ ပုံဖော်ခြင်းသာဖြစ်ကြောင်း အလုပ်သမားများက သုံးသပ်လျက်ရှိသည်။

"စက်ရုံပိုင်ရှင်က ဒီမနက် အလုပ်သမားတွေအပေါ် အကျပ်ကိုင်လုပ်ဆောင်တာကို မြို့နယ်အလုပ်သမား၊ အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးဦးစီးအရာရှိကိုသွားတင်ပြတော့ ဖုန်းဆက်ပြီး အလုပ်သမားတွေနဲ့ ညှိနှိုင်းဆောင်ရွက်ဖို့ပြောတယ်။ စက်ရုံပြန်ပြီး ညှိနှိုင်းဖို့နဲ့ သူလုပ်ပေးနိုင်တာ အကုန်ပဲလို့ပြောတယ်"ဟု အလုပ်သမားကိုယ်စားလှယ် ကိုသီဟက ပြောသည်။

လကုန်ပြီဖြစ်၍ မြင့်တက်လာသော စားစရိတ်၊ တစ်လထက်တစ်လ တိုးတောင်းလာသောအဆောင်ခတို့ဖြင့် တစ်လ ငွေကျပ် တစ်သိန်းနှစ်သောင်းမှ ပေးဆပ်ပြီး ကျန်ငွေကို မိဘရပ်ထံပို့ဆောင်နေရသော အလုပ်သမားများမှာ စက်ရုံမှချမှတ်သောစည်းကမ်းကို လိုက်နာလုပ်ဆောင်လျက်ရှိသော်လည်း ECစာချုပ်ကို လိုက်နာမှုအားနည်းသောစက်ရုံ၊ အလုပ်သမားတို့၏အခက်အခဲကို အခွင့်ကောင်းယူကာ ချိုးနှိမ်စွာဆက်ဆံသော အလုပ်ရှင်များကြောင့် ကုန်ထုတ်စွမ်းအားကျဆင်းခြင်း၊ လုပ်ငန်းခွင် ပျော်ရွှင်မှုအားနည်းလာခြင်း၊ အလုပ်ရှင်အလုပ်သမား အငြင်းပွားမှုများ မကြာခဏဖြစ်ပွားခြင်းတို့ကို ဖိတ်ခေါ်သကဲ့သို့ရှိနေသည်။ ထိုသို့ဖြစ်ပျက်မှုက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့်အတွက် ကြီးမားလာမည့် အငြင်းပွားမှုများကိုငယ်စေ၍ ငယ်သောအငြင်းပွားမှုများပပျောက်အောင် ဆောင်ရွက်ခြင်းဖြင့် အလုပ်သမားတို့၏ ဘဝတည်ငြိမ်အေးချမ်းမှုကို ရရှိခံစားစေမည်ဖြစ်ကြောင်း မုန့်စက်ရုံမန်နေဂျာတစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

**သန်းထိုက်(လှိုင်သာယာ)**

# အောင်မြင်သာကျေးရွာ လူနေအိမ်သစ်များဆောက်လုပ်

**ကလေး ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ၌ လွန်ခဲ့သော ဇူလိုင်နှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ကလေးမြို့နယ် ပျဉ်းခုံကြီးကျေးရွာအုပ်စုရှိ အောင်မြင်သာကျေးရွာသည် ရွာလုံးကျွတ်နီးပါး ရွှံ့နွံအောက်သို့ရောက်ရှိခဲ့သည်။ ယခုအချိန်တွင် လူနေအိမ်သစ် ၄၈ လုံးကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆန်းသစ္စာဦးကုမ္ပဏီက ဆောက်လုပ်ပေးလျက်ရှိရာ ယနေ့အထိ လူနေအိမ်သစ် ၃၃ လုံး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



"ကျွန်တော်တို့ အောင်မြင်သာကျေးရွာမှာ အိမ်ခြေ ၂၀၃ အိမ်ရှိပါတယ်။ ရေကြီးတာနဲ့ အိမ်တချို့ဆိုရင် အိမ်အောက်ထပ်အထိ ရွှံ့နွံတွေမြုပ်ပြီး တချို့အိမ်တွေဆိုရင် အိမ်အားလုံးအထိ နစ်မြုပ်နေပါတယ်။ ရွာထဲမှာရော အိမ်ထဲမှာပါ ရွှံ့နွံတွေ ပြည့်နှက်နေတော့ အခုအချိန်မှာ ရွာလမ်းမတွေလည်း ပြန်လည်ဖော်ထုတ်ပြီးပြီ။ လူနေအိမ်သစ်တွေကို ဆောက်လုပ်ပေးတာတွေ အတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေအပေါ် ကျေးရွာနေပြည်သူတွေက အလွန်ကျေးဇူးတင်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ကလေးမြို့နယ်၌ ရေဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်ရမည့်လူနေအိမ် ၃၅၈ လုံးရှိရာ ရာနှုန်းပြည့်ပြီးစီးသော လူနေအိမ် ၂၂၃ လုံး၊ ဆောက်လုပ်ဆဲ ၇၈ လုံး၊ ဆောက်လုပ်ရန် ကျန် ၅၇ လုံးဖြစ်ကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံမှ သိရသည်။

**ဂျူနိုင်း**

# ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

နေပြည်တော် ပျဉ်းမနားမြို့နယ် ပြည်သူ့ပေါင်းလောင်းအားကစားကွင်း၌ စိုးလှုပ်စစ်ဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော စိုးလှုပ်စစ်ဖောင်ဒေးရှင်းဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁ ရက်က ကျင်းပသည်။

ဗိုလ်လုပွဲတွင် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက်က တောင်သာရပ်ကွက်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ရွာကောက်ရပ်ကွက်က ပထမဆု၊ တောင်သာရပ်ကွက်က ဒုတိယဆု၊ ရန်အောင်(၂)ရပ်ကွက်နှင့် ညောင်ပင်သာကျေးရွာတို့က ပူးတွဲတတိယဆုဆွတ်ခူးခဲ့ကြသည်။ စိုးလှုပ်စစ်ဖောင်ဒေးရှင်းက ပထမဆုငွေကျပ်သိန်း ၅၀၊ ဒုတိယဆုငွေကျပ်သိန်း ၃၀ နှင့် တတိယပူးတွဲနှစ်သင်းကို တစ်သင်းလျှင် ငွေကျပ် ၁၀ သိန်းစီ ချီးမြှင့်ခဲ့ပြီး အသန့်ရှင်းဆုံးအသင်းဆု မင်္ဂလာအသင်းနှင့် နေရာအလိုက်ကစားသမားအကောင်းဆုံးဆုများကို ကစားသမားများအား ပေးအပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမင်းနောင်၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး၊ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ပထမ၊ ဒုတိယ၊ တတိယပူးတွဲရရှိသောအသင်းများကို စိုးလှုပ်စစ်ဖောင်ဒေးရှင်းနာယက ဦးစိုးတင်နှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**မျိုးဇေယျာ(ပျဉ်းမနား)**


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၅ယ/၁၁၄၇၈ ဟွန်ဒါ blade 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိန် ၁၀/မဒန(နိုင်)၂၄၇၁၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4C/4424 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

**မွေးနေ့ဆုမွန်ကောင်း**

ချစ်သူလေး မြင့်သီဒါ၏ ၃-၁၂-၂၀၁၅ရက်တွင် ကျရောက်သော (၂၂)နှစ်ပြည့်မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သူ၊ ချစ်သောမိသားစုနှင့်အတူ တစ်သက်တာကာလပတ်လုံး ပျော်ရွှင်ချမ်းမြေ့ပြီး ရှေ့ဆက်ရမယ့်အနာဂတ်ဘဝခရီးလမ်းတစ်လျှောက် အခက်အခဲများအားလုံးကို ကျော်ဖြတ်ပြီး ကံကောင်းခြင်းအလင်းရောင်များ ထွန်းလင်းတောက်ပကာ အေးချမ်းသာယာသောဘဝကို ပိုင်ဆိုင်နိုင်ပါစေလို့ မွေးနေ့ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

**အချစ်ဆုံးလေးရဲ့ကိုကို**

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

မွန်ပြည်နယ်၊ မုဒုံမြို့၊ ပိန္နဲတိုက်ရပ်ကွက်၊ အောင်သီရိလမ်းသွယ် ၁ လမ်း၊ အမှတ်(၃၅)နေ ဦးအောင်ကြည်-ဒေါ်ခင်လေးတို့၏သား **မောင်အောင်မျိုးဦး**နှင့် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ထိပ်တင်မှတ် ၁ လမ်း၊ အမှတ် ၈၆၆ နေ (ဦးမောင်သန်း) ကုန်သွယ်လယ်ယာ(ငြိမ်း)-ဒေါ်တင်လှိုင်တို့၏သမီး **မဝင်းချိုမာ** BA (Myanmar) တို့သည် ၂၇-၁၁-၂၀၁၅ ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးကြောင်း။

**အများသိသာစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အနောက်(၁)ရပ်ကွက်၊ ထူပါရုံ(၅)လမ်း၊ အမှတ်(၁၀၃၂)၊ မြေညီထပ် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးပါဝင်သောတိုက်ခန်းကို ပိုင်ရေးဆိုင်ခွင့်ရှိသူ ကန်ထရိုက်တာ ဦးချစ်ကိုကိုမောင် ၁၂/ဒဂန(နိုင်)၀၀၀၀၅၃ ထံမှ ကျွန်ုပ်မိတ်ဆွေသည် ၅-၈-၂၀၁၄ရက်တွင် ကြိုပွဲဝင့်စနစ်ဖြင့် အပြီးအပိုင်ငွေပေးချေလျက်ဝယ်ယူ၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အနောက်(၁)ရပ်ကွက်၊ ထူပါရုံ (၇)လမ်း၊ အမှတ်(၉၈၄)၊ ပထမထပ် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးပါဝင်သော တိုက်ခန်းကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ကန်ထရိုက်တာ ဦးမောင်လှ ၁၂/လမတ(ဧည့်)၀၀၀၅၈၉ထံမှ ၃၀-၇-၂၀၁၅ရက်တွင် အပြီးအပိုင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီးပါကြောင်း အများသိသာရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မြတ်မြတ်စိုး (စဥ်-၇၄၆၇)**

**တရားလွှတ်တော်ရှေ့နေ**

**ဖုန်း-၀၉-၂၅၄၂၁၄၄၂၉၊ ၇၈၂၁၆၁၅၉၃**

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ**

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၆ ရက် (အမျိုးသားအောင်ပွဲနေ့) များတွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

*For Rent*
Daewoo Excavator / Wheel Loader
09-5055904
09-254120599

**ပျောက်ဆုံးခြင်း**

ကျွန်တော် သိန်းဟံ (ဘ) ဦးဘကျော် ၉/ပဘန(နိုင်)၁၆၃၇၅၁ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပြည်တွင်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **သိန်းဟံ**

**ဖုန်း-၀၉-၂၅၀၀၉၉၈၁၉**

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဒီဇင်ဘာ (၂/၅/၇)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
**Speaking** နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

## စစ်ကိုင်းတိုင်းဒေသကြီး
# ကျောင်းပေါင်းစုံ ကျောင်းသားအားကစားပွဲကျင်းပ



မုံရွာ ဒီဇင်ဘာ ၂

၂၀၁၅-၂၀၁၆ ပညာသင်နှစ် စစ်ကိုင်းတိုင်းဒေသကြီး အခြေခံပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၂၉ ရက်က မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးက ၂၀၁၅-၂၀၁၆ ပညာသင်နှစ် စစ်ကိုင်းတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲအား ဖွင့်လှစ်ပေးကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ အမျိုးသား ဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် ရွှေဘိုခရိုင်အသင်းနှင့် ခန္တီးခရိုင်ကိုယ်စားပြု အသင်းတို့ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တိုင်းဒေသကြီး အခြေခံပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပပြီး တိုင်းဒေသကြီးအတွင်းရှိ ပညာရေးခရိုင်များဖြစ်သော စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘို၊ ကလေး၊ ကသာ၊ ခန္တီးခရိုင်တို့မှ ကျောင်းသူ ကျောင်းသား အားကစားမောင်မယ် ၁၀၅၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အမျိုးသားဘောလုံးပြိုင်ပွဲများအား တိုင်းဒေသကြီးဘောလုံးကွင်းနှင့် လယ်ဇင်စံပြကျေးရွာ ဘောလုံးကွင်းတွင် လည်းကောင်း၊ ကြက်တောင်နှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို တိုင်းဒေသကြီး မိုးလုံလေလုံ အားကစားရုံအတွင်း လည်းကောင်း၊ စစ်တုရင်၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲများအား အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် လည်းကောင်း၊ ရိုးရာခြင်းလုံးပြိုင်ပွဲအား အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းတွင် လည်းကောင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲများကို တိုင်းဒေသကြီး အားကစားကွင်းတွင် လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း-မုံရွာ**

---

## ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲ ကျင်းပမည်

ဇီးကုန်း ဒီဇင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ မူလာရာမသမိုင်းဝင် မြသိန်းရုံစွယ်တော်မြတ်စေတီတော်၏ (၃၂)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူနှင့်ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲကိုစည်ကား သိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၁၃၇၇ ခုနှစ် တန်ဆောင်းမုန်းလပြည့်ကျော် ၅ ရက်နေ့တွင် မဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲ၊ လပြည့်ကျော် ၁၁ ရက် နှင့် ၁၂ရက်တွင် မြန်မာ့ခြင်းပညာရှင်များက ခြင်းဝိုင်းအလှုအကဖြင့်လည်းကောင်း၊ လပြည့်ကျော် ၁၃ ရက်တွင် နှစ်ကျိပ် ရှစ်ဆူဘုရားများနှင့် ဗုဒ္ဓမြတ်စွယ်တော်နှင့် ပိဋကတ်တော်များကို ရတနာဆင်တော်နှစ်စီးဖြင့် ပင့်ဆောင်ပြီး ဒေဝါ ဝင်း၊ ရာဇာဝင်း၊ နိပါတ်တော်များဖြင့် မြို့တွင်းလှည့်လည်အပူဇော်ခံသွားမည်ဖြစ်သည်။

မြန်မာသက္ကရာဇ် ၆၇၄ခုနှစ်တွင် သာယာဝတီနန်းမြို့တည် သုံးမြို့ရှင်(ဝါ) သတိုးနော်ရထာမင်းမြတ်က မြသိန်းရုံစေတီတော်မြတ်အား ယခုနေရာတွင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

---

# ဘုရားဖူးမော်တော်ယာဉ်များထံမှ ငွေကြေးတောင်းခံနေမှုများကြောင့် ယာဉ်အန္တရာယ်စိုးရိမ်ရ



ညောင်ဦး ဒီဇင်ဘာ ၂

ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသဖြစ်သည့် ပုဂံ - ညောင်ဦးမြို့သို့ ခရီးသွားရာသီဖြစ်၍ ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်များ အဆက်မပြတ် လာရောက်လည်ပတ်ကြလေ့ရှိခြင်းကြောင့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ညောင်ဦးမှ ကျောက်ပန်းတောင်းသို့ နေ့စဉ် ဖြတ်သန်းသွားလာလျက်ရှိသည်။

ညောင်ဦးမှ ကျောက်ပန်းတောင်းသို့ သွားလမ်းဖြစ်သည့် (ရွှေလှိုင်းကျေးရွာအနီး) ရွှေလှိုင်းချောင်းတစ်လျှောက်၌ ဖြတ်သန်းသွားလာနေသည့် ဘုရားဖူး မော်တော်ယာဉ်များထံမှ လူကြီး၊ ကလေးများ မကျန် အုပ်စုလိုက် ငွေကြေးတောင်းခံနေမှုများမှာ ဘုရားဖူးခရီးသွားများအတွက် ယာဉ်အန္တရာယ်ဖြစ်မည်ကို စိုးရိမ်နေရကြောင်း ဘုရားဖူးလာရောက်သည့် မော်တော်ယာဉ်အချို့မှ ကားဆရာများက ပြောသည်။

“ကျွန်တော်တို့ ဘုရားဖူးဧည့်သည်တွေအနေနဲ့ ယခုလို အုပ်စုလိုက် ငွေကြေးတောင်းခံနေမှုတွေ မရှိစေချင်ပါဘူး။ ပုဂံ-ညောင်ဦးမြို့ဟာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသဖြစ်လို့ ခရီးသွားရာသီတွေမှာ ပြည်တွင်း ဘုရားဖူးဧည့်သည်တွေ တင်မကဘဲ ပြည်ပ နိုင်ငံတကာမှ နိုင်ငံခြားသားဧည့်သည်တွေ အများအပြား လာရောက်နေတဲ့အတွက်ကြောင့် အလွန်ကို မြင်မကောင်းစေတဲ့ အနေအထားတွေပါ။ ပြီးတော့ မလိုလားအပ်တဲ့ ယာဉ်တိုက်မှု အန္တရာယ်တွေလည်း စိုးရိမ်ရပါတယ်။ နောက်ပြီး ဘုရားဖူးခရီးသွားဧည့်သည်တွေအနေနဲ့လည်း ဒီလိုမျိုး ငွေကြေးတောင်းခံမှုတွေကို အားမပေးသင့်ဘူးလို့ အကြံပြုပြောချင်ပါတယ် ” ဟု ရန်ကုန်မြို့မှ ဘုရားဖူးလာရောက်သည့် ဧည့်သည်တစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

---

# အသက်လေးလအရွယ်ကလေးများအား ပိုလီယိုရောဂါကာကွယ်ဆေး ထိုးနှံပေး

ပေါင် ဒီဇင်ဘာ ၂

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျန်းမာရေးဌာန ၁၁ ခုတွင်းရှိ (၃)ရပ်ကွက်/ကျေးရွာများရှိ ဆေးထိုးစုရပ်များ၌ အသက်လေးလအရွယ် ကလေးများအား ပိုလီယိုရောဂါကာကွယ်ဆေးထိုးဆေး (IPV)ထိုးနှံပေးခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁ ရက်နှင့် ၂ ရက်တွင် တစ်ပြိုင်တည်း ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ပိုလီယိုအကြောသေရောဂါသည် အလွန်ကူးစက်ပျံ့နှံ့လွယ်၍ ရောဂါပိုးရှိလူနာ၏မစင်မှတစ်ဆင့် အစာနှင့်ရေများသို့ ရောက်ရှိကာ အခြားလူတစ်ဦး၌ ရောဂါကူးစက်ဖြစ်ပွားစေကြောင်း၊ ပိုလီယိုအကြောသေလူနာတစ်ဦးဖြစ်ပွားလျှင် ကလေး၏ပတ်ဝန်းကျင်၌ နေထိုင်သော ကလေးငယ် ၂၀၀ မှ ၁၀၀၀ သည် ရောဂါလက္ခဏာမပြဘဲ ပိုလီယိုရောဂါပိုး ကူးစက်နေပြီဖြစ်ကြောင်း၊ ပိုလီယိုအကြောသေရောဂါ ဖြစ်ပွားပါက ဖျားခြင်း၊ အန်ခြင်း၊ ဇက်တောင့်ခြင်း၊ လက်ခြေများနာကျင်ခြင်း၊ အားနည်းခြင်းနှင့် အကြောသေ၍ မသန်စွမ်းခြင်းများဖြစ်ပြီး ပျောက်ကင်းအောင် ကုသ၍မရနိုင်သောကြောင့် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်သည့်အနေဖြင့် ကာကွယ်ဆေးကို မပျက်မကွက်ထိုးနှံသင့်ကြောင်း မြို့နယ်ပြည်သူ့ဆေးရုံမှ ဒေါက်တာဒေါ်ခင်စုစုဟန်က ပြောကြားခဲ့သည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ယခင်ပုံမှန်ကာကွယ်ဆေးဖြစ်သည့် (OPV) ပိုလီယိုအစက်ချကာကွယ်ဆေးနှင့် အတူတွဲ၍ ဒုတိယအကြိမ် ပုံမှန်ကာကွယ်ဆေးထိုးမည့်အသက် လေးလအရွယ် ကလေး ၃၉၅ ဦးတို့အား ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးထိုးဆေး (IPVo)ကို ထည့်သွင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



---

**သတင်းတိုများ**

## မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး ပြိုင်ပွဲများကျင်းပ

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အားကစားနှင့် ကာယပညာကော်မတီမှ မြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ (TSDP) အစီအစဉ်ဖြင့် မီနီမာရသွန်၊ ပိုက်ကျော်ခြင်း၊ ဘောလုံးပြိုင်ပွဲ အားကစားသုံးမျိုးကျင်းပရန် စီစဉ်ထားရာ မီနီမာရသွန်ပြိုင်ပွဲကိုနိုဝင်ဘာစတုတ္ထပတ်က ကျင်းပပြီး ဆုရကျောင်းသား ကျောင်းသူများအား အောင်ဇေယျာခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက (TSDP) ကော်မတီမှ ဆုတံဆိပ်နှင့် ဆုငွေများကို ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသား အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲကို ကျင်းပလျက်ရှိပြီး ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၆ ရက် မြို့မဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သိန်းဖေ(ပြန်/ဆက်)**

## စာရေးဆရာအသင်း စာပေဟောပြောပွဲဆိုင်ရာ အကြိုဆွေးနွေး

စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲနှင့်စာပေပြိုင်ပွဲများကို ပညာရေးဌာနနှင့် မြင်းမူမြို့နယ် စာရေးဆရာအသင်းတို့ပူးပေါင်း၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာပေဟောပြောပွဲနှင့် စာပေပြိုင်ပွဲတွင် စာပေဟောပြောပွဲအတွက် စာပေပညာရှင်ကြီးများကို ဖိတ်ကြားထားပြီး စာပေပြိုင်ပွဲအတွက် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်မြင့် (နေမျိုးသန့်)က ရှင်းလင်းပြောကြားသည်။

**(၀၇၉)**

## ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ကျင်းပ

ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က မြောင်းမြမြို့ခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံ သံဃာဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပေးပို့သော သဝဏ်လွှာကို ဆေးရုံအုပ်ကြီးဒေါက်တာဦးတိုးတိုးကဖတ်ကြား၍ ဆေးရုံအုပ်ဒေါက်တာ ဝါဝါယဉ်က ပိုလီယိုရောဂါ ကာကွယ်ဆေး (IPV)ထိုးဆေးအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **အောင်မင်း(ပြန်/ဆက်)**

## ကျေးလက်မီးရရှိရေးဆောင်ရွက်

ကျေးရွာများလျှပ်စစ်မီး ၂၄ နာရီရရှိနိုင်ရေး လျာထားချက်အရ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျွန်းကုန်း၊ ကြာဖြူ၊ ဘဲချောင်းကျေးရွာများသို့ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်သိန်း၊ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်အဖွဲ့ ကွင်းဆင်းတိုင်းတာ စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများတွင် လျှပ်စစ်မီးသုံးစွဲမည့်အိမ်ခြေမှာ ကျွန်းကုန်းကျေးရွာ၌ ၇၆၁ အိမ်၊ ကြာဖြူကျေးရွာ၌ ၃၂၀၊ ဘဲချောင်းကျေးရွာ၌ ၁၅၀ စုစုပေါင်း သုံးရွာ အိမ်ခြေ ၁၂၃၁ လုံးမှာ ၂၄ နာရီမီးလင်းတော့မည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(ဝါးခယ်မ)**

## မန္တလေးတွင် ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ကျင်းပ

ကမ္ဘာ့ခုခံအား ကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မန္တလေးမြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာ ဝင်းလှိုင်က အမှာစကားပြောကြားပြီး ကျန်းမားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကပေးပို့သော ၂၀၁၅ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ သဝဏ်လွှာကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်က ဖတ်ကြားသည်။ အဆိုပါ ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ကျင်းပခဲ့သော ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြန်နှုန်းမြင့်မြင့်မှာ တာယာမပွင့်စေဖို့ အပိုင်း(၁)

သိပ္ပံစာရေးဆရာကိုကိုအောင်

စက်တပ်ယာဉ်နှင့် စက်မဲ့ယာဉ်မှန်သမျှတို့တွင် ဘီးဟူသည်မှာ မောင်းနှင်သွားလာနေစဉ်၌ ဖြစ်စေ၊ ရပ်နားထားချိန်၌ ဖြစ်စေ၊ အချိန်ပြည့် တာဝန်ထမ်းဆောင်နေရသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ သံလမ်းပေါ်၌ မောင်းနှင် သွားလာနေရသည့် ရထားများ၊ လယ်ယာသုံး စက်ကိရိယာများ၊ လက်တွန်းလှည်းများနှင့် တိရစ္ဆာန်ဆွဲသော ယာဉ်အချို့တို့မှလွဲ၍ ကျန်ယာဉ်များအားလုံးသည် သံမဏိဘီးခွေနှင့်အတူ တာယာကိုပါ ပူးတွဲတပ်ဆင်အသုံးပြုကြရသည်။ ယန္တရားကြီးများ၊ ဝန်ချီစက်တပ်ဆင်ထားသည့် ယာဉ်များ၊ လေယာဉ်ပျံနှင့် ဟယ်လီကော့ပ်တာ စသည့်ယာဉ်များသည်လည်း တာယာနှင့်ကင်းကွာ၍ မရနိုင်ပေ။

တာယာကို အများဆုံး တပ်ဆင်အသုံးပြုလျက်ရှိနေသောယာဉ်များမှာ မော်တော်ကားများပင် ဖြစ်သည်။ တာယာထုတ်လုပ်သော ကုမ္ပဏီကြီးများသည် အပျော်စီးလူစီးဆလွန်းကားများ၊ ပစ်ကပ်နှင့် လိုက်ထရပ်များ၊ ဘတ်စ်ကားများ၊ ကုန်တင်ယာဉ်များစသည့် အမျိုးမျိုးသော မော်တော်ကားများအတွက် တာယာအတန်းအစားအမျိုးမျိုးကို ထုတ်လုပ်ပေးလျက်ရှိနေကြသည်။

တာယာအမျိုးမျိုးတို့ကို ထုတ်လုပ်ရာတွင် နိုင်ငံတကာစံနှုန်းများအတိုင်း အရည်အသွေးပြည့်မီအောင်ထုတ်လုပ်ပေးနိုင်မှသာ အများက လိုလိုလားလားလက်ခံနိုင်သည့် တာယာအမှတ်တံဆိပ်တစ်ခု ဖြစ်လာနိုင်သည်။ ယနေ့ ကမ္ဘာပေါ်တွင် နာမည်ကျော်တာယာ အမှတ်တံဆိပ်ပေါင်းများစွာတို့သည် မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီကြီးများ၊ မော်တော်ကားတင်ပို့ရောင်းချသည့် ကုမ္ပဏီများ၊ ဝယ်ယူတင်သွင်းသည့် ကုမ္ပဏီများနှင့်တကွ မော်တော်ကားတစ်စီးချင်းကို ဝယ်ယူသုံးစွဲနေသူများ၏ အားကိုးအားထားပြုခြင်းကို ခံနေကြရသည်။

သာမန်အားဖြင့် အရည်အသွေး အသင့်အတင့်ကောင်းမွန်သည့် တာယာအမျိုးအစားများသည် အပျော်စီးဆလွန်းကားများ၊ ပစ်ကပ်နှင့် လိုက်ထရပ်ယာဉ်များအတွက် ဈေးနှုန်းသက်သာစွာဖြင့် အသုံးပြုခွင့်ကို ရရှိစေသည်။ ယင်းသို့သော အပျော်စီးယာဉ်ငယ်များကို မြို့တွင်းမောင်းနှင်ရန်အတွက် တာယာ၏အရည်အသွေး အနိမ့်အမြင့်မှာ မသိသာလှသော်လည်း၊ အဝေးပြေးလမ်းမများပေါ်၌ မြန်နှုန်းမြင့် မောင်းနှင်ရသည့် အခါမျိုးတွင် တာယာ၏ အရည်အသွေးကောင်းမွန်ရန်နှင့် အတန်းအစားမြင့်မားရန် အထူးလိုအပ်သည်။

ခရီးသည်တင် ဘတ်စ်ကားကြီးများနှင့် ကုန်တင်ယာဉ်ကြီးများအတွက်မူ မြို့တွင်းမောင်းနှင်ရာ၌ ဖြစ်စေ၊ ခရီးဝေးမောင်းနှင်ရာ၌ ဖြစ်စေ၊ အရည်အသွေးကောင်းမွန်သောတာယာများကိုသာ ရွေးချယ်တပ်ဆင်ရမည် ဖြစ်သည်။ အရည်အသွေးကောင်းမွန်သော တာယာတို့မည်သည်မှာ တာယာပွန်းစားနှုန်းနည်းပါးခြင်း၊ ကြမ်းတမ်းသောလမ်းများပေါ်၌ မောင်းနှင်သည့်အခါ တာယာသားများ ပဲ့ထွက်မသွားနိုင်ခြင်း၊ မော်တော်ကား၏ အရှိန်မြင့်တင်မှုအပေါ် အဟန့်အတားမဖြစ်ခြင်း စသည့် အင်္ဂါရပ်များနှင့် ပြည့်စုံရမည်ဖြစ်သည်။

ကမ္ဘာ့အဆင့်မီ အရည်အသွေးကောင်းမွန်သောတာယာများကို ထုတ်လုပ်နေကြသည့် ကုမ္ပဏီကြီးများသည် မိမိတို့ထုတ်လုပ်အပ်သော တာယာအမျိုးအစားနှင့် အတန်းအစားအသီးသီးတို့၏အပေါ်တွင် တာယာ၏ ဝန်ခံနိုင်အားကိုသော်လည်းကောင်း၊ အမြင့်ဆုံး မောင်းနှင်နိုင်သည့် အမြန်နှုန်းကိုသော်လည်းကောင်း ရိုက်နှိပ်ဖော်ပြထားကြသည်။ ထိုသို့ဖော်ပြရာတွင် အချို့သော တာယာအမှတ်တံဆိပ်များသည် စာသားများဖြင့် အပြည့်အဝ ရိုက်နှိပ်ဖော်ပြထားကြသလို. . . အချို့သော တာယာအမှတ်တံဆိပ်များကမူ အပြည့်ပြည့်ဆိုင်ရာ သတ်မှတ်ချက်သင်္ကေတများဖြင့် ရိုက်နှိပ်ဖော်ပြထားလေ့ရှိကြသည်။



မော်တော်ကား ပိုင်ရှင်တို့သည် မိမိလက်ဝယ်သို့ ကားတစ်စီးရောက်ရှိလာသည်နှင့် ကားဘီး၏ တာယာများပေါ်တွင် ရေးသားဖော်ပြထားသော ဝန်ခံနိုင်ရည်အားနှင့် အမြန်နှုန်းကန့်သတ်ချက်တို့ကို ဦးစွာဖတ်ရှုမှတ်သားရန် လိုအပ်သည်။ အချို့သော မော်တော်ကားများတွင် အမျိုးအစားနှင့် အတန်းအစားတူညီသောတာယာများ တပ်ဆင်ထားသည်ကို တွေ့ရှိနိုင်သလို. . . အချို့ကားများ၌မူ အမျိုးအစား တူညီသော်လည်း အတန်းအစားမတူသော တာယာများ၊ အတန်းအစားတူသော်လည်း အမျိုးအစားမတူသည့် တာယာများ၊ အမျိုးအစားနှင့် အတန်းအစားမျိုးစုံသော တာယာများတပ်ဆင်ထားကြသည်ကို တွေ့ရှိနိုင်သည်။

သာမန်အားဖြင့် ဘီးလေးဘီးပါသော မော်တော်ကားတစ်စီးတွင် ဘီးသုံးဘီးမှာ အမှတ်တံဆိပ်လည်းတူ. . . အရည်အသွေးလည်းကောင်း. . . အတန်းအစားလည်းမြင့်သော တာယာများကို တပ်ဆင်ထားပြီး ကျန်တစ်ဘီး၌မူ အမှတ်တံဆိပ်လည်းကွဲ. . . အရည်အသွေးလည်းညံ့. . . အတန်းအစားလည်းနိမ့်သောတာယာကို တပ်ဆင်ထားခဲ့မည်ဆိုပါက အရည်အသွေးနှင့် အတန်းအစားနိမ့်သည့် အဆိုပါ တာယာကပင် စတင်ပျက်စီးလိမ့်မည် ဖြစ်သည်။

အချို့သော မော်တော်ကားများမှာ အဝေးပြေးလမ်းမများပေါ်တွင် မြန်နှုန်းမြင့်မြင့်ဖြင့် မောင်းနှင်သွားလာနေရင်း တာယာပွင့်ထွက်သွားမှုကြောင့် တိုက်မိခြင်း၊ တိမ်းမှောက်ခြင်းနှင့် အသက်ဆုံးရှုံးခြင်းများ ဖြစ်ပွားရလေ့ရှိသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အမျိုးအစားကောင်းသော်လည်း အတန်းအစားနိမ့်သည့် တာယာများကို တပ်ဆင်ထားမိခြင်း၊ အမျိုးအစားလည်းညံ့. . . အတန်းအစားလည်းနိမ့်သော တာယာများကို တပ်ဆင်ထားမိခြင်း၊ အမျိုးအစားလည်းကောင်း. . . အတန်းအစားလည်း မြင့်သော တာယာများကို တပ်ဆင်ထားသည့်တိုင် ခွင့်ပြုဝန်အားထက် ပိုမိုတင်ဆောင်မောင်းနှင်မိခြင်းနှင့် ခွင့်ပြုအမြန်နှုန်းထက်ကျော်လွန်အောင် မောင်းနှင်မိခြင်း၊ လိမ်နေသောတာယာများ. . . ပန်းသား ပါးလွန်းသောတာယာများ. . . ပန်းမျက်နှာပြင် စူထွက်နေသောတာယာများ. . . ဘေးသားမျက်နှာပြင် စူထွက်နေသောတာယာများ. . . အကြိမ်ကြိမ် ဖာထေးပြုပြင်ထားသည့်တာယာများ. . . အမျိုးအစားညံ့သော ကျွတ်နှင့်တွဲဖက်တပ်ဆင်ထားမိသည့် တာယာများ. . . ခွင့်ပြုလေပေါင်အားထက် ပိုမိုဖြည့်သွင်းထားသည့် တာယာများကို တပ်ဆင်ထားမိခြင်း စသည်တို့ကြောင့်ပင် ဖြစ်သည်။

ကားပိုင်ရှင်များအနေဖြင့် မိမိကားအတွက် ဝယ်ယူတပ်ဆင်မည့် တာယာများ၌ နိုင်ငံတကာသတ်မှတ်စံနှုန်းများအရ ရိုက်နှိပ်ဖော်ပြထားသော ကိန်းဂဏန်းများနှင့် သင်္ကေတများကို စေ့စေ့စပ်စပ်ချာစွာ လေ့လာသင့်ကြသည်။ တာယာများပေါ်၌ ဖော်ပြထားသည့် ခွင့်ပြုဝန်ခံနိုင်အားနှင့် ခွင့်ပြုအမြန်နှုန်းတို့သည် ကားတစ်စီးအတွက် ထိခိုက်တိမ်းမှောက်မှု မဖြစ်ပွားစေရန် ကြိုတင်ပြင်ဆင်ခွင့်ကို ပေးထားခြင်းပင် ဖြစ်သည်။ တာယာပန်းသားနှင့် တာယာဘေးမျက်နှာပြင်တို့အပေါ်ရှိ အပြစ်အနာအဆာများကိုမူ မျက်မြင်စစ်ဆေးကြည့်ရှုခြင်းဖြင့် လွယ်လင့်တကူ သိရှိနိုင်ကြမည်ဖြစ်သည်။

ခရီးသည်တင် ဘတ်စ်ကားကြီးများနှင့် ကုန်တင်ယာဉ်ကြီးများအတွက်မူ မြို့တွင်း မောင်းနှင်ရာ၌ ဖြစ်စေ၊ ခရီးဝေးမောင်းနှင်ရာ၌ ဖြစ်စေ၊ အရည်အသွေးကောင်း မွန်သောတာယာများကိုသာ ရွေးချယ်တပ်ဆင်ရမည် ဖြစ်သည်။ အရည်အသွေး ကောင်းမွန်သော တာယာတို့မည်သည်မှာ တာယာပွန်းစားနှုန်း နည်းပါးခြင်း၊ ကြမ်း တမ်းသောလမ်းများပေါ်၌ မောင်းနှင်သည့်အခါ တာယာသားများ ပဲ့ထွက်မသွားနိုင် ခြင်း၊ မော်တော်ကား၏ အရှိန်မြှင့်တင်မှုအပေါ် အဟန့်အတားမဖြစ်ခြင်းစသည့် အင်္ဂါရပ်များနှင့် ပြည့်စုံရမည်ဖြစ် . . .



မော်တော်ကားတာယာများ ထုတ်လုပ်ရာတွင် တာယာဘေးမျက်နှာပြင်ပေါ်၌ တာယာနှင့် ပတ်သက်သော သတင်းအချက်အလက် အပြည့်အစုံကို ရိုက်နှိပ်ဖော်ပြပေးကြရသည်။ မည်သည့်နိုင်ငံက ထုတ်လုပ်သည့်တာယာဖြစ်စေ၊ မည်သည့်အမှတ်တံဆိပ် တာယာဖြစ်စေ နိုင်ငံတကာ သတ်မှတ်စံနှုန်းများအရ အောက်ဖော်ပြပါ အချက်အလက်များကို မလွဲမသွေဖော်ပြကြရသည်။

(၁) တာယာအမျိုးအမည် (Brand)
(၂) တာယာအမျိုးအစား (Type)
(၃) တာယာအရွယ်အစား (Size)
(၄) ထုတ်လုပ်သည့်နိုင်ငံ (Country of Origin)
(၅) ထုတ်လုပ်မှုရက်စွဲ (Manufacturing Date)
(၆) အများဆုံးခံနိုင်သည့် လေဖိအား (Maximum Pressure)
(၇) အများဆုံးခံနိုင်သည့် ဝန်အား (Maximum Load)
(၈) အမြင့်ဆုံးမောင်းနိုင်သည့်အမြန်နှုန်း (Maximum Speed)
(၉) အထူးဖော်ပြချက်များ (Special Description)

တာယာအမျိုးအမည်ဆိုသည်မှာ တာယာ၏ အမှတ်တံဆိပ်ကို ဆိုလိုခြင်းဖြစ်သည်။ တာယာအမျိုးအမည်သည် တာယာတစ်ခုလုံးတွင် အထင်ရှားဆုံးသော စာလုံးများလည်း ဖြစ်သည်။ တာယာအမျိုးအစား ဆိုသည်မှာ ကျွတ်ထည့်သုံးရန် မလိုသော Radial Ply တာယာနှင့် ကျွတ်ထည့်သုံးရသည် Cross Ply တာယာစသည်ဖြင့် ခွဲခြားထားခြင်းကို ဆိုလိုသည်။

တာယာအရွယ်အစားဆိုသည်မှာ ဘီးခွေ၏အချင်းနှင့် တာယာအလုံး၏ ကန့်လန့်ဖြတ်အတိုင်းအတာတို့ကို ပူးတွဲဖော်ပြထားခြင်း ဖြစ်သည်။ ဥပမာ. . . တာယာ၏ ကန့်လန့်ဖြတ်အတိုင်းအတာမှာ ၇ ဒသမ ၅ လက်မရှိပြီး အချင်း ၁၅ လက်မရှိသည့် ဘီးခွေတွင် တပ်ဆင်အသုံးပြုရမည့် တာယာများကို (၇ . ၅၀×၁၅)ဟူ၍ ဖော်ပြပေးထားခြင်းမျိုး ဖြစ်သည်။

ထုတ်လုပ်သည့်နိုင်ငံဆိုသည်မှာ တာယာကို တာဝန်ယူထုတ်လုပ်သည့် စက်ရုံနှင့်ကုမ္ပဏီတို့ အခြေစိုက်တည်ရှိရာနိုင်ငံကို ဖော်ပြထားခြင်း ဖြစ်သည်။ ဤနေရာတွင် တာယာအမှတ်တံဆိပ်ချင်းတူစေကာမူ ထုတ်လုပ်သည့်ကုမ္ပဏီခွဲနှင့် စက်ရုံခွဲ အများအပြားရှိနိုင်သည့်အတွက် တာဝန်ယူထုတ်လုပ်သည့် ကုမ္ပဏီနှင့် စက်ရုံတို့ အခြေစိုက်ရာနိုင်ငံကိုသာ ဖော်ပြထားခြင်းဖြစ်သည်။

ထုတ်လုပ်မှုရက်စွဲဟုဆိုရာ၌ တာယာကို နောက်ဆုံးအဆင့် အပြီးသတ်ထုတ်လုပ်ခဲ့သည့်ရက်စွဲကို ဖော်ပြထားခြင်း ဖြစ်သည်။ ထုတ်လုပ်မှုရက်စွဲကို များသောအားဖြင့် ခုနှစ်နှင့်လတို့ကိုသာ ဖော်ပြလေ့ရှိကြပြီး ယေဘုယျအားဖြင့် ယင်းသို့ ဖော်ပြထားသည့် ထုတ်လုပ်မှု ရက်စွဲမှစ၍ ငါးနှစ်မပြည့်မီကာလအတွင်း သုံးစွဲကြရမည် ဖြစ်သည်။

တာယာများ၌ Maximum Pressure ဟူသော စာသားနှင့် ကပ်လျက်တွင် ကိန်းဂဏန်းအချို့ ပူးတွဲဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။ ယင်းဖော်ပြချက်၏ အဓိပ္ပာယ်မှာ တာယာကို လေဖြည့်သွင်းသည့်အခါ အများဆုံးခံနိုင်ရည်ရှိသည့် လေဖိအား(လေပေါင်)ကို ကန့်သတ်ပေးထားခြင်း ဖြစ်သည်။ လေဖိအား ၃၈ ပေါင်အထိသာ ခံနိုင်ရည်ရှိသည့် တာယာများပေါ်တွင် 38 Psi ဟုလည်းကောင်း၊ လေဖိအား ၅၁ ပေါင်အထိသာ ခံနိုင်ရည်ရှိသည့် တာယာများတွင် 51 Psi ဟုလည်းကောင်း ဖော်ပြပေးထားကြသည်။ Psi ၏ အဓိပ္ပာယ်မှာ တစ်စတုရန်းလက်မပေါ်တွင် သက်ရောက်နေသည့် ဖိအား (လေပေါင်ချိန်) (Pound per Square Inch)ပင် ဖြစ်သည်။

မည်သည့်တာယာမဆို ယင်းတာယာက အများဆုံး ထမ်းထားနိုင်သည့် ဝန်အားအကန့်အသတ်မှာ ရှိစမြဲပင်ဖြစ်သည်။ သတ်မှတ်ဝန်အားထက် ပို၍လေးလံလာသည့်အခါ တာယာ၏ခံနိုင်ရည်အား ကုန်ဆုံးသွားပြီး ပေါက်ကွဲပျက်စီးသွားလိမ့်မည် ဖြစ်သည်။ တာယာ၏ ဝန်ခံနိုင်အားကို ကီလိုဂရမ်ဖြင့်လည်းကောင်း၊ ပေါင်ဖြင့်

စာမျက်နှာ ၁၇ သို့




## ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**မူဆယ် ဒီဇင်ဘာ ၂**

ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်သော ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ခုခံအားကျဆင်းမှုကူးစက်ရောဂါကြောင့် သေဆုံးသူများကို အမှတ်ရစေရန်နှင့် ကမ္ဘာနှင့်တစ်ဝန်း စွမ်းစွမ်းတမံဆောင်ရွက်နေသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်သူလူထုက ပိုမိုသိရှိပြီး နိုးကြားတက်ကြွစွာ ပါဝင်လာစေရန်ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဦးဆောင်ပြီး ဌာနဆိုင်ရာများ၊ ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အိပ်ချ်အိုင်ဗွီပိုးရှိ ရှင်သန်သူများ၊ မိသားစုများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက ထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအမှာစကား ပြောကြားသည်။ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအတွင်းရေးမှူး Mr.LorenzoRedalle နှင့် အဖွဲ့ဝင်များ၊ တယ်ဟုန်ပြည်နယ် ကြက်ခြေနီအသင်းတာဝန်ခံနှင့် အဖွဲ့ဝင်များ၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာညဏ်မြင့်နှင့် အဖွဲ့များ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ပါသည်။

ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့(World AIDS Day) လှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်းလုံးတွင် ၁၉၈၈ခုနှစ်မှ စတင်ကျင်းပပြီး နှစ်စဉ် ဒီဇင်ဘာ ၁ ရက်နေ့မှစ၍ ပထမ ရက်သတ္တတစ်ပတ်အတွင်း ကျင်းပပြုလုပ်လေ့ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၈၉ ခုနှစ်မှစတင်ပြီး ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုနှစ်တွင် ၂၇ ကြိမ်ရှိပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းတွင် မြို့နယ်အဆင့် အေအာရ်တီ ဆင့်ပွားကုဌာနများ ဖွင့်လှစ်ပြီး တိုးချဲ့ဆောင်ရွက်ကာ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်လူနာပေါင်း တစ်သိန်း ကျော်ကို အေအာရ်တီဆေးဝါးနှင့် အခမဲ့ကုသပေးလျက်ရှိသည်။ အေအာရ်တီ ဆေးဝါးအခမဲ့ပေး၍ ကုသပေးမှုသည် ၂၀၁၀ ခုနှစ်မှ ၂၀၁၅ အထိ ငါးနှစ်တာကာလအတွင်း သုံးဆကျော်အထိ တိုးမြှင့်ကုသပေးနိုင်လာခြင်းဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

# ထိုင်းနိုင်ငံတွင် မြန်မာအချင်းချင်း လုပ်အားခခေါင်းပုံဖြတ်သဖြင့် မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးအဖွဲ့က ဖြေရှင်းပေးခဲ့ရ

**ဗန်ကောက် ဒီဇင်ဘာ ၂**

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်၏တောင်ဘက် ကီလိုမီတာ ၈၀ ကျော် အကွာတွင်ရှိသော ခြုံဘူရီခရိုင် ဘိုဝင့်မြို့နယ်ရှိ ပန်းရံဆိုက်တစ်ခု၌ အလုပ်လုပ်ကြသည့် မြန်မာအလုပ်သမားများအား ပုတ်ပြတ်ယူသည့် မြန်မာကန်ထရိုက်က လုပ်အားခမပေးခဲ့သဖြင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand)MAT အဖွဲ့က နိုဝင်ဘာ ၂၈ ရက်က သွားရောက်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုတ်ပြတ်ကန်ထရိုက်လုပ်ငန်းရှင် ကိုစိုး(ခ)ဆုန်ချိုင်းဆိုသူက ဦးအောင်ကျော်မြင့်အပါအဝင် မြန်မာအလုပ်သမား အမျိုးသား အမျိုးသမီး ရှစ်ဦး၏ လုပ်အားခဖြစ်သော ဘတ်ငွေ ၁၈၀၉၆၀ ဘတ်ကို ရှင်းမပေးသည့်အပြင် ခြိမ်းခြောက်ပြောဆိုလာသဖြင့် မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင် MAT အဖွဲ့က သွားရောက်ကူညီ ဖြေရှင်းပေးခဲ့ရခြင်းဖြစ်သည်။

ဖြစ်စဉ်တွင် ဖြေရှင်းပေးခဲ့သော MATအဖွဲ့ရုံးတာဝန်ခံ ကိုစိုင်းအေးက "မြန်မာအချင်းချင်း ဖြစ်ကြတာပါ။ ကျွန်တော်တို့အဖွဲ့က သွားရောက်ညှိနှိုင်းပေးတာမရလို့ နယ်မြေခံထိုင်းရဲတွေကို အကူအညီတောင်းခံခဲ့ရပါတယ်။ နယ်မြေခံထိုင်းရဲတွေကလည်း အလုပ်သမားတွေရဲ့ လုပ်အားခတွေရရှိဖို့အတွက် ကူညီပေး ခဲ့ပါတယ်။ ဒါကြောင့် ရရှိမယ့် ဘတ်ငွေများထဲက ဒီနေ့ ဘတ် ၅၀၀၀၀ ရပါပြီ၊ ကျန်တဲ့ငွေ ဘတ် ၁၃၀၉၆၀ ကိုတော့ နောင်နှစ် ဇန်နဝါရီ ၁၆ ရက်မှာ အပြီးရှင်းပေးပါမယ်လို့ ပုတ်ပြတ်ယူတဲ့ မြန်မာကန်ထရိုက်က ရဲစခန်းမှာ ကတိပြုလက်မှတ်ထိုးပေးခဲ့ပါတယ်"ဟု ပြောသည်။

ထိုင်းနိုင်ငံအတွင်း လူကုန်ကူးခံရ၍ဖြစ်စေ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်စဉ် အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရ၍ဖြစ်စေ မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေး ကော်မတီ၏အဖွဲ့ဝင်များဖြစ်သော MAT အဖွဲ့၏ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းခံနိုင်ကြကြောင်း ထိုင်းနိုင်ငံရှိ မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီက ထုတ်ပြန်ကြေညာထားသည်။

**စိုးဝင်း(SP)**

## ယနေ့တိုင် အသုံးပြုနေသော နှစ်ပေါင်း ၁၅၀ ကျော် သက်တမ်းရှိ ရှေးဟောင်းသစ်သားခုတင်

**မိတ္ထီလာ ဒီဇင်ဘာ ၂**

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် သက္ကယ်ကျင်းကျေးရွာအုပ်စု သရက္ကန်(မ) ကျေးရွာတွင်နေထိုင်သည့် မိသားစုတစ်စုတွင် ဘိုးဘွားစဉ်ဆက် အသုံးပြုလာခဲ့သည့် နှစ်ပေါင်း ၁၅၀ ကျော်က ရှေးဟောင်းသစ်သားခုတင်တစ်ခုကို ယနေ့တိုင်အသုံးပြုလျက်ရှိကြောင်း သိရသည်။

"မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ်လောက်ကတည်းက ဘိုးဘွားတွေနေထိုင်တဲ့ တိုက်ကြီးကို ဆောက်ပြီးတော့ ဒီသစ်သားခုတင်ကိုလည်း ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ သစ်သားခုတင် ခေါင်းရင်းပိုင်းမှာတော့ ပန်းခက်ပန်းလက်တွေနဲ့ အမွှမ်းအပြောက်တွေကို လက်ရာမြောက်စွာ ထွင်းထုထားပါတယ်။ သစ်သားကောင်းပြီး လက်ရာကလည်း သေသပ်ကောင်းမွန်တာမို့ ဒီနေ့အထိ ခုတင်တစ်ခုလုံး ခိုင်ခံ့ကောင်းမွန်နေတာပါ"ဟု ဘိုးဘွားစဉ်ဆက် အသုံးပြုခဲ့သည့် နှစ်ပေါင်း ၁၅၀ကျော်သက်တမ်းရှိသည့် ရှေးဟောင်းသစ်သားခုတင်ပိုင်ရှင် ဦးဇော်မြင့်ဦးက ပြောသည်။

အဆိုပါရှေးဟောင်းသစ်သားခုတင်၏ အကျယ်မှာ ၁၁ ပေခန့်ကျယ်ပြီး အရှည် ၆ ပေခွဲခန့်ရှိကာ လူနှစ်ဦးကောင်းစွာ အိပ်စက်နိုင်သည်။ ခုတင်တွင် ခြင်ထောင်ထောင်ရန်အတွက် အမိုးကိုင်း တိုင်လေးခုကိုလည်း ပွတ်လုံးချောများဖြင့် ခိုင်ခံ့သေသပ်စွာ ပြုလုပ်ထားပြီး ယင်းပွတ်လုံးချောတိုင်များကို သံရိုက်ထားခြင်းမရှိဘဲ အံဝင်ခွင်ကျဖြစ်အောင် ရက်ဖောက်ပြုလုပ်ထားသည်ကို တွေ့ရသည်။

"အိမ်က အိမ်သားတွေတော့ မအိပ်စက်တော့ဘဲ ဧည့်သည်တွေလာမှသာ ရှေးဟောင်းသစ်သားခုတင်ကို အသုံးပြုအိပ်စက်စေတာ ဖြစ်ပါတယ်"ဟု ဦးဇော်မြင့်ဦးက ဆက်ပြောပြသည်။ ရှေးဟောင်းသစ်သားခုတင်ဖြစ်ခြင်းကြောင့် လာရောက်ဝယ်ယူသူများရှိသော်လည်း ဘိုးဘွားစဉ်ဆက်အမွေအနှစ်တစ်ခုဖြစ်သောကြောင့် ရောင်းချခြင်းမရှိဘဲ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။ **ချမ်းသာ ( မိတ္ထီလာ)**



## ကျေးရွာသုံးထင်းစိုက်ခင်း လွှဲပြောင်းပေးအပ်

**မလှိုင် ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မြောက်လည်ကျေးရွာအုပ်စု မြောက်လည်ကျေးရွာအနီး၌ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ပျိုးထောင်စိုက်ပျိုးထားသော ဧက ၅၀ အကျယ်ရှိ ကျေးရွာသုံးထင်းစိုက်ခင်းကို ဒေသခံပြည်သူများ အသုံးပြုရန်အတွက် နိုဝင်ဘာ ၂၉ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

စိုက်ခင်းလွှဲပြောင်းပေးအပ်ပွဲတွင် မြောက်လည်ကျေးရွာ ရွာခွဲကိုယ်စားလှယ် ဦးမြင့်ဦးထံသို့ ဧက ၅၀ ကျေးရွာသုံးထင်းစိုက်ခင်းနှင့် ပတ်သက်သည့် လွှဲပြောင်းမှတ်တမ်းကို မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတာဝန်ရှိသူတစ်ဦးက ပေးအပ်ခဲ့သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ထင်းနှင့် အိမ်သုံးမျောတိုင်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျေးရွာသုံးထင်းစိုက်ခင်းများကို နှစ်စဉ်စိုက်ပျိုးပေးပြီး သက်တမ်းငါးနှစ်ပြည့်ပါက ဒေသခံကျေးရွာများသို့ လွှဲပြောင်းပေးလျက်ရှိသည်။ **အောင်ဌေး (မလှိုင်)**

**စာမျက်နှာ ၁၆ မှ**

လည်းကောင်း ဖော်ပြထားလေ့ ရှိကြသလို. . . သင်္ကေတများဖြင့်လည်း ဖော်ပြထားလေ့ ရှိကြသည်။ ဥပမာအားဖြင့် 86 ဟူသော Code No. သည် ၅၃၀ ကီလိုဂရမ် သို့မဟုတ် ၁၁၆၈ ပေါင်ကို ကိုယ်စားပြုပြီး၊ 91 ဟူသော Code No. သည် ၆၁၉ ကီလိုဂရမ် သို့မဟုတ် ၁၃၅၆ ပေါင်ကို ကိုယ်စားပြုပေးထားခြင်း ဖြစ်သည်။ Code No. ၏ ဂဏန်းစဉ်ကြီးသွားလေ. . . ဝန်ခံနိုင်ရည်အား ပိုရှိလေဖြစ်ပြီး ဂဏန်းစဉ်ငယ်သွားလေ. . . ဝန်ခံနိုင်ရည်အား နည်းသွားလေဖြစ်သည်ကို သတိပြုကြရန်လိုအပ်သည်။

**မိမိကားအတွက် ဝယ်ယူတပ်ဆင်မည့် တာယာများ၌ နိုင်ငံတကာသတ်မှတ်စံနှုန်းများအရ ရိုက်နှိပ်ဖော်ပြထားသော ကိန်းဂဏန်းများနှင့် သင်္ကေတများကို စေ့စေ့စပ်စပ်သေချာစွာ လေ့လာသင့်ကြသည်။ တာယာများပေါ်၌ ဖော်ပြထားသည့် ခွင့်ပြုဝန်ခံနိုင်အားနှင့် ခွင့်ပြုအမြန်နှုန်းတို့သည် ကားတစ်စီးအတွက် ထိခိုက်တိမ်းမှောက်မှု မဖြစ်ပွားစေရန် ကြိုတင်ပြင်ဆင်ခွင့်ကို ပေးထားခြင်းပင် ဖြစ်သည်။ တာယာပန်းသားနှင့် တာယာဘေးမျက်နှာပြင်တို့အပေါ်ရှိ အပြစ်အနာအဆာများကိုမူ မျက်မြင်စစ်ဆေးကြည့်ရှုခြင်းဖြင့် . . .**

တာယာတစ်လုံးတွင် အများဆုံးခံနိုင်သည့် ဝန်အားသတ်မှတ်ချက်ရှိသလို. . . အမြင့်ဆုံး မောင်းနှင်နိုင်သည့် အမြန်နှုန်းသတ်မှတ်ချက်လည်း ရှိသည်။ အချို့သောတာယာများ၌ ယင်းသို့သော အမြန်နှုန်းကန့်သတ်ချက်ကို ကိန်းဂဏန်းများဖြင့် အပြည့်အစုံ ဖော်ပြထားကြသော်လည်း၊ တာယာအများစု၌မူ နိုင်ငံတကာသတ်မှတ်ချက်များဖြစ်သော အက္ခရာများဖြင့်သာ ဖော်ပြထားလေ့ရှိကြသည်။ အင်္ဂလိပ်အက္ခရာ L ဟု ရိုက်နှိပ်ထားသော တာယာများကို တစ်နာရီလျှင် ၇၅ မိုင် သို့မဟုတ် ၁၂၀ ကီလိုမီတာနှုန်းအထိသာ အမြင့်ဆုံးမောင်းနှင်နိုင်ပြီး . . . အင်္ဂလိပ်အက္ခရာ H ဟု ရိုက်နှိပ်ဖော်ပြထားသော တာယာများကို တစ်နာရီလျှင် မိုင် ၁၃၀ သို့မဟုတ် ကီလိုမီတာ ၂၁၀ အမြန်နှုန်းအထိသာ မောင်းနှင်နိုင်ကြမည်ဖြစ်သည်။

အချို့သော တာယာထုတ်လုပ်သူများသည် မိမိတို့ထုတ်လုပ်ထားသော တာယာများပေါ်တွင် သာမန်ထက်ပို၍ထူးခြားသော အကြောင်းအရာများကို ဖော်ပြထားလေ့ရှိကြသည်။ အထူးသဖြင့် ရာသီဥတု လွန်ကဲစွာ ပူပြင်းသောဒေသများတွင် မောင်းနှင်နိုင်သော တာယာ၊ ရေခဲမှတ်အောက်ကျဆင်းသည့် အအေးလွန်ကဲသော ဒေသများတွင် မောင်းနှင်နိုင်သည့်တာယာ၊ ရွှံ့ညွန်ထူထပ်လွန်းသော ဒေသများတွင် မောင်းနှင်နိုင်သည့် တာယာ၊ မြန်နှုန်းမြင့်မောင်းနှင်နိုင်သည့် တာယာစသည်ဖြင့် သမားရိုးကျသုံး တာယာများထက်ထူးခြားသည့် အရည်အသွေးနှင့် ပြည့်စုံသော တာယာများပေါ်၌ ထုတ်လုပ်သူတို့က အထူးဖော်ပြချက်အနေဖြင့် ရိုက်နှိပ်ထားကြသည်ကိုလည်း တွေ့ရှိနိုင်သည်။



# ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဖြစ်ထွန်းရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သမဝါယမ

အမှတ်စဉ် (၁၃)

## “ တောင်သူလယ်သမားများ လယ်ယာသုံးစက်ကိရိယာများ ရရှိအသုံးပြုနိုင်အောင် အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် ဆောင်ရွက်ပေးနေသည့် ယနေ့သမဝါယမ ”

- မြန်မာနိုင်ငံ၏ ကျေးလက်ဒေသတွင်နေထိုင်သူ လူဦးရေရာခိုင်နှုန်းမှာ နိုင်ငံလူဦးရေ၏ ၇၀ % ကျော်ရှိ၊
- ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တန်ဖိုး၏ ၂၇. ၉ % မှာ လယ်ယာကဏ္ဍမှဖြစ်၊
- မြန်မာနိုင်ငံရှိ လုပ်သားအင်အား၏ ၆၅ % မှာ လယ်ယာကဏ္ဍတွင် လုပ်ကိုင်လျက်ရှိ ၊
- ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချဖို့ဆိုလျှင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ ဆောင်ရွက်လျက်ရှိသည့် လူ၊ ကျွဲ၊ နွားနှင့်လုပ်သည့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်ရမည်ဖြစ် ၊
- လက်မှုလယ်ယာစနစ်သည် လူ၊ ကျွဲ၊ နွားတို့၏လုပ်အားဖြင့် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် ရာသီအမီစိုက်ပျိုးဖို့ အခက်အခဲရှိခြင်း၊ မိုးလေဝသကိုသာ အဓိကမှီခိုအားထားရခြင်း၊ သီးနှံအလေအလွင့်များခြင်း၊ အထွက်နှုန်းလျော့ခြင်း၊ အရည်အသွေးနိမ့်ကျခြင်း၊ ကုန်ကျစရိတ် များပြားခြင်းတို့ကြောင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း နိမ့်ကျပြီး ထိုက်သင့်သည့် အကျိုးအမြတ်မခံစားရ ၊
- သို့ဖြစ်၍ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ မလွဲမသွေပြောင်းလဲရမည်ဖြစ် ၊
- စက်မှုလယ်ယာသို့ ပြောင်းလဲရန် တောင်သူလယ်သမားများက ကျွဲ၊ နွားများအစား ခေတ်မီလယ်ယာသုံးစက်ကိရိယာများ သုံးစွဲရမည်ဖြစ်၊
- လယ်ယာသုံးစက်ကိရိယာများ၏ လက်ရှိကာလပေါက်ဈေးနှုန်းမှာ လက်တွန်းထွန်စက် တစ်စီးလျှင် ကျပ်သိန်း ၂၀/၃၀၊ ထွန်စက်/ ရိတ်သိမ်းခြွေလှေ့စက် တစ်စီးလျှင် ကျပ်သိန်း (၂၀၀/၃၀၀) ကျော်ရှိသဖြင့် တောင်သူလယ်သမားများအနေဖြင့် လက်ငင်းဝယ်ယူသုံးစွဲနိုင်ရန် အခက်အခဲရှိ ၊
- သို့ဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် တောင်သူများ၏ လယ်ယာသုံးစက်ကိရိယာလိုအပ်ချက်ကို သမဝါယမက အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်။



အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ

## သမဝါယမက အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် ထိရောက်စွာဆောင်ရွက်ပေးမှုအခြေအနေ

### ပြည်တွင်းဈေးကွက်ရှိ လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများကို တောင်သူများ ဝယ်ယူအသုံးပြုနိုင်အောင် သမဝါယမက ကြားခံဆောင်ရွက်ပေးခြင်း

သမဝါယမအသင်းသားတောင်သူများ အသုံးပြုလိုသည့် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများကို အသင်းသားများကိုယ်တိုင် ဈေးကွက်အတွင်းမှ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်အောင် သမဝါယမကကြားခံ၍ ငွေကြေးစိုက်ထုတ်ပေးသည့် အရစ်ကျ ငွေချေစနစ်ဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက်ပေးနိုင်ရန်အတွက် သမဝါယမအသင်းများပိုင် ငွေကြေးနှင့် အသင်းပိုင်ပစ္စည်းများကို အပေါင်ထားကာ ဘဏ်ချေးငွေရယူ၍ ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

### မြန်မာနှင့်ကိုရီးယား နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းပြီး Daedong လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် ရောင်းချပေးခြင်း

ပြည်တွင်းဈေးကွက်ရောက်ရှိပြီးဖြစ်သည့် လယ်ယာသုံးစက်ကိရိယာများကို သမဝါယမကကြားခံပြီး ငွေကြေးစိုက်ထုတ်၍ အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့်ရရှိအောင် ဆောင်ရွက်ပေးရာတွင် ငွေကြေးပမာဏမှာ အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ပေးနိုင်ခြင်း၊ China EXIM Bank မှ ချေးငွေမှာလည်း အစပိုင်းတွင် အသေးစားအရင်းအနှီးချေးငွေအတွက်သာ အသုံးပြုရသည့်အတွက်ကြောင့် သမဝါယမက ငွေစိုက်ထုတ်စရာမလိုဘဲ တောင်သူလယ်သမားများ၏ လိုအပ်ချက်ကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် မြန်မာနှင့်ကိုရီးယား နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းသဘောတူညီမှုအရ ကိုရီးယားနိုင်ငံ Daedong Industrial Co.,Ltd. နှင့် သမဝါယမ ဝန်ကြီးဌာနတို့သည် အမေရိကန်ဒေါ်လာသန်း(၁၀၀) တန်ဖိုးရှိ လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် ဝယ်ယူရန်အတွက် Daedong ကုမ္ပဏီထုတ် လယ်ယာသုံးစက်ကိရိယာများ၏ တည်ဆောက်ပုံ၊ အရည်အသွေး၊ မောင်းနှင်အသုံးပြုနည်းစသည်တို့ကို လယ်သမားများသိရှိလေ့လာနိုင်အောင် တိုင်းဒေသကြီးနှင့် ပြည်နယ် (၇)ခုတွင် ပြုလုပ်ခဲ့ပြီး ကျန်ဒေသအသီးသီးမှ တောင်သူများကိုလည်းဖိတ်ကြား၍ လေ့လာခွင့်ရရှိရေး ဆောင်ရွက်ခဲ့သည်။ ယင်းနောက် ဝယ်ယူမည့်စက်ပစ္စည်းအမျိုးအစား၊ ဈေးနှုန်း၊ ပစ္စည်းအာမခံမှု၊ လေ့ကျင့်သင်ကြားပေးရေး၊ ပြုပြင်ထိန်းသိမ်းရေး စသည့်ဝန်ဆောင်မှုစနစ်များကို သတ်မှတ်ဆုံးဖြတ်ခဲ့ကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အစိုးရအဖွဲ့၏အတည်ပြုချက်၊ ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ရယူပြီး အရောင်းအဝယ်စာချုပ် ချုပ်ဆိုဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

#### ဒေဒုံလယ်ယာသုံးစက်ကိရိယာနှင့် အခြားလယ်ယာသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးမှုအခြေအနေ

| | | | |
|---|---|---|---|
| ❖ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီ | - | ၁၅ | ခု |
| ❖ မြို့နယ် | - | ၂၃၀ | မြို့နယ် |
| ❖ အသင်း | - | ၅၉၁၀ | သင်း |
| ❖ အသင်းသား | - | ၁၉၈၉၈ | ဦး |
| ❖ လယ်ယာသုံးစက်ကိရိယာစီးရေ | - | ၂၀၄၀၈ | စီး |
| ❖ တန်ဖိုး | - | ၁၀၇၁၀၇. ၂၄၀ | ကျပ်သန်း |

#### လုပ်ငန်းသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးမှုအခြေအနေ

| | | | |
|---|---|---|---|
| ❖ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီ | - | ၁၅ | ခု |
| ❖ မြို့နယ် | - | ၂၃၀ | မြို့နယ် |
| ❖ အသင်း | - | ၃၉၂၇ | သင်း |
| ❖ အသင်းသား | - | ၂၃၈၅၃ | ဦး |
| ❖ လုပ်ငန်းသုံးစက်ကိရိယာစီးရေ | - | ၂၃၈၅၃ | စီး |
| ❖ တန်ဖိုး | - | ၂၀၁၂၄. ၉၉၅ | ကျပ်သန်း |

#### ရေလုပ်ငန်းသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးမှုအခြေအနေ

| | | | |
|---|---|---|---|
| ❖ တိုင်းဒေသကြီး/ပြည်နယ် | - | ၇ | ခု |
| ❖ မြို့နယ် | - | ၃၁ | မြို့နယ် |
| ❖ အသင်း | - | ၁၅၂ | သင်း |
| ❖ အသင်းသား | - | ၂၅၅ | ဦး |
| ❖ ရေလုပ်ငန်းသုံးစက်ကိရိယာ | - | ၂၈၇၄၂၄ | ခု |
| ❖ တန်ဖိုး | - | ၂၂၈၃. ၈၁၇ | ကျပ်သန်း |

#### ဒေဒုံလယ်ယာသုံး စက်ကိရိယာနှင့် အခြားလယ်ယာသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံးစက်ကိရိယာများ စုစုပေါင်းရောင်းချပေးမှုအခြေအနေ

| အမျိုးအစား | အရေအတွက်(စီး) | တန်ဖိုး (ကျပ်သန်း) | ပိုင်ဆိုင်မှု(စီး) |
|---|---|---|---|
| ❖ ဒေဒုံလယ်ယာသုံးစက်ကိရိယာ | ၂၅၅၉ | ၅၈၄၄၉. ၈၃၁ | ၁ |
| ❖ အခြား | ၃၂၉၁၂၆ | ၇၁၀၆၆. ၂၂၂ | ၄၁၃၇ |
| ✻ လယ်ယာသုံး | ၁၇၈၄၉ | ၄၈၆၅၇. ၄၁၀ | ၂၁၃ |
| ✻ လုပ်ငန်းသုံး | ၂၃၈၅၃ | ၂၀၁၂၄. ၉၉၅ | ၃၉၂၂ |
| ✻ ရေလုပ်ငန်းသုံး | ၂၈၇၄၂၄ | ၂၂၈၃. ၈၁၇ | ၂ |
| ❖ စုစုပေါင်း | ၃၃၁၆၈၅ | ၁၂၉၅၁၆. ၀၅၃ | ၄၁၃၈ |

သမဝါယမကဏ္ဍမှ အချိန်တိုကာလအတွင်း ပြည်သူများထံသို့ ဒေဒုံလယ်ယာသုံးစက်ပစ္စည်း ၂၅၅၉ စီး၊ ပြည်တွင်းဈေးကွက်အတွင်းမှ ပြည်သူများနှစ်သက်ရာ အခြားလယ်ယာသုံးစက်ပစ္စည်း ၁၇၈၄၉ စီး၊ စုစုပေါင်း ၂၀၄၀၈ စီး အား အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၎င်းတို့အနက် လယ်ယာသုံးစက်ပစ္စည်း ၂၁၄ စီး၊ လုပ်ငန်းသုံး ၃၉၂၂ ခုနှင့် ရေလုပ်ငန်းသုံးပစ္စည်း ၂ ခု အပါအဝင် စုစုပေါင်း လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်း ၄၁၃၈ စီးတို့မှာ ငွေအပြေအကျေ ပေးဆပ်ပြီးဖြစ်၍ အသင်းသားတောင်သူ/ ပြည်သူများကိုယ်ပိုင် ဖြစ်သွားပြီဖြစ်ရာ ပြည်သူများ၏ လူမှုစီးပွားအတွက် အထောက်အကူပြုသည့်အပြင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် တက်လှမ်းနိုင်ရန် အထောက်အကူပြုလျက်ရှိသည်။

**ယနေ့အထိ သမဝါယမက အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် ဆောင်ရွက်ပြီးစီးမှုတိုင်းတွင် အသင်းသားတောင်သူ/ပြည်သူများက ပေးဆပ်ရသည့် သတ်မှတ်ကာလတိုင်း အပြေအကျေပေးဆပ်လျက်ရှိသည်။**

## သမဝါယမက မြန်မာ့တောင်သူလယ်သမားများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေးနှင့်ဆင်းရဲမှုလျှော့ချရေးကြိုးပမ်းဆောင်ရွက်မှုတစ်ရပ်ဖြစ်သည့် အရစ်ကျ ငွေချေစနစ် (Hire Purchase) ဖြင့် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများကို ရောင်းချပေးခဲ့ရာတွင် ကာလတိုအတွင်း အကျိုးဖြစ်ထွန်းမှုရှိသည်ကို အောက်ဖော်ပြပါ တောင်သူဦးကြီးများ၏ ရင်တွင်းစကားသံက အခိုင်အမာသက်သေပြလျက်ရှိပါသည် -

### စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ် လော့်ကားကျေးရွာ၊ ဇေယျာသုခစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသားဦးကျော်သန်းနိုင်ပြောကြားသည့် ရင်တွင်းစကားသံ

ကျွန်တော့်အနေနဲ့ ဒေဒံ ၄၅ ကောင် ထွန်စက်တစ်စီးကို သမဝါယမအရစ်ကျငွေချေစနစ်နဲ့ ၂၃. ၁. ၂၀၁၅ နေ့မှာ ဝယ်ယူခဲ့ပါတယ်၊ စက်တန်ဖိုးက ၁၇၁ သိန်းကျော်ဖြစ်တဲ့အတွက် ဝယ်ဝယ်ချင်း စက်တန်ဖိုးရဲ့ ၁၀%၊ ၁၇ သိန်း ၁သောင်းကျော်ပေးသွင်းပြီး ၆ နှစ် အရစ်ကျစနစ်နဲ့ ဝယ်ယူလုပ်ကိုင်ခဲ့တယ်။ ကျွန်တော်တို့လော့်ကားကျေးရွာ အနေအထားအရ ထယ်ခုံနဲ့ဆိုရင် ၁ နာရီကို ၁၂၀၀၀ ကျပ်နှုန်း၊ ရိုတာနဲ့ဆိုရင် ၁၆၀၀၀ ကျပ်နှုန်း၊ လယ်ထဲမှာရေထွန်ရင် ၁၈၀၀၀ ကျပ်နှုန်းနဲ့ မောင်းပါတယ်၊ ခုချိန်ထိ စက်ဝယ်ပြီးတဲ့ ၁၀ လအတွင်းမှာ နာရီ ၁၄၀၀ မောင်းပြီးဖြစ်တဲ့အတွက် ၁၉၁ သိန်းကျော် ဝင်ငွေရရှိပြီးဖြစ်ပါတယ်၊ ကုန်ကျစရိတ်အနေနဲ့ ဒီဇယ်ဖိုးက ၁ နာရီကို ၁ ဂါလန်ကုန်တဲ့အတွက် ၃၄၀၀ ကျပ်၊ စက်မောင်းလုပ်အားခ ၁ နာရီကို ၁၀၀၀ ကျပ် ပေးရပါတယ်၊ ကျွန်တော့်အနေနဲ့ ကိုယ်တိုင်မောင်းရတာဖြစ်တဲ့အတွက် စက်မောင်းခ သက်သာပါတယ်၊ ဆောင်ရွက်ခဲ့တဲ့ကာလအတွင်း အထွေထွေကုန်ကျစရိတ်အဖြစ် အင်ဂျင်ဝိုင်ကို နာရီ ၂၀၀ ပြည့်ရင် ၁ ကြိမ်လဲတဲ့အတွက် ၇ ကြိမ်လဲရာမှာ ငွေ ၁၁၉၀၀၀ ကျပ် ကုန်ကျခဲ့တဲ့အတွက် ၁ နာရီအပေါ် ပျမ်းမျှ ၃၀၀ ကျပ်ခန့် ကုန်ကျပါတယ်၊ အားလုံးပေါင်းမှာ ၁ နာရီကုန်ကျစရိတ်စုစုပေါင်း ၄၃၀၀ ကျပ်ခန့်ရှိလို့ စက်မောင်းနေရရင် ပျမ်းမျှ ၁ နာရီဝင်ငွေကျပ် ၁၀၀၀၀ ကျန်ပါတယ်၊ ဒီနေ့အထိအသားတင်ဝင်ငွေဟာ သိန်း ၁၄၀ ရနေပါပြီ၊ ဒါကြောင့် အခုလာမယ့်ဇန်နဝါရီလကုန်မှာ ၁ နှစ်ပြည့်တော့မှာဖြစ်တဲ့အတွက် စက်တန်ဖိုးနဲ့ အတိုးနှစ်ရပ်ပေါင်း ၂၃ သိန်း ၉ သောင်းကျော်ကို လွယ်လင့်တကူ အခက်အခဲမရှိပေးသွင်းနိုင်မဲ့အပြင် ပိုငွေအခြေအနေပေါ်ကြည့်ပြီး လာမယ့် ၆ လအရစ်အတွက်ပါ ကြိုတင်ပေးသွင်းဖို့ စဉ်းစားထားပါတယ်၊ လာမယ့် ၆ လမှာ အရင်းငွေ ၁၄ သိန်းကျော်ကို ကြိုတင်ပေးသွင်းနိုင်ရင် အတိုးပေးရငွေ သက်သာမှာဖြစ်တဲ့အတွက် ကြိုးစားပြီးသွင်းမှာဖြစ်ပါတယ်၊ ဒီစက်တန်ဖိုး ၁၇၁ သိန်းကျော်ကို ၁ ကြိမ်ထဲနဲ့ ပိုက်ဆံပေးဝယ်ရမယ်ဆိုရင် ကျနော်တို့တောင်သူတွေအနေနဲ့ ဝယ်နိုင်မှာမဟုတ်ပါဘူး၊ အခုလို အရစ်ကျစနစ်နဲ့ဝယ်ယူနိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ သမဝါယမကို ကျေးဇူးတင်ပါတယ်။

### မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဒါန်းကျေးရွာ၊ ဒါန်းမြို့လယ် စိုက်/ထုတ်သမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးမြင့်ဟန်ပြောကြားသည့် ရင်တွင်းစကားသံ

ကျွန်တော့်ရဲ့လယ်ယာလုပ်ငန်းခွင်မှာ အသုံးပြုဖို့ ထွန်စက်ဝယ်ယူချင်နေတာကြာပါပြီ။ ဒါပေမယ့် ထွန်စက်ဝယ်ယူဖို့ အခက်အခဲဖြစ်နေပါတယ်။ အခု သမဝါယမလမ်းကြောင်းကနေ အရစ်ကျငွေချေစနစ်နဲ့ ဒေဒံ ၆၀ HP လယ်ထွန်စက် (၁)စီးကို ဝယ်ယူခဲ့ပါတယ်။

လယ် (၁)ဧကရဲ့ ကုန်ကျစရိတ်ဟာ ဒီဇယ်ဆီဖိုး (၄၅၀၀) ကျပ် ဝန်းကျင်ပဲ ကုန်ကျပါတယ်။ ရိုတာနဲ့ထွန်မယ်ဆိုရင် တစ်နေ့ပျမ်းမျှ (၁၀) ဧကမှ (၁၅) ဧကအထိပြီးပါတယ်။ ထယ်နဲ့ဆိုရင်တော့ (၈)ဧကမှ (၁၀)ဧကထိပြီးပါတယ်။ နွားနဲ့ထွန်မယ်ဆိုရင် ထယ်ခဲမာရင် ထယ်ရေးမညက်ပါဘူး။ စက်နဲ့ထွန်တဲ့အခါ ထယ်ခဲမာရင်လည်း စက်အားနဲ့ဆိုတော့ ထယ်ရေးညက်ပါတယ်။ ဒါကြောင့် စက်နဲ့အသုံးပြုတဲ့အတွက် သီးနှံအထွက်တိုးပါတယ်။ စက်နဲ့ထွန်ယက်စိုက်ပျိုးရတဲ့အတွက် သီးနှံပိုမိုပြီးအထွက်တိုးခြင်း၊ အချိန်ကုန်သက်သာခြင်းများ ရရှိခဲ့ပါတယ်။ မိမိကျေးရွာတွင်သာမက အခြားမြို့နယ်များသို့လည်း ထွန်စက်အငှားလိုက်ရခြင်းတို့ကြောင့် မိသားစုဝင်ငွေလည်းရရှိပြီး မိသားစုစီးပွားရေးလည်း ပိုမိုကောင်းမွန်လာပါတယ်။ စီးပွားရှာတဲ့နေရာမှာလည်း အဆင်ပြေတဲ့အတွက် အရစ်ကျငွေချေစနစ်နဲ့ ပေးဆပ်ရမဲ့အချိန်တိုင်းမှာ အခက်အခဲမရှိ ပေးဆပ်နိုင်ပါတယ်။



Daedong လယ်ယာသုံးစက်ကိရိယာပစ္စည်းများလက်တွေ့မောင်းနှင်သရုပ်ပြစဉ်



အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသည့် လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများ

### ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ခတ်ချိုကျေးရွာ၊ သိန်းသန်းထွန်း လယ်ယာနှင့်အထွေထွေသမဝါယမအသင်းမှ အသင်းသား ဦးဇော်ဝမ်းပြောကြားသည့် ရင်တွင်းစကားသံ

ကျွန်တော့်မှာ လယ်ဧက (၃၀)ရှိပါတယ်။ သမဝါယမက အရစ်ကျငွေချေစနစ်နဲ့ ရောင်းချပေးတဲ့ ကိုရီးယားနိုင်ငံ ဒေဒုံကုမ္ပဏီကထုတ်လုပ်တဲ့ မြင်းကောင်ရေ (၉၀)အားရှိတဲ့ ထွန်စက်ကြီးတစ်စီးကို (၆)လပိုင်းတုန်းက ဝယ်ယူရရှိခဲ့ပါတယ်။ စက်တန်ဖိုးကတော့ ကျပ်သိန်း (၃၀၀) ကျော်ပါတယ်။ တောင်သူများအနေနဲ့က တစ်ခါတည်း ငွေအကျေချေဖို့ဆိုတာ ဘယ်လိုမှမတတ်နိုင်ပါဘူး။ စက်တန်ဖိုး (၁၀%) လက်ငင်းပေးပြီး (၇) နှစ် အရစ်ကျရောင်းချပေးလို့ ဝယ်ယူဖြစ်ခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးချိန်မှာ ကျနော့လယ်အပြင် အခြားသူတွေရဲ့ လယ်ဧက (၁၀၀) ကိုလည်း အငှားထွန်ယက်နိုင်ခဲ့လို့ အပိုဝင်ငွေရရှိခဲ့ပါတယ်။ (၁)ဧက ထွန်ယက်ခ (၃၀၀၀၀) ကျပ် ရရှိပြီး ဆီဖိုးနှင့် လုပ်အားခ (၁၀၀၀၀) ကျပ် ကုန်ကျပါတယ်။ ဒီစက်နဲ့ လမ်းပြင်၊ မြေညှိတွေလည်း လုပ်လို့ရတဲ့အတွက် လွန်စွာအကျိုးကျေးဇူးရရှိပါတယ်။

### လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး အထောက်အကူပြုနေသည့် " သမဝါယမ "

သမဝါယမက ရာသီလည်းမီ၊ အလုပ်လည်းတွင်၊ အလေအလွင့်လည်းနည်း၊ လုပ်သားရှားလည်းမှုစရာမလို၊ အရင်းအတွက်လည်း ပူစရာမရှိအောင် တောင်သူများ၏လိုအပ်ချက်ဖြစ်သည့် လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် တောင်သူများရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ တောင်သူလယ်သမားများလိုအပ်သည့် လယ်ယာလုပ်ငန်းသုံးစက်ကိရိယာများကို သမဝါယမက ဖြည့်ဆည်းပေးပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအပါအဝင် အခြားဆက်စပ်ဌာန အဖွဲ့အစည်းများမှ စိုက်ပျိုးရေရရှိရေးဆောင်ရွက်ပေးခြင်း၊ မြေယာပြုပြင်ရာတွင် နည်းပညာပေးကူညီခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ပေးခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပေါင်းစပ်ပေးနေခြင်းများဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပီပြင်စွာကူးပြောင်းသွားနေသည်ကို တွေ့ရှိနေရပြီဖြစ်သည်။

### အရစ်ကျငွေချေစနစ် (Hire Purchase) အနာဂတ်ရည်မှန်းချက်

- ပထမအဆင့် ကျေးရွာတိုင်းတွင် လယ်ထွန်စက်တစ်စီးရှိအောင် ဆောင်ရွက်ရန် ၊
- ထိုမှတဆင့် လယ်ယာလုပ်ကိုင်သူမိသားစုတိုင်း လယ်ယာသုံးစက်ကိရိယာ သုံးစွဲနိုင်ပြီး စက်မှုလယ်ယာသို့ တက်လှမ်းရောက်ရှိအောင် ဆောင်ရွက်ရန် ၊
- လယ်ယာကုန်ထုတ်လုပ်ငန်းသမဝါယမအသင်းများ ထူထောင်ပြီး တန်ဖိုးကြီးစက်များဖြင့် လယ်ယာလုပ်ငန်း ဝန်ဆောင်မှုပေးနိုင်အောင် ဆောင်ရွက်ရန် ၊
- လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် လယ်ယာမြေများပြုပြင်ပြီး စက်မှုလယ်ယာစနစ်ကို ကူးပြောင်းနိုင်အောင် ပူးပေါင်းဆောင်ရွက်ရန်၊
- လယ်ယာသုံး၊ လုပ်ငန်းသုံးများအပြင် အိမ်သုံး၊ လူသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ဆောင်ရွက်ရန်။

## တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး သမဝါယမဖြင့်ဆောင်ရွက်ပေး

# ဂင်းနစ်စံချိန်ဆုလေးဆု ဆွတ်ခူးသွားတဲ့ လီဝမ်ဒေါစကီး

ပိုလန်နိုင်ငံသား ဘိုင်ယန်မြူးနစ် တိုက်စစ်မှူး လီဝမ်ဒေါစတီးဟာ ယခုနှစ် ဘွန်ဒက်စ်လီဂါမှာ သိသိသာသာခြေစွမ်းပြကစားလာတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ စက်တင်ဘာလအတွင်း ဝုဖ်ဘတ်နဲ့ကစားတဲ့ပွဲမှာ အနိုင်ဂိုးငါးဂိုးသွင်းယူနိုင်ခဲ့မှုနဲ့ ပတ်သက်ပြီး ဂင်းနစ်စံချိန်တင်ဆုလေးဆု ဆွတ်ခူးသွားခဲ့ပါတယ်။ ရောဘတ်လီဝမ်ဒေါစကီးဟာ ဒီပွဲမှာ ကိုးမိနစ်အတွင်း ငါးဂိုးသွင်းယူသွားခဲ့တာပါ။ ဒါဟာ ကစားသမားတိုင်း လုပ်နိုင်တဲ့ အလုပ်မဟုတ်ပါဘူး။ သူဟာ အမြန်ဆုံးသွင်းယူနိုင်တဲ့ ပက်ထရစ်ဆု၊ ကိုးမိနစ်အတွင်းမှာ လေးဂိုးနဲ့ငါးဂိုးသွင်းယူနိုင်တဲ့ဆုတွေနဲ့ လူစားအလဲခံရပြီး ဂိုးအများဆုံးသွင်းယူနိုင်တဲ့ ဆုတွေ ဆွတ်ခူးသွားနိုင်ခဲ့တဲ့ အတွက် ဆုလေးဆုဆွတ်ခူးနိုင်ခဲ့ပါတယ်လို့ ဆိုပါတယ်။ ဘွန်ဒက်စ်လီဂါသမိုင်းမှာတော့ စံချိန်တင်တဲ့ဂိုးသွင်းယူမှု ဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝမ်ဒေါစကီးဟာ လူစားလဲဝင်ကစားပြီး ဂိုးအများဆုံးသွင်းယူခဲ့သူ ဖြစ်ပါတယ်။




# လာလီဂါ အကောင်းဆုံး ဆွတ်ခူးခဲ့တဲ့ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ

ပြီးခဲ့တဲ့ ရာသီက ဘာစီလိုနာအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားကိုပါ ဆွတ်ခူးပေးလိုက်တဲ့ တိုက်စစ်မှူး မက်ဆီကို စပိန်လာလီဂါဆုပေးအပ်ခဲ့ပါတယ်။ မက်ဆီဟာ စပိန်လာလီဂါ အကောင်းဆုံးဆု ဆွတ်ခူးနိုင်ခဲ့တဲ့အပြင် အကောင်းဆုံးတိုက်စစ်မှူးဆုကိုပါ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ စပိန်လာလီဂါဆု ခုနစ်ကြိမ်ပေးခဲ့ရာမှာ ခြောက်ကြိမ်တိုင် မက်ဆီက ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဘာစီလိုနာနည်းပြလူးဝစ်အန်းနရစ်က အကောင်းဆုံးနည်းပြဆု ဆွတ်ခူးပြီး ဘရာဗိုက အကောင်းဆုံးဂိုးသမားဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ရီးရဲမက်ဒရစ် နောက်တန်းကစားသမား ဆာဂျီယိုရာမို့စ်ကတော့ သုံးနှစ်ဆက်တိုက်အကောင်းဆုံး နောက်တန်းကစားသမားဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ စီရော်နယ်ဒိုကတော့ ပရိသတ်ပေးတဲ့ အကောင်းဆုံးဆု ဆွတ်ခူးနိုင်ပါတယ်။ ဒါပေမယ့် ဒီဆုကို စီရော်နယ်ဒို တက်ရောက်ယူခဲ့ခြင်းမရှိပါဘူး။ ရာမို့စ်က လက်ခံပေးခဲ့တာ ဖြစ်ပါတယ်။






# မန်ယူ၊ မန်စီးတီးတို့ အမှတ်ပြည့်ရဦးမယ့်ပွဲစဉ်(၁၅)

*ဒီတစ်ပတ်ရဲ့ ပရီမီယာလိဂ်ပွဲစဉ် (၁၅) ကိုတော့ ဒီဇင်ဘာ ၅ရက်နဲ့ ၆ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာလည်း အသင်းကြီးတွေ အမှတ်ရဖို့ ခက်ခဲနေဦးမှာဖြစ်ပြီး မျှော်လင့်ချက်ပြည့်ဝဖို့ဆိုတာ ခြေကုန်ဖွင့်ကစားမှုရမှာဖြစ်ပါတယ်။ မန်ယူအနေနဲ့ ခြေတက်လာတဲ့ ဝက်စ်ဟမ်းနဲ့တွေ့ရမှာဖြစ်သလို ချယ်လ်ဆီးတို့က အိမ်ကွင်းမှာ ဘုန်းမောက်နဲ့ကစားရမှာမို့ ကြွေတစ်လက် ကြက်တစ်ခုန်အချိန်အတွင်းမှာ နည်းပြမော်ရင်ဟိုအတွက် ရင်တုန်လှိုက်မောစရာ အဖြစ်အပျက်တွေ ပေါ်ထွက်လာဦးမလားဆိုတာကလည်း စိတ်ဝင်စားစရာ ကောင်းနေပါတယ်။*

**မိုးမြင့်လင်းလက်**

**မန်ယူနှင့်ဝက်စ်ဟမ်း**

မန်ယူဟာ ဝက်စ်ဟမ်းနဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့တဲ့ရလဒ်ပိုင်းကို ကြည့်ရင် မန်ယူတို့ သုံးပွဲနိုင်ပြီးနှစ်ပွဲသရေဖြစ်ထားပါတယ်။ မန်ယူကွင်းမှာဆိုရင် အိမ်ရှင်တို့ အနိုင်ရတဲ့ အစဉ်အလာရှိနေပြီး အဲဒီမှတ်တမ်းကို ဒီပွဲမှာလည်း ဆက်လက်ရေးထိုးနိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ လောလောဆယ် ခြေစွမ်းကိုကြည့်ရင် ဝက်စ်ဟမ်းတို့ရလဒ်တွေဆိုးရွားနေပြီး မန်ယူတို့ကလည်း သရေပွဲတွေဆက်နေပါတယ်။ တန်းစီဇယားကို ဦးဆောင်ဖို့အတွက် မန်ယူတို့ အမှတ်ပြည့်ယူပြီး အောင်ပွဲခံပါလိမ့်မယ်။

**စတုတ်နှင့်မန်စီးတီး**

ဆောက်သမ်တန်ကို အိမ်ကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရယူခဲ့တဲ့ မန်စီးတီးတို့ဟာ တန်းစီဇယားကို ဦးဆောင်နေပြီး စတုတ်တို့ကတော့ အိမ်ကွင်းမှာ တိုက်စစ်ရော ခံစစ်ပါ ကျဆင်းနေပါတယ်။ စတုတ်တိုက်စစ်မှူးတွေက ပြိုင်ဘက်ခံစစ်မှူးတွေကို ကျော်ဖြတ်နိုင်ကြပေမယ့် အဆုံးသတ်ဂိုးသွင်းမှု အားနည်းနေဆဲဖြစ်ပါတယ်။ မန်စီးတီးတို့ကတော့ ဒီပွဲမှာ ဘိုနီ၊ ကွန်ပနီတို့ ဆက်လက်လွဲချော်နေဦးမှာဖြစ်ပြီး ပါဝင်ကစားဖို့ မလွယ်သေးပါဘူး။ ဒါပေမယ့် တိုက်စစ်အားကောင်းတဲ့ မန်စီးတီးဟာ ဒီပွဲကို ရလဒ်ကောင်းနဲ့အတူ ကျော်လွှားပါလိမ့်မယ်။

**အာဆင်နယ်နှင့်ဆန်းဒါးလန်း**

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ အာဆင်နယ်ကွင်းဖြစ်ပေမယ့် ဆန်းဒါးလန်းတို့ ဂိုးမရှိ သရေပွဲကစားနိုင်ခဲ့တာ သတိပြုရမှာဖြစ်ပါတယ်။ လောလောဆယ်ခြေစွမ်းကိုကြည့်ရင်တော့ ဆန်းဒါးလန်းတို့က တန်းဆင်းဇုန်မှာရှိနေပြီး ပွဲတိုင်းနီးပါး ရှုန်းကန်နေရပါတယ်။ အာဆင်နယ်တို့ကတော့ အိမ်ကွင်းမှာဆိုရင် အမှတ်ဆုံးရှုံးမှုနည်းအောင် ကစားနိုင်တာမို့ အခုပွဲဟာ အိမ်ရှင်အတွက် အခြေအနေကောင်းမယ့်ပွဲပါပဲ။

**ချယ်လ်ဆီးနှင့်ဘုန်းမောက်**

အခုအချိန်အထိ ရလဒ်တွေ ကမောက်ကမ ဖြစ်နေဆဲဖြစ်တဲ့ ချယ်လ်ဆီးတို့ကတော့ ဘုန်းမောက်ကို ဖိအားပေးကစားနိုင်ပါလိမ့်မယ်။ ခြေစွမ်းဆက်တိုက်ကျဆင်းနေတဲ့ ဘုန်းမောက်တို့ကတော့ အခုပွဲမှာ ချယ်လ်ဆီးရဲ့ အနိုင်ရလိုစိတ်ပြင်းပြင်းအောက်မှာ ဂိုးမပြတ်ရေး အာရုံစိုက်ရုံကလွဲပြီး တခြားမျှော်လင့်ချက်ထားလို့မရတဲ့ပွဲ ဖြစ်ပါတယ်။

**ဆောက်သမ်တန်နှင့်ဗီလာ**

မန်စီးတီးကို ရှုံးခဲ့တဲ့ ဆောက်သမ်တန်တို့က အခုပွဲကိုတော့ အနိုင်ကစားပါလိမ့်မယ်။ ဗီလာတို့ရဲ့ အားထုတ်မှုက ကျေနပ်စရာမရှိပေမယ့် ဆောက်သမ်တန်တို့ကို အကျပ်အတည်းတွေ့အောင် ကစားနိုင်ပါတယ်။ တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့ ကြိုးစားနေပေမယ့် လက်ရှိခြေစွမ်းအရ မလွယ်ပါဘူး။ ဆောက်သမ်တန်တို့ရဲ့ နိုင်ပွဲရလိုစိတ်ပြင်းထန်မှုအောက်မှာ အမှတ်ဗလာနဲ့ အိမ်ပြန်ရပါလိမ့်မယ်။

**ဆွမ်ဆီးနှင့်လက်စတာ**

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးပွဲမှာ လက်စတာက နှစ်ပွဲနိုင်ပြီး ဆွမ်ဆီးတို့က သုံးပွဲနိုင်ထားပါတယ်။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာတော့ လက်စတာက နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရထားပါတယ်။ ဒါပေမယ့် ဒီနှစ် ပရီမီယာလိဂ်မှာ အဝေးကွင်းရှုံးပွဲမရှိသေးတဲ့ လက်စတာရဲ့ အားထုတ်မှုက ဒီပွဲရလဒ်ကောင်းကို ပိုင်ဆိုင်ခွင့်ရမှာ ဖြစ်ပါတာယ်။

**ဝက်စ်ဖို့ဒ်နှင့်နော့ဝှစ်ချ်**

ဝက်စ်ဖို့ဒ်နဲ့ဆုံတိုင်း နော့ဝှစ်ချ်တို့ နိုင်ပွဲရတာများပါတယ်။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ နော့ဝှစ်ချ်တို့က သုံးဂိုးပြတ်နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာလည်း ဝက်စ်ဖို့ဒ်တို့ အပြင်းအထန် ခုခံကာကွယ်ရဖို့ ရှိနေပါတယ်။ ကစားအားကောင်းနေတဲ့ နော့ဝှစ်ချ်ရဲ့ အသင်းလိုက်စုစည်းမှုက အမှတ်စုဆောင်းခွင့်ပေးမှာမဟုတ်ပါဘူး၊ ဒီပွဲမှာ ဝက်စ်ဖို့ဒ်တို့ အမြင့်ဆုံးမျှော်မှန်းနိုင်တာကတစ်မှတ်ပါပဲ။ ။

# ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ဆန်ခါတင်စာရင်း ဆွာရက်ဇ်ပါသင့်ဟု မက်ဆီနှင့် နေမာတို့ပြောဆို

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုဖြစ်တဲ့ (Ballon & Or) ဆန်ခါတင်သုံးဦးစာရင်းကို ထုတ်ပြန်လိုက်ပြီ ဖြစ်ပါတယ်။ မက်ဆီ၊ နေမာနဲ့ စီရော်နယ်ဒိုတို့ သုံးဦးကို ဆန်ခါတင်စာရင်းမှာ ထည့်သွင်းကြေညာလိုက်ပြီ ဖြစ်ပါတယ်။ ဒီဆန်ခါတင်စာရင်းမှာ ဆွာရက်ဇ်လည်း ပါဝင်သင့်တယ်လို့ ကစားဖော်တွေဖြစ်တဲ့ မက်ဆီနဲ့နေမာတို့က အခိုင်အမာပြောဆိုလိုက်ပါတယ်။ လာလီဂါအကောင်းဆုံးဘောလုံးသမားဆုပေးပွဲမှာ မက်ဆီနဲ့ နေမာတို့က ပြောဆိုလိုက်တာပါ။ ဒီနှစ် စပိန်လာလီဂါရဲ့ အကောင်းဆုံးဘောလုံးသမားဆုကို ဘာစီလိုနာက ငါးဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ တိုက်စစ်မှူးဆွာရက်ဇ်ဟာ ပြီးခဲ့တဲ့နှစ်က လီဗာပူးမှ ထွက်ခွာခဲ့ပြီးတဲ့နောက် ဘာစီလိုနာအသင်းမှာ အဓိကခြေစွမ်းပြကစားခဲ့တဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။ မက်ဆီ၊နေမာနဲ့ ဆွာရက်ဇ်တို့ဟာ ဥရောပရဲ့အကောင်းဆုံး တိုက်စစ်အတွဲလို့ ဆိုပါတယ်။ ဒီအတွက် နေမာနဲ့မက်ဆီတို့က ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားစာရင်းမှာ ဆွာရက်ဇ်ပါသင့်တယ်လို့ အခိုင်အမာပြောဆိုခဲ့ပါတယ်။

ကောင်းမြတ်သူ > > စုစည်းသည်။



## Exim Bank ချေးငွေများ ပြန်လည်ကောက်ခံရေး ညှိနှိုင်း

**ချောင်းဦး ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်၌ မြို့နယ်သမဝါယမ ဦးစီးဌာနမှ စတုတ္ထအကြိမ်မြောက် ထုတ်ချေးပေးထားသည့် Exim Bankချေးငွေများပြန်လည်ကောက်ခံရေး ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၉ ရက်က မြို့နယ် သမဝါယမ အသင်းစုရုံး၌ ကျင်းပခဲ့သည်။

"ချောင်းဦးမြို့နယ်မှာရှိတဲ့ အခြေခံ သမဝါယမ အသင်းပေါင်း ၁၁၀ အနက် ၇၆ သင်းကို စတုတ္ထအကြိမ် Exim Bank ချေးငွေအဖြစ် ငွေကျပ် ၁၇၄၇၇ ဒသမ ၄ သိန်းကို တစ်ကျပ်ခွဲအတိုးနှုန်းနဲ့ ယခုနှစ် ဇူလိုင်လက ထုတ်ချေးပေးထားခဲ့ရာမှာ ဒီချေးငွေတွေဟာ ဒီဇင်ဘာလကုန်မှာ ကာလစေ့ရောက်တော့မှာ ဖြစ်တဲ့အတွက် သတ်မှတ်ကာလအတွင်းမှာ ပေးဆပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးတာဖြစ်ပါတယ်"ဟု မြို့နယ် သမဝါယမဦးစီးအရာရှိ ဒေါ်အိအိဇင်က ပြောပြသည်။

Exim Bank ချေးငွေ ချေးထားသည့်အသင်းသားတစ်ဦးက"ကျွန်တော်တို့ စတုတ္ထအကြိမ် Exim Bank ချေးငွေ ချေးယူစဉ်က စိုက်ပျိုးစရိတ်အတွက် အထောက်အကူဖြစ်ခဲ့ပြီး အကျိုးရှိခဲ့ပါတယ်။ ယခု ပြန်လည်ပေးဆပ်ချိန် ရောက်တဲ့အခါမှာလည်း မိုးစပါးနဲ့ ရာသီပေါ်သီးနှံတွေ ရိတ်သိမ်းပြီး ဖြစ်တာကြောင့် ပြန်လည်ပေးဆပ်ဖို့ အဆင်ပြေပါတယ်"ဟု ပြောသည်။ **ယုယုဝင်း(ပြန်/ဆက်)**

# ပါဆာသဘာဝနယ်မြေ၌ ရှားပါးလိပ်မျိုးစိတ်များ ဘေးမဲ့လွှတ်

**ဝမ်ပုံ ဒီဇင်ဘာ ၂**

တာချီလိတ်ကုန်သွယ်ရေးစခန်း ထုတ်နုတ်မှုဘိုင်းအဖွဲ့မှ သိမ်းဆည်းရမိပြီး မြို့နယ်သစ်တောဦးစီးဌာန၌ အမှုဖွင့်ဆောင်ရွက်ထားသည့် ရှားပါးလိပ်ကြက်တူရွေးမျိုးစိတ် ၃၈ ကောင် ဘေးမဲ့လွှတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီခွဲက မိုင်းဖုန်းနယ်မြေ ဝမ်ပုံကျေးရွာအုပ်စု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနပိုင် ပါဆာသဘာဝနယ်မြေ၌ ကျင်းပခဲ့သည်။

တာချီလိတ်ကုန်သွယ်ရေးစခန်း ဦးစီးမှူး ဦးဇော်မင်းထွေးနှင့် အဖွဲ့ဝင်များ၊ ဒုရဲမှူးအောင်စိုးမိုး၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီးလှဝင်းနှင့် ဝမ်ပုံဘိနယ်တာဝန်ခံရုံးမှ သစ်တောဝန်ထမ်းများ၊ ဝမ်ပုံကျေးရွာသူကြီး ဦးအိုက်လာနှင့် မီဒီယာများပါဝင်သော အဖွဲ့စုံဖြင့် ပါဆာသဘာဝနယ်မြေ၊ ပါဆာချောင်းအတွင်း၌ ရှားပါးလိပ်ကြက်တူရွေးမျိုးစိတ် ၃၈ ကောင်ကို ဘေးမဲ့လွှတ်ခဲ့ပြီး အသေတစ်ကောင်ကို စနစ်တကျ ကျင်းတူးမြှုပ်ခဲ့ကြသည်။

အဆိုပါ ရှားပါးလိပ်ကြက်တူရွေး မျိုးစိတ်များကို တာချီလိတ်ကုန်သွယ်ရေးစခန်း ထုတ်နုတ်မှုဘိုင်းအဖွဲ့မှ ဦးစီးအရာရှိ ဦးရည်ချွန် ဦးစီးအဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် ညနေ ၅ နာရီ မိနစ်၂၀ က သက်သေများနှင့်အတူ မိုင်းဆတ်-တာချီလိတ်သွားလမ်း လွယ်တော်ခမ်းအုပ်စု ဟွေ့ရဲလမ်းဆုံ၌ မသင်္ကာဖွယ်ဆိုင်ကယ်တစ်စီးကို စစ်ဆေးရာ ဆိုင်ကယ်သမားက မှောင်းနှင့်ထွက်ပြေးလွတ်မြောက်သွားပြီး ဆိုင်ကယ်ပေါ်မှပြုတ်ကျခဲ့သော လိပ်ကြက်တူရွေးမျိုးစိတ် အရှင် ၃၈ ကောင်နှင့်အသေတစ်ကောင်ကို သိမ်းဆည်းရမိပြီး မြို့နယ်သစ်တောဦးစီးဌာနသို့ အပ်နှံအမှုဖွင့်ဆောင်ရွက်ထားသော ရှားပါးလိပ်ကြက်တူရွေးမျိုးစိတ်များဖြစ်ကြောင်း သိရသည်။ **(၀၁၅)**



## တောင်သူပညာပေး ဆင်းသွယ်လတ်စံပြကွက်ရိတ်သိမ်း

**သံတွဲ ဒီဇင်ဘာ ၂**

တောင်သူပညာပေးဆင်းသွယ်လတ် ၁၀ ဧကစံပြကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ၂၉ ရက်က သံတွဲခရိုင် သံတွဲမြို့နယ် သာယာကွင်းကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၂၁၂ တောင်သူဦးလှလင်း၏ ဆင်းသွယ်လတ်မျိုးသန့်စိုက်ခင်း၌ ကျင်းပခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်ဦးစီးမှူးဦးတင်ဝင်းမောင်၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်တင်မြင့်ရီ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်စန်းစန်းလွင်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက မျိုးကောင်းမျိုးသန့်များစနစ်တကျစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းကောင်းပြီး ဒေသဝင်ငွေတိုးတက်လာမည့်အခြေအနေများကို ရှင်းလင်းပြီးဆင်းသွယ်လတ်မျိုးသန့် ၁၀ ဧကစံပြကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် ပျမ်းမျှ ၁၁၃ ဒသမ ၁၇ တင်းနှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## သီးပွင့်ဆဲဘိန်းခင်းများဖျက်ဆီး

**နောင်တရား ဒီဇင်ဘာ ၂**

နောင်တရားမြို့နယ် လွယ်မောအုပ်စု ထီးပုံးတောင်ရွာ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ နောင်တရားနယ်မြေရဲစခန်းမှ ရဲအုပ်အောင်နိုင်ထူး ဦးစီးတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များ လုံခြုံရေးလိုက်ပါဆောင်ရွက်ပြီး ထီးပုံးတောင်ရွာလူကြီးနှင့် ရွာသားတို့သည် သီးပွင့်ဆဲဘိန်းခင်း ၁၅ ဧက၊ နှစ်လက်မအရွယ် ဘိန်းခင်း ၁၇ ဧက စုစုပေါင်း ၃၂ ဧက တို့ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၈/၂၀၁၅)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် Multi Grade Diesel Engine Oil 15 W 40 CF4/SG (40) Drums Opender No.MPPE/POL/T/1 (2015-2016) ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၁၂-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့်ပိတ်မည့်အချိန်** - ၁၆-၁၂-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

---

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## ၁၆/၂၀၁၅-၂၀၁၆ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၆-၁၂-၂၀၁၅ရက်မှ ၁၇-၁၂-၂၀၁၅ရက်အထိ ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး (၄၁၉၅)တန်ခန့်၊ သစ်မာသစ်လုံး (၂၃၄၅၉)တန်ခန့်၊ ကျွန်းခွဲသား (၅၁)တန်ခန့်၊ သစ်မာခွဲသား (၂၀၁)တန်ခန့်၊ (ပိတောက်/တမလန်းသစ်များပါဝင်ပါသည်။)

(ဂ) **ရောင်းချမည့်နေရာ** - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber. com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ တို့တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ၊ ပြည်တွင်းရောင်း/စက်**

---

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)မှ အောက်ဖော်ပြပါ ရေနံထွက်ပစ္စည်းများအား တင်ဒါစနစ်ဖြင့် ရောင်းချလိုပါသည်-

(က) ကတ္တရာကုန်ကြမ်း (၉၇၅.၈၅၉)မက်ထရစ်တန်
(ခ) အရည်အသွေးမမီဒီဇယ်ဆီ (၇၆၇၃၀)ဂါလန်
(ဂ) ရေနံချေး(TC) (၇၁၅၀၀၉)ဂါလန်
(ဃ) ရေနံမီးသွေး(အောက်ကျုံး) (၅၅)မက်ထရစ်တန်
(င) မီးထိုးဆီ(FO) (၈၈၈၆)ဂါလန်
(စ) ဆီပျက်(Slop Oil) (၃၆၂၆၅)ဂါလန်

| စဉ် | အကြောင်းအရာ | တင်ဒါပုံစံရောင်းချမည့်ရက် | တင်ဒါပိတ်မည့်ရက်/အချိန် | တင်ဒါဖွင့်မည့်ရက်/အချိန် |
|---|---|---|---|---|
| (က) | ကတ္တရာကုန်ကြမ်း | ၇-၁၂-၂၀၁၅ | ၁၅-၁၂-၂၀၁၅ | ၁၅-၁၂-၂၀၁၅ |
| (ခ) | အရည်အသွေးမမီဒီဇယ်ဆီ | | (၁၂း၀၀)နာရီ | (၁၄း၀၀)နာရီ |
| (ဂ) | ရေနံချေး(TC) | ၇-၁၂-၂၀၁၅ | ၁၆-၁၂-၂၀၁၅ | ၁၆-၁၂-၂၀၁၅ |
| (ဃ) | ရေနံမီးသွေး | | (၁၂း၀၀)နာရီ | (၁၄း၀၀)နာရီ |
| (င) | မီးထိုးဆီ(FO) | ၇-၁၂-၂၀၁၅ | ၁၇-၁၂-၂၀၁၅ | ၁၇-၁၂-၂၀၁၅ |
| (စ) | ဆီပျက်(Slop Oil) | | (၁၂း၀၀)နာရီ | (၁၄း၀၀)နာရီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄) နေပြည်တော်နှင့်**
**ဘဏ္ဍာရေးဌာန(ရန်ကုန်ရုံး)၊ အမှတ်(၇)(က)သန်လျှက်စွန်းလမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၉-၅၀၄၁၆၈၁**

---

# မြန်မာနိုင်ငံဗိသုကာအသင်းထုတ်ပြန်ကြေညာချက်

- ရန်ကုန်စက်မှုတက္ကသိုလ်/နည်းပညာတက္ကသိုလ်နှင့် အခြားသောပြည်တွင်းရှိ နည်းပညာတက္ကသိုလ်များမှ ဗိသုကာဘွဲ့ရရှိထားသူများအနေဖြင့် မြန်မာနိုင်ငံ ဗိသုကာကောင်စီမှ လျှောက်လွှာခေါ်ယူထားသော မှတ်ပုံတင်ဗိသုကာ(Registered Architect) လာရောက်လျှောက်ထားနိုင်ပါသည်။
- မကြာမီကာလအတွင်း ဗိသုကာကောင်စီမှ လျှောက်ထားသောမှတ်ပုံတင်ဗိသုကာ စာရင်း(Registered Architect)များကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ မလျှောက်ထားရသေးသူများအနေဖြင့် ဒီဇင်ဘာ ၁၄ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ လျှောက်ထားကြပါရန် တိုက်တွန်းအပ်ပါသည်။
- (RA)လျှောက်ထားသူများအနေဖြင့် (RA)လျှောက်လွှာတင်သွင်းသည်နှင့် တစ်ပြိုင်နက် မြန်မာနိုင်ငံဗိသုကာအသင်းသို့ အသင်းဝင်(Member)ဝင်ရောက်ရမည်ဖြစ်ပါသည်။
- ထို့အပြင် ၁၉၈၈ခုနှစ်မတိုင်မီ ရန်ကုန်စက်မှုတက္ကသိုလ်ခေတ်တွင် ဗိသုကာဘွဲ့ရရှိထားပြီး ဗိသုကာလုပ်ငန်းကို လက်ရှိလုပ်ကိုင်နေသူများအနေဖြင့် မဖြစ်မနေ အမြန်ဆုံးလျှောက်ထားကြပါရန် မြန်မာနိုင်ငံဗိသုကာအသင်းမှ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံဗိသုကာအသင်း**
**တိုက်(၂၂၈/၂၃၄)၊ တတိယထပ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာန၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉-၇၈၂၁၂၀၅၄၃၊ ၀၉-၇၃၁၅၄၄၆၀**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မကွေးတက္ကသိုလ်-မကွေးမြို့
# ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

မကွေးတက္ကသိုလ်နှင့် ရေနံချောင်းဒီဂရီကောလိပ်တို့မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင်ကျင်းပခဲ့သော ဥပဒေပညာ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ (ဂုဏ်ထူး)ဘွဲ့၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ ၂၀၁၅ခုနှစ် မေလတွင်ပြီးစီးခဲ့သော မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ မဟာဥပဒေ(ဘွဲ့)၊ မဟာသုတေသန(ဘွဲ့)၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ ၂၀၁၅ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများအတွက် မကွေးတက္ကသိုလ်၏ (၁၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်း၍ လျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

**တက်ရောက်ဘွဲ့ကြေး** - ၁၅၀၀ိ/(ကျပ်တစ်ထောင့်ငါးရာတိတိ)
**အဝေးရောက်ဘွဲ့ကြေး** - ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ)
**လျှောက်လွှာတင်သွင်းရမည့်ရက်** - ၁-၁၂-၂၀၁၅ ရက်မှ ၃၀-၁၂-၂၀၁၅ ရက်အထိ

**မှတ်ချက်**

၁။ သတ်မှတ်လျှောက်လွှာပုံစံဖြင့် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် တင်သွင်းလျှောက်ထားရမည်။
၂။ လွန်ခဲ့သည့်(၃)လအတွင်း ရိုက်ကူးထားသော (၂"×၁½")ဓာတ်ပုံသုံးပုံပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပြီး မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံစနစ်တကျဝတ်ဆင်၍ သပ်ရပ်စွာ ရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရပါမည်။
၃။ သတ်မှတ်ဘွဲ့ကြေးများကို မကွေးတက္ကသိုလ် ငွေကိုင်ဌာနတွင်ပေးသွင်းရပါမည်။
၄။ ရပ်ဝေးမှပေးပို့သူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"** ဟုဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာစသည်များကို တိကျစွာဖော်ပြ၍ **"ပါမောက္ခချုပ် မကွေးတက္ကသိုလ်"**သို့ လိပ်မူ၍ လျှောက်ထားရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
၅။ ဥပဒေပညာအထူးပြုနှင့် ဘူမိဗေဒအထူးပြုဘာသာရပ်များဖြင့် ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ဘွဲ့လျှောက်လွှာတင်သွင်းသည့် အချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူနှစ်မျိုးလုံးပါရှိရမည်ဖြစ်ပြီး ကျန်အထူးပြုဘာသာရပ်များမှ ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူပါရှိမှသာလျှင် ဘွဲ့လျှောက်လွှာများကို လက်ခံပေးမည်ဖြစ်ပါသည်။
၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်ရက်မှ နောက်(၆)လပြည့်သည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
၇။ အသေးစိတ်အချက်အလက်များကို မကွေးတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာန ဖုန်း-၀၆၃-၂၃၁၉၃ တွင် စုံစမ်းနိုင်ပါသည်။

**(လှလှအေးမြင့်)**
**လက်ထောက်မော်ကွန်းထိန်း၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**မကွေးတက္ကသိုလ်**

---

# ပွဲစားမလို

**မြန်မာ့ဂုဏ်ရည်ကွန်ဒို** A(31)၊ အခန်း (1203) 1860 စတုရန်းပေ အသင့်ပြင်ဆင်ပြီး ၃၅၀၀သိန်း၊ အထက်ပန်းဆိုးတန်းလမ်း

**ယုနိုက်တက်ကွန်ဒို** အခန်း (510): စတုရန်းပေ ၁၂၅၀ ရောင်းဈေး ၂၀၀၀ သိန်း။
အခန်း (111) မြေညီထပ်၊ စတုရန်းပေ ၂၅၀၀ ရောင်းဈေး ၃၀၀၀ သိန်း။
**မှတ်ချက်။** ထပ်ခိုးပါ၊ ဒဂုံမြို့နယ်

**ရွှေဖြူကွန်ဒို** အခန်း 7 (A+C) 25' x 90' အသင့်ပြင်ဆင်ပြီး၊ ရောင်းဈေး ၂၂၅၀ သိန်း။
အမှတ် (၁၀၀)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊
အမှတ်(34)၊ ရတနာလမ်း၊ မြေညီထပ်၊
ဥတ္တလစ်၊ 20' x 45'၊ ရောင်းဈေး ၁၁၀၀ သိန်း။

**ဖုန်း-၀၉-၇၉၉၂၂၂၈၉၀**

---

# Excarator ရောင်းမည်

Caterpillar 320B
အင်ဂျင်အသစ်ကိုင်ပြီး (အသုံးပြုဆဲ)
Good Condition (350) သိန်း
**ဖုန်း-၀၉-၅၀၄၃၈၃၉၁၊ ၀၉-၂၅၀၉၀၆၇၅၀**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
## (ဘွိုင်လာစစ်ဆေးရေး)
# ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ဘွိုင်လာစစ်ဆေးရေး)မှ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်းကို ၅-၁-၂၀၁၆ရက်မှ ၁၁-၂-၂၀၁၆ရက်ထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ ၄င်းသင်တန်းကို ဌာနဆိုင်ရာဝန်ထမ်းမဟုတ်သော ပြင်ပမှတက်ရောက်လိုသူ မည်သူမဆို ၁-၁-၂၀၁၆ ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဘွိုင်လာစစ်ဆေးရေးသင်တန်းဌာန** - အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၅၁၉၈၇၊ ၀၉-၂၅၉၀၉၄၅၀၉၊ ၀၉-၅၅၀၇၀၀၉

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံးတော်၌
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၇၀

ဒေါ်နန်းအေးမြင့် **နှင့်** ၁။ ဦးကွမ်းစိန်(ခ)ဦးမြင့်ဇော်
၂။ ဒေါ်နွယ်နွယ်ခိုင်

**တရားလို** **တရားပြိုင်များ**

(၁) ဦးကွမ်းစိန်(ခ)ဦးမြင့်ဇော်၊ (၂) ဒေါ်နွယ်နွယ်(အတူနေလင်မယား) ၈၄ လမ်း၊ ၃၁-၃၂ ကြား အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်နန်းအေးမြင့်က ပေးဆပ်ရန်ကျန်ငွေ သိန်း(၁၁၁၀) နှင့် နစ်နာကြေး သိန်း(၄၀)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၁ရက် (၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့ မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် နိုဝင်ဘာ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဆောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

---

# အများသိစေရန်အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ အမှတ်(၁) ကြေးနီလုပ်သားမြို့နေ ဒေါ်ခင်စန်းကြည် ၈/သရန(နိုင်)၀၅၁၀၆၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန်းကြည်မှာ စုကြေးငွေလုပ်ငန်းနှင့် အတိုးနှင့်ချေးငွေလက်ခံသည့်လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြောင်း၊ ထိုလုပ်ငန်းတွင် အစုဝင်အဖြစ်ပါဝင်သော ငွေကြေးစုဆောင်းသူများနှင့် အတိုးနှင့် ချေးငွေပေးအပ်ထားသူများလည်းရှိနေကြောင်း၊ ထိုသူများအပေါ် ကျွန်ုပ်တို့၏မိတ်ဆွေက အတိုးငွေမှန်မှန်ပေးဆပ်ခဲ့သကဲ့သို့ စုကြေးငွေများကိုလည်း မှန်ကန်စွာပေးအပ်ခဲ့ကြောင်း၊ သို့သော်လည်း စုကြေးဝင်အချို့က စုကြေးငွေများကို မှန်ကန်စွာ လက်ရောက်ထည့်သွင်းခြင်းမရှိတော့သဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှာ ထိုလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ရန် မတတ်နိုင်တော့ကြောင်း၊ မည်သို့ပင်ဆိုစေ ကျွန်ုပ်တို့၏မိတ်ဆွေက ထိုသို့ စုကြေးငွေထည့်ဝင်ထားသူများနှင့် အတိုးနှင့်ချေးငွေထုတ်ပေးထားသူများအား ဥပဒေနှင့်အညီ ပြန်လည်ပေးဆပ်ရန်ဆုံးဖြတ်ထားကြောင်း၊ ထိုသို့ပေးဆပ်နိုင်ရေးအတွက်လည်း ၄င်းပိုင်ဆိုင်သော မုံရွာမြို့၊ မြို့သစ်ရပ်ကွက်ရှိ ဝင်းမြေနှင့်အဆောက်အအုံကို ထုခွဲရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထိုသို့ရောင်းချပြီးလျှင်ပြီးချင်း ပေးရန် ရရန်ရှိသူအားလုံးနှင့်တွေ့ဆုံ၍ နစ်ဖက်စာရင်းရှင်းလင်းပေးဆပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ပေးဆပ်ရန် ကြိုးစားဆောင်ရွက်နေစဉ် အချိန်အတွင်း ကျွန်ုပ်တို့၏ မိတ်ဆွေအပေါ် စာနာနားလည်စိတ်နှင့် စောင့်ဆိုင်းပေးကြပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဝင်းတင် (စဉ်-၆၂၄၆)** | **ဒေါ်ထက်ထက်ဝင်း (စဉ်-၉၈၃၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **နန္ဒဝန်ရပ်ကွက်၊ ကျွန်းရွှေဝါလမ်း** | **နန္ဒဝန်ရပ်ကွက်၊ ဗိုလ်တေဇလမ်း** |
| **မုံရွာမြို့** | **မုံရွာမြို့** |

---

# ဘူမိအင်ဂျင်နီယာသင်တန်းအပတ်စဉ်(၁၅)နှင့် အဆင့်မြင့်မြေတိုင်းသင်တန်း အပတ်စဉ်(၁၀) သင်တန်းဖွင့်လှစ်ခြင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနနှင့် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း ဘူမိအင်ဂျင်နီယာကော်မတီတို့မှ ပူးပေါင်းဖွင့်လှစ်သင်ကြားသော ဘူမိအင်ဂျင်နီယာသင်တန်း အပတ်စဉ်(၁၅)ကို လာမည့်ဒီဇင်ဘာ ၁၈ရက် သောကြာနေ့တွင်လည်းကောင်း၊ အဆင့်မြင့်မြေတိုင်းသင်တန်း အပတ်စဉ်(၁၀)ကို လာမည့်ဒီဇင်ဘာ ၁၉ရက် စနေနေ့တွင်လည်းကောင်း၊ ရန်ကင်းမြို့နယ် ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)တွင် သင်တန်းအသီးသီးဖွင့်လှစ်ပို့ချမည်ဖြစ်ပါသဖြင့် တက်ရောက်လိုသော သင်တန်းသားတို့သည် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းရုံး (အခန်း ၃၀၃၊ တတိယထပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ဖုန်း-၀၉-၄၅၀၀၅၁၃၁၀၊ ၀၉-၇၉၉၆၉၈၁၂၈၊ ၀၉-၄၂၃၇၂၁၂၁၆၊ ၀၁-၅၁၉၆၇၄ to ၇၆ လိုင်းခွဲ ၅၀၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်း၍ လာရောက်အပ်နှံနိုင်ပါသည်။

**(သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။)**

---

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ပန်းတိမ်တန်း၊ ဦးပိုင်အမှတ်(၆၇)၊ မြေကွက်အမှတ်(၁၂၆)၊ ဧရိယာ ၀ဒသမ ၀၆၁၈ကေသည် ဖခင် ဦးကျော်မြင့်အမည်ဖြင့် ၃၁-၈-၁၉၉၄ မှ ၃၀-၈-၂၀၁၄ ရက်အထိ နှစ် ၃၀ ဂရန်ရရှိခဲ့ပြီး မြေငှားဂရန်စာချုပ်မူရင်းမှာ အမှန်တကယ် ပျောက်ဆုံးသွားပါသဖြင့် ဦးကျော်မြင့်၏ သား/သမီးဖြစ်ကြသော ဦးစောမင်းမြင့် ၉/မထလ(နိုင်)၀၂၀၀၂၄ ပါ(၄)ဦးမှ မြေငှားဂရန်မိတ္တူထုတ်ခွင့်ပြုပါရန် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက မိမိတို့၏ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား

**ပုဂ္ဂလိကလုပ်ငန်းရှင်များမှ အသစ်ရောက်ရှိလာမည့် တွဲ၊ စက်ခေါင်းများဖြင့် ပြေးဆွဲမည့် လူစီးအမြန်ရထား၏ တွဲထိန်းနှင့် တွဲသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူခြင်း**

၁။ မြန်မာ့မီးရထားသည် ခရီးသည်ဝန်ဆောင်မှုအဆင့်တိုးမြင့်နိုင်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ အသစ်ရောက်ရှိလာမည့် တွဲ၊ စက်ခေါင်းများဖြင့် ပြေးဆွဲမည့် လူစီးအမြန်ရထား၏ တွဲထိန်းနှင့် တွဲသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် အဆင့်မြင့်သန့်ရှင်းမှုနှင့် တွဲထိန်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၂။ စိတ်ဝင်စားသူ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများသည် တင်ဒါအဆိုပြုလွှာတွင် လုပ်ငန်းစဉ်အား အဆိုပြုဖော်ပြလျက် အောက်ပါအထောက်အထား၊ အချက်အလက်များနှင့်အတူ မြန်မာ့မီးရထား၊ ဒု-အထွေထွေမန်နေဂျာ(ထောက်ပံ့) ပစ္စည်းထိန်းချုပ်၊ ဗိုလ်တထောင်သို့ ( ၅.၁.၂၀၁၆ )ရက်(၁၆:၀၀)နာရီ နောက်ဆုံးထား၍ ပေးပို့ပါရန် ဖိတ်ခေါ်ပါသည်။

(က) ပုဂ္ဂလိကလုပ်ငန်းရှင်အမည်နှင့် အဖွဲ့အစည်းအမည် (မြန်မာနိုင်ငံသားပိုင်ဖြစ်ရမည်) သို့ရာတွင် (လုပ်ငန်းကျွမ်းကျင်မှုလိုအပ်ချက်အရ နိုင်ငံခြားကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(မိတ္တူပူးတွဲ)နှင့် ဆက်သွယ်ရန်လိပ်စာ
(ဂ) ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ(မိတ္တူပူးတွဲ)
(ဃ) လုပ်ငန်းလိုင်စင်(မိတ္တူပူးတွဲ)
(င) လုပ်ငန်းတည်နေရာ(လိပ်စာအပြည့်အစုံ)
(စ) လုပ်ငန်းဆိုင်ရာအတွေ့အကြုံအသေးစိတ် (ပူးတွဲဆောင်ရွက်နိုင်မည့် နိုင်ငံခြားကုမ္ပဏီရှိလျှင် ထိုကုမ္ပဏီ၏ အတွေ့အကြုံဖော်ပြရန်)
(ဆ) ဘဏ္ဍာရေးခိုင်မာမှုနှင့် ပိုင်ဆိုင်မှုအထောက်အထား(မိတ္တူပူးတွဲ)
(ဇ) ဆောင်ရွက်မည့်လုပ်ငန်းအစီအမံ( Conceptual Plan) ပူးတွဲပါ(က) အစီအစဉ်ကို မှီငြမ်းတင်ပြနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း အောက်ပါ တယ်လီဖုံးနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

( ၀၆၇ - ၇၇၀၅၄ ၊ ၀၆၇ - ၇၇၁၇၆ ၊ ၀၁-၃၈၅၆၄၈ )

၄။ တင်ဒါပုံစံများကို အောက်ပါဌာနတွင် (၄.၁၂.၂၀၁၅)နေ့မှ စတင်၍ ရုံးချိန်အတွင်းစုံစမ်းဝယ်ယူနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊
ကုန်သည်လမ်း နှင့်သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း -294352 , 291994.

---

# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၅)လမ်း၊ အမှတ်(၂၂၂)နေ
ဦးအောင်မြင့် - ဒေါ်စောအေးကြည်
တို့၏သားလတ်

## မောင်ရန်နိုင်စိုး(ခ)DJ ပိုင်ပြည့်
**B.Sc(Chemistry)**
**Zone -7 Collection**

နှင့်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇောတိကလမ်း၊ အမှတ်(၇၄၉)နေ
ဦးတင်ညွန့် Vice Chairman (Jewellery Luck Group of Companies)-ဒေါ်ကြည်ကြည်ဝင်း
တို့၏တစ်ဦးတည်းသောသမီး

## မသင်းသဇင်
**B.Pharm**
**Director (Jewellery Luck Group of Companies)**

တို့၏

၂၂-၁၁-၂၀၁၅ရက် ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မင်္ဂလာနာယကကြီးအဖြစ် လက်ထပ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေနှင့်ဇနီး ဒေါ်နန်းနှင်းဆီ၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးသောင်းထိုက်မင်း (Vice Chairman, Jewellery Luck Group of Companies)နှင့်ဇနီး ဒေါ်လွှင်လွှင်မော်(Executive Director, Jewellery Luck Group of Companies)၊ ဦးဇော်ဇော်ပိုင်(ခ)တေးသံရှင်ဇော်ပိုင်နှင့် ဇနီးဒေါ်မီမီနေမင်းဝင်း၊ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးများ ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိတ်သင်္ဂဟတို့အားလည်းကောင်း၊ ၂၃-၁၁-၂၀၁၅ ရက် ရန်ကုန်မြို့၊ အသောက သီတဂူကျောင်းတိုက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၇-၁၁-၂၀၁၅ရက် Sule Shangri-La, Hotel, Yangon ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၏ဇနီး ဒေါ်ဆွေဆွေချစ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီနှင့်ဇနီး ဒေါ်ဥမ္မာကို၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးကျော်စိန်(Chairman, Jewellery Luck Group of Companies)နှင့်ဇနီး ဒေါ်အကြူ၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ဧည့်သည်တော်များအား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်များ ပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် မေတ္တာဖြင့်ဆောင်ရွက်ပေးပါသော ဒေါ်တင်မိုးလွင် (Talents & Models Agency)၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဖျော်ဖြေပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်၊ ရောင်စဉ်လှိုင်း တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော သမီးလေး ရွှေဝတ်မှုံလွင်နှင့် Tina၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော မော်ဒယ်နှင့် သရုပ်ဆောင်အေးချမ်းမိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးပါသော မော်ဒယ်နှင့် သရုပ်ဆောင်ဆုမြတ်နိုးဦး၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မော်ဒယ်နှင့်သရုပ်ဆောင် ခေးဆက်သွင်၊ မင်္ဂလာသတို့သားအရံများအဖြစ် ဆောင်ရွက်ပေးပါသော Presenter ကိုသက်ပိုင်၊ မော်ဒယ်နှင့်သရုပ်ဆောင် ကိုရဲဟိန်း၊ မင်္ဂလာသတို့သမီးအရံများအဖြစ်ဆောင်ရွက်ပေးပါသော မော်ဒယ် Browm@ခင်ညိုသင်းနှင့် ဆုလှဲ့ရတီ(Talents & Models)၊ မင်္ဂလာပန်းအလှဆင်ကိုဆွေနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံများ ဖန်တီးစီစဉ်ပေးပါသော ကိုပြည်စိုးအောင်၊ မင်္ဂလာလက်ဝတ်လက်စားဆင်မြန်းပေးပါသော ဦးသိန်းဝင်းနှင့်ဇနီး(Diamond Star Jewellery )တို့အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်ပြင်ဆင်ပေးပါသော စိမ့်စိမ့်နှင့်အဖွဲ့၊ Lighting အလှဆင်ပေးသော ကိုရဲမြင့်(Myanmar Audio Light)မင်္ဂလာပွဲအခမ်းအနား အလှဆင်ပေးပါသော ကိုခင်မောင်ဆင့်နှင့် အဖွဲ့၊ မင်္ဂလာအခမ်းအနားအား အစအဆုံးစီစဉ်ဆောင်ရွက်ပေးပါသော မြေးဦးခင်နှင့် နိုနို၊ ပုဂံတွင် Prewedding ဓာတ်ပုံရိုက်ကူးပေးပါသော ကိုကျော်သူ@ Fred (Now Studio)၊ ရန်ကုန် Prewedding နှင့် ဓာတ်ပုံဘောင်များ၊ Accessories များအား မေတ္တာဖြင့်ကူညီပံ့ပိုးပေးပါသော Michael Aung (Arts Studio)၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားအား ဓာတ်ပုံနှင့် ဗီဒီယို မှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုဝေလင်း(Love Diary)နှင့်အဖွဲ့၊ ဓာတ်ပုံရိုက်ကူးပေးပါသော Michael Aung (Arts Studio) နှင့် Lone Lone မင်္ဂလာဧည့်ခံပွဲအခမ်းအနား Documentary နှင့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် Video ဖြင့် မှတ်တမ်းတင်ရိုက်ကူးပေးပါသော ဒါရိုက်တာ သည်ခေတ်နေ၊ မင်္ဂလာအခမ်းအနားတွင် LED ဖြင့် ကူညီပေးပါသော ကိုသူရ၊ မင်္ဂလာဖိတ်စာနှင့် မင်္ဂလာလက်ကမ်းလက်ဆောင်မွန်များ စီစဉ်ဆောင်ရွက်ပေးပါသော Padauk (Things For You) နှင့် Dagon ပုံနှိပ်တိုက်၊ မင်္ဂလာအခမ်းအနားအား အစအဆုံး အောင်မြင်စွာကူညီပံ့ပိုးဆောင်ရွက်ပေးကြသော Sule-Shangrila Hotel မှ အထွေထွေမန်နေဂျာ၊ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ရန်နိုင်စိုး@ DJ ပိုင်ပြည့်နှင့် မသင်းသဇင်**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ကမာရွတ်မြို့မရဲစခန်းဝင်းနေ ဦးဆင်ပေါက်၏သား ဦးခင်မောင်ဝင်း(ခ)ဦးတင်မောင်ဝင်း ၁၂/ဒဂတ(နိုင်)၀၄၄၄၇၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးခင်မောင်ဝင်း(ခ)ဦးတင်မောင်ဝင်း**

### အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကမ်းဖြူရွာနေ ဦးမောင်၏ အမည်မှန်မှာ ဦးလှထွန်း ၉/ကပတ(နိုင်)၀၇၄၆၇၀ ဖြစ်ကြောင်း။

### ဝယ်လိုသည်
- ကားအပ်ပြီးစလစ်၊
- ယာဉ်အိုနှစ်(၂၀)အပ်ကား၊
- မြန်မာမီနီ(Taxi)

**ဖုန်း-၀၉-၄၄၈၀၀၇၃၇၇**

### အမည်မှန်
ဦးချစ်ပို၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ရာဇဂြိုဟ်ရွာ၊ အထက(ခွဲ)၊ ပဋ္ဌမတန်းမှ မောင်နိုင်ဖြိုးသက်၏ အမည်မှန်မှာ မောင်လှိုင်မျိုးထက် ဖြစ်ပါကြောင်း။
**မောင်လှိုင်မျိုးထက်**

### ဒိုးဝိုင်းချောင်းနေ ဦးမန်ခန့်ပုမ်နှင့် အများသိစေရန်ကြေညာချက်
ဒိုးဝိုင်းချောင်းနှင့် ရန်ကုန်မြို့နေ ဒေါ်ညောင်ခန့်ကျိန် ၅/ကလထ(နိုင်)၁၈၄၁၁၂ ၏ ညွှန်ကြားချက်နှင့် တာဝန်ပေးချက်အရ ကြေညာအပ်ပါသည်။
ကလေးမြို့၊ ဒိုးဝိုင်းချောင်းရွာ အရှေ့လားသော်လမ်း၊ အနောက်လားသော် ဒမ်ရှန်းကန်၊ တောင်လားသော်လမ်း၊ မြောက်လားသော်လမ်း၊ နယ်လေးရပ်အတွင်းရှိ နှစ်ထပ်အိမ်နှင့်ဝင်းမြေသည် ဒေါ်ညောင်ခန့်ကျိန်၏ တစ်ဦးတည်းပိုင် အိမ်နှင့်ဝင်းဖြစ်ပါသည်။ ၄င်းအိမ်နှင့်ဝင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းသော်လည်းကောင်း၊ ခွဲခြမ်းစိတ်ဖြာရောင်းချခြင်းသော်လည်းကောင်း၊ အစောင့်အိမ်ငှား အိမ်စောင့်တို့အား ဖယ်ရှားခြင်းသော်လည်းကောင်း၊ ခြံဝင်းအတွင်းမှ သီးနှံနှင့်အိမ်များ ဖျက်ဆီးခြင်းသော်လည်းကောင်း၊ ပိုင်ရှင် ဒေါ်ညောင်ခန့်ကျိန် မသိဘဲ မပြုလုပ်ရန်ဤကြေညာစာဖြင့် တားမြစ်ပါသည်။ ဖောက်ဖျက်ပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ပါသည်။

**တာဝန်ပေးလွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေဇော်ဦး LL.B**
**အထက်တန်းရှေ့နေ(စဉ်-၃၅၃၇၂)**
**ဘုရားသုံးဆူလမ်း၊ ညောင်ပင်သာရပ်ကွက်၊**
**ကလေးမြို့၊ ဖုန်း-၀၉-၄၇၀၇၃၆၇၁၊ ၀၉-၄၀၀၄၆၄၈၂၃၊ ၀၉-၄၄၈၅၄၅၂၂၀**

### မြေရောင်းမည်
### (အကျိုးဆောင်မလို)
6011 Sqft
အင်းလျားမြိုင်လမ်း၊
ရွှေတောင်ကြား
**ဖုန်း-၀၉-၂၅၄၂၁၈၀၇၇၊**
**၀၉-၅၁၉၇၁၃၃**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ G၊ မြေကွက်အမှတ်(V၇)၊ အကျယ်အဝန်းပေ(၂၅×၅၀)၊ ၀ ဒသမ ၀၂၈ ဧက၊ ၁၂၅၀စတုရန်းပေရှိ နှစ်၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ၁၀၅ လမ်း၊ အမှတ်(၅)၊ မြေညီထပ်(ခေါင်းရင်းခန်းအပေါ်ဘက်နှင့် ကပ်လျက်ရှိသော) ၁၂½ပေ×ပေ၅၀ ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်လျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးသန့် ၁၂/မဂတ(နိုင်)၀၃၆၄၉၄ ထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်အမည်ပါမြေကွက်နှင့် တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက် စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဦး LL.B,LL.M, M.Res(Law), D.B.L**
**အထက်တန်းရှေ့နေ(စဉ်-၃၆၉၃၃)**
**အမှတ်(၆)၊ ငါးလွှာ၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၆၉၈၃၆၊ ၀၉-၉၇၅၀၂၁၈၄၁**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃ယ/၆၈၇၁၇ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မူမူမြင့် ၇/ပခန(နိုင်)၀၇၃၇၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**လှိုင်သာယာမြို့နယ်တရားရုံးတော်**
**၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၂ နှင့်ဆက်နွယ်သည့်**
**၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈၇**

ဒေါ်သူဇာ **နှင့်** ဦးဝင်းလှိုင်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဦးဝင်းလှိုင် အမှတ် ၂၂၆၊ သမိန်ဗရမ်းလမ်းနှင့် တပင်ရွှေထီးလမ်းထောင့်၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၂ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သူဇာက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၉ ရက် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။
၂၀၁၅ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းကေသီဝင်း)**
**မြို့နယ်တရားသူကြီး**
**လှိုင်သာယာမြို့နယ်တရားရုံး**

### အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်ခြင်း
ဦးတင်အောင် ၁၂/တမန(နိုင်)၀၅၀၈၉၈၊ ဒေါ်ခင်ခင်ကျော် ၁၂/ဥကမ(နိုင်)၁၈၄၈၉၁တို့၏သား အောင်သော်ဟိန်း ၇/ရတန(နိုင်)၁၀၆၈၇၃ သည် မိဘနှစ်ပါးအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူပါသဖြင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို (လုံး၀)လုံး၀ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။
**ဦးတင်အောင်-ဒေါ်ခင်ခင်ကျော်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၈ယ/၁၃၃၆၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၇)ရပ်ကွက်နေ ဦးအမြိုင်(ခ)ဦးမြိုင် ၁၂/စခန(နိုင်)၀၃၄၃၆၂-ဒေါ်စန်းစန်း ၁၂/စခန(နိုင်)၀၃၂၀၉၅တို့၏သား မောင်အောင်ကောင်းဖြိုး ၁၂/ဒဂမ(နိုင်)၀၁၄၆၉၃သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် ၂၆-၁၁-၂၀၁၅ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဦးအမြိုင်(ခ)ဦးမြိုင်-ဒေါ်စန်းစန်း**

## စစ်တက္ကသိုလ်ဆရာကြီး၊ ဆရာမကြီး(အငြိမ်းစား)များသို့ ပန်ကြားလွှာ

ချယ်ရီရိပ်ဖောင်ဒေးရှင်းသည် ၁-၈-၂၀၁၅ ရက်တွင် ပြင်ဦးလွင်မြို့၌ အခြေပြုဖွဲ့စည်းကာ ပြည်တွင်းအသင်းအဖွဲ့များ မှတ်ပုံတင်လက်မှတ်(ယာယီ/၀၀၈၁) ရရှိထားသော လူမှုရေး သက်သက် ပရဟိတဖောင်ဒေးရှင်းဖြစ်ပါသည်။

ဖောင်ဒေးရှင်းအနေဖြင့် စစ်တက္ကသိုလ်၌ စာပေပညာ၊ စစ်ပညာများသင်ကြားပေးခဲ့သည့် အငြိမ်းစား အသက်(၆၀)ကျော် ဆရာကြီး၊ ဆရာမကြီးများ(အရာရှိ၊ အခြားအဆင့်)၏ ကျန်းမာရေးနှင့် လူမှုရေးကိစ္စများကို စစ်တက္ကသိုလ်ကျောင်းသားဟောင်းများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ဖောင်ဒေးရှင်းက ကူညီထောက်ပံ့ရမည့်ဆရာများ၏ လက်ရှိနေရပ်လိပ်စာများအား ပြုစုနေဆဲဖြစ်ပါ၍ အငြိမ်းစားဆရာများအနေဖြင့် ဖောင်ဒေးရှင်းသို့ ဆက်သွယ်ပေးကြပါရန်နှင့် အသက်အပိုင်းအခြားအလိုက်ပမာဏသတ်မှတ်ကာ ပံ့ပိုးကန်တော့မည့် အစီအစဉ်တစ်ရပ်ရှိပါသဖြင့် မွေးသက္ကရာဇ်များမပေးရသေးသည့် ဆရာများအနေဖြင့် ထပ်မံဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

| | | |
|---|---|---|
| ပြင်ဦးလွင် | ဦးသိုးထိန်း(၂၂) | ဖုန်း-၀၉-၇၉၆၀၆၀၄၆၀ |
| | ဦးမြင့်ဝေ(၂၂) | ဖုန်း-၀၉-၇၉၁၁၄၀၈၈၅ |
| ရန်ကုန် | ဦးသန်းနိုင်ဦး(၂၂) | ဖုန်း-၀၉-၂၅၀၈၇၅၂၈၆ |
| မန္တလေး | ဦးမောင်မောင်အောင်(၂၅) | ဖုန်း-၀၉-၂၀၀၆၉၈၀ |
| နေပြည်တော် | ဦးမောင်မောင်လှ(၂၅) | ဖုန်း-၀၉-၈၅၁၀၃၂၂ |

ချယ်ရီရိပ်ဖောင်ဒေးရှင်း

---

**သုဒ္ဓဝိပဿနာရိပ်သာ(မှော်ဘီ)**
**(၁၃)ကြိမ်မြောက်**
**(၇)ရက်အထူးတရားစခန်း**

၂၅-၁၂-၂၀၁၅ ရက်မှ ၃၁-၁၂-၂၀၁၅ ရက်အထိ
၂၄-၁၂-၂၀၁၅ ရက်အရောက် တရားစခန်းဝင်ရန်

**ဆက်သွယ်စာရင်းပေးသွင်းရန် ဖုန်း-၀၉-၇၃၀၉၈၁၈၆၊ ၀၉-၇၈၉၀၈၅၀၃၆**

---

## အထက(ခွဲ)(၁)ဘားအံမြို့ (ယခင်စခန်းကျောင်း) ဒွါဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ဘားအံမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ ဒွါဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကိုလာမည့် ၃-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများစုံညီစွာ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပူဇော်ငွေထည့်ဝင်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်-

| | | |
|---|---|---|
| (၁) | ကျောင်းအုပ်ဆရာကြီး | ဖုန်း-၀၉-၇၉၁၅၆၆၇၄၂ |
| (၂) | ဒေါ်စန်းစန်းမြင့် | ဖုန်း-၀၉-၄၂၅၀၃၈၅၅၂ |
| (၃) | ဒေါ်ကျင်ဝင်း | ဖုန်း-၀၉-၈၇၃၀၂၃၆ |
| (၄) | ဒေါ်ခင်စန်းရွှေ | ဖုန်း-၀၉-၄၄၉၀၀၅၁၇၂ |
| (၅) | ဦးဇော်ကြီး | ဖုန်း-၀၉-၃၃၃၉၀၃၉၆ |

---

## ပျဉ်းမနားမြို့၊ ကန်နား အလက(၁) မြတ်ဆရာပူဇော်ပွဲကျင်းပရေးနှိုးဆော်လွှာ

ပျဉ်းမနားမြို့၊ ကန်နား အလက(၁)တွင် ပညာသင်ပေးခဲ့ကြသော ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ အသက်(၆၀)ပြည့် သက်ပြည့်ပင်စင်၊ လုပ်သက်ပင်စင်၊ ဆေးပင်စင်ခံစားနေကြသော ဆရာကြီး ဆရာမကြီးများအားလုံး ပူဇော်ကန်တော့ပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၆ရက် ကန်တော်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာများစာရင်းပြုစုဆောင်ရွက်နိုင်ရန်နှင့် တပည့်များမှ အလှူငွေများ ထည့်ဝင်ပေးနိုင်ရန်အတွက် အောက်ဖော်ပြပါဖုန်းများသို့ အချိန်မီ ဆက်သွယ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

| | |
|---|---|
| ဦးညီညီထူး | ဖုန်း-၀၆၇-၂၂၄၈၆ |
| ဦးစိုးမြင့်(စိုး/ပိုက်) | ဖုန်း-၀၉-၅၁၈၂၆၉၇ |
| ဒေါ်ခင်လှစိုး | ဖုန်း-၀၆၇-၂၂၈၄၄ |
| ဦးစိုးညွန့် | ဖုန်း-၀၉-၄၃၁၂၁၆၈၆ |
| ဒေါ်ဝါဝါလတ် | ဖုန်း-၀၉-၈၆၂၂၃၈၃ |
| ဦးအောင်ကျော်ဦး | ဖုန်း-၀၉-၄၄၈၅၄၁၈၄၆ |

---

**မအူပင်မြို့နယ်အသင်း(ရန်ကုန်)**
**နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး**
**သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ**

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ (၆၁)နှစ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်အနီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများ၊ အသင်းဝင်ပြီးသူများ၊ အသင်းမဝင်ရသေးသူများနှင့် မိသားစုသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသက်(၇၅)နှစ်ပြည့်ပြီး ကန်တော့ခံ အသင်းဝင်များ၊ (ပါရဂူဘွဲ့ရရှိကြသူများ၊ ၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သော အသင်းဝင်များ၊ အသင်းဝင်သားသမီးများသည် အမှတ်စာရင်း၊ အောင်လက်မှတ်မိတ္တူ (ပတ်စ်ပို့ဓာတ်ပုံတစ်ပုံနှင့်အတူ)များပေးပို့ရန်နှင့် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသူများသည် ရန်ကုန်မြို့တွင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာ ဦးစိန်မင်း ဖုန်း-၃၇၁၆၇၂ နှင့် ဦးအုန်းဖေ ဖုန်း-၄၅၀၃၉၂၊ အထွေထွေအတွင်းရေးမှူး ဦးမြင့်စိုး ဖုန်း-၀၉-၇၃၁၂၈၁၆၈၊ အတွင်းရေးမှူးများဖြစ်သည့် ဦးမြင့်သိန်း ဖုန်း-၀၉-၄၂၁၁၆၈၃၇၁ နှင့် ဒေါ်ကြည်သာမော် ဖုန်း-၀၉-၅၁၄၄၁၆၆၊ ဘဏ္ဍာရေးမှူး ဦးတင်ငြိမ်း ဖုန်း-၀၉-၇၉၉၂၄၂၇၉၂ နှင့် အမှုဆောင် ဦးစိန်မြင့် ဖုန်း-၅၆၅၅၇၀၊ မအူပင်မြို့တွင် ဦးသိန်းမောင် ဖုန်း-၀၄၅-၃၀၃၈၄ နှင့် ဦးပိုက် ဖုန်း-၀၉-၄၉၇၅၂၁၇၃ တို့သို့လည်းကောင်း နီးစပ်ရာအမှုဆောင်များထံသို့လည်းကောင်း ၂၀-၁၂-၂၀၁၅ ရက် နောက်ဆုံးထား၍ သတင်းပေးပို့ကြပါရန်နှင့် အလှူငွေများကိုလည်း ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း။

**အမှုဆောင်အဖွဲ့**
**မအူပင်မြို့နယ်အသင်း(ရန်ကုန်)**

---

# (3rd December, 2015)
# မွေးနေ့မင်္ဂလာဆုတောင်းလွှာ
## သားသားလေး မောင်အောင်ဘုန်းပြည့်ကျော် @ VICTOR
## Primary III, Ayeyarwaddy, International School

(၉)နှစ်ပြည့်မွေးနေ့မှသည်
“အောင်”မြင်တဲ့လူသား၊ “ဘုန်း”တန်ခိုးတိုးစေသား၊ “ပြည့်”ဝ စည်းစိမ်၊
“ကျော်”ကြားဂုဏ်ရှိန်လင်းစေသား။
